

စိတ်ကူးချိုချိုအနုပညာ



# ယုဝတီခင်ဦး

# ရွှေကြက်သံချို

## ဝတ္ထုတိုများ



ရွှေကြက်သံချို

ရွှေစင်ဦး

ရွှေနှာတံ မပေါ့တပေါ်

ဖွေးနုံ့ ကိုကို

ဆေးသိပ္ပံ မှတ်တမ်း

SHS0020

1,800.00 KS

၂၀ ရာစုအလယ်တစ်ဝိုက်
မြန်မာမဂ္ဂဇင်းများမှ
ထင်ရှားခဲ့သော
မြန်မာဝတ္ထုတိုဆရာများ၏
လက်ရာမွန်များ
အမှတ်တရစုစည်းသည့်
အစီအစဉ်။

စိတ်ကူးချိုချိုစာအုပ်

# ရွှေကြက်သံချို
# ဝတ္ထုတို ၅ ပုဒ်
# ယုဝတီခင်ဦး

၂၀ ရာစုအလယ်တစ်ဝိုက် မြန်မာမဂ္ဂဇင်းများမှ
ထင်ရှားခဲ့သော မြန်မာဝတ္ထုတိုဆရာများ၏ လက်ရာမွန်များ
အမှတ်တရစုစည်းသည့် အစီအစဉ်။

ပထမအကြိမ်၊ ၂၀၁၉

ရွှေကြက်သံချို ဝတ္ထုတို ၅ ပုဒ်၊ ယုဝတီခင်ဦး
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၃၀ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

# မာတိကာ


| | | |
|---|---|---|
| ၁။ | ရွှေကြက်သံချို | ၁ |
| ၂။ | ရွှေစင်ဦး | ၃၁ |
| ၃။ | ရွှေနှာတံ မပေါ့တပေါ | ၆၆ |
| ၄။ | ဖွေးနဲ့ ကိုကို | ၈၁ |
| ၅။ | ဆေးသိပ္ပံ မှတ်တမ်း | ၁၀၃ |
| – | ယုဝတီခင်ဦး၏ ကိုယ်ရေးအကျဉ်း | ၁၂၉ |


❒

## ရွှေကြက်သံချို

**မြစားတော်ဆက်**

အောက် အီး အီး အွတ်... တဲ့။

ရွှေကြက်သံကဖြင့် ချိုပေပြီ၊ မမြစိမ်းသည် ခြင်ထောင်တစ်ဖက်ကို အသာပင့်ကာ အိပ်ရာမှ အားယူ၍ ထလိုက်၏။ ကပိုကရိုနှင့် ပြေကျလာသော ဆံပင်တွေကို ပြန်၍ မထုံးနိုင်သေးဘဲ မှန်ပြတင်းပေါက်ကိုသာ တွန်းဖွင့်ကြည့်ရလေသည်။

အပြင်မှာတော့ နှင်းတွေက မှုန်၍နေ၏။ ကြယ်နီပွင့်အားမရှိတော့သလို အရောင်မှိန်ဖျော့နေသည်ဟု ထင်ရသည်။ ပန်းခင်းကို ဖြတ်၍ တိုက်လာသော လေပြည်ကို အရဏ်ဦးတွင် ရှူရှိုက်လိုက်ရသည်မှာ ရင်ထဲတွင် ရှိန်းခနဲ ချိုခနဲဖြစ်ပြီး အေးမြသွားစေ၏။

"အောက်–အီး–အီး–အွတ်"

နောက်တစ်ကြိမ်ထပ်၍ပင် ရွှေကြက်တောက မာလကာပင်ပေါ်မှ တွန်သံပေးလိုက်ပြန်လေပြီ။ မမြစိမ်းသည် ပြေလျော့၍ ဖွာကျနေသော ဆံပင်ကို ပြင်၍ထုံးပြီး ခေါင်းအုံးအောက်မှ မီးခြစ်နှင့် ဖယောင်းတိုင်ကို လက်နှင့်စမ်းကာ ယူလိုက်သည်။



"ဆိုင်ရှင်တို့ မရှိကြဘူးလား၊ တံခါးမြန်မြန် ဖွင့်စမ်းပါ... မြန်မြန်"

မမြစိမ်းသည် မီးအိမ်ကို ကမန်းကတန်းထွန်းပြီး အိမ်ရှေ့သို့ ပြေးထွက်လာခဲ့ရလေသည်။


"ဒေါ်ဒေါ်... အိမ်ရှေ့က ဘယ်သူလဲ မသိဘူး၊ ထစမ်းပါဦး"

အဒေါ်ကို အော်နှိုးလိုက်ရင်း အိမ်ရှေ့ပျဉ်ပေါက်ကြားမှ အပြင်ကို ချောင်းကြည့်တော့ ကုတ်အင်္ကျီဖားဖား၊ သက္ကလတ်ဦးထုပ်ပျော့ပျော့နှင့် လူတစ်ဦးသဏ္ဍာန်ကို မှုန်ဝါးဝါး တွေ့နေရလေသည်။

အဒေါ်သည် အိပ်မှုန်စုံမွှားနှင့်ထကာ အိမ်နောက်ဖေး ထမင်းချက် သမား အဘိုးကြီး လင်မယားရော၊ ပန်းကန်ဆေးသမားကိုပါ အော်ဟစ်ခေါ်နေ၏။

"ဘယ်သူလဲရှင့်... ဘာကိစ္စလဲ"

မမြစိမ်းသည် ပါးမုန်းမွှေးရေးရေး၊ မျက်ကွင်းချောင်ချောင်နှင့် မသဲမကွဲ ပျဉ်ပေါက်ကြားထဲမှ





မြင်နေရသော မျက်နှာကို စူးစိုက်ကြည့်ပြီး မေးရလေသည်။

"အိုဗျ... မြစားတော်ဆက်ဆိုတဲ့ ထမင်းဆိုင်ရယ်လို့ ဆိုင်းဘုတ်ကြီး အိမ်ရှေ့တပ်ထားပြီး လူကို ဘာကိစ္စရှိလို့လဲလို့ မေးရသလား၊ တံခါးမြန်မြန်ဖွင့်စမ်းပါဗျ၊ ကျုပ် ဖျားနေတယ်"

အပြင်ကလူက လက်ထဲက သားရေသေတ္တာကို ဝုန်းခနဲ ကြမ်းပြင်ပေါ်တွင် လွှတ်ချလိုက်ပြီး ဒေါနှင့်အော်ပြော၏။

"ဒီအချိန် ထမင်းမရောင်းသေးဘူးရှင့်"

မမြစိမ်းသည် မီးအိမ်ကို လက်တစ်ဖက်က ကိုင်ကာ ပူပူထူထူနှင့်ပြန်၍ အဖြေပေးလိုက်လေသည်။

"အို... ဒီအချိန် ထမင်းစားဖို့လာရအောင် ကျုပ်က မရူးသေးပါဘူးဗျာ၊ ငှက်ဖျားမိနေလို့ ထမင်းဆိုင်မှာ ခဏတည်းချင်လို့ပါ ဆိုင်ရှင်မမဖုရားရယ်၊ စကားများမနေစမ်းပါနဲ့၊ ကျုပ်မှာ ချမ်းလှပြီဗျ"

တဟီးဟီး တုန်တက်နေသော အပြင်က မျက်နှာစိမ်းလူကို မမြစိမ်းသည် ပါးစပ်ကလေး အပွင့်သားနှင့် ပျဉ်ကြားမှ ကြည့်နေမိ၏။

"အို... ကျုပ်တို့က ထမင်းဆိုင်ပဲဥစ္စာ၊ တည်းခိုဖို့ ဟိုတယ်မှ မဟုတ်ဘဲ၊ ဘယ်ကသူငယ်များပါလိမ့်တော်၊ ရိုင်းကလည်း ရိုင်းစိုင်းလိုက်တာ၊ တကတဲ အော်ကြီးဟစ်ကျယ်နဲ့"

အဒေါ်က သူ့လူသိုက်တွေကို တုတ်တို့-ဓားတို့ ဆွဲကိုင်ကာ ခေါ်လာခဲ့ပြီး အနားတွင် ဒေါပွ၍ အော်နေပြန်၏။ မမြစိမ်းသည် သူ့အဒေါ်ကို တစ်ချက်လှည့်ကြည့်ပြီး ဘာမှမပြောတော့ဘဲ တံခါးမင်းတုပ်ကိုဖြုတ်ကာ တံခါးကိုသာ တွန်းဖွင့်ပေးလိုက်မိလေသည်။

လူရွယ်သည် မည်သူ့ကိုမျှ သဲသဲကွဲကွဲ မြင်ရဟန်မတူ။ အထဲကိုသာ ဒယီးဒယိုင်နှင့် ဝင်လာကာ ခွေလဲသွား၏။

"ဘုရားရေ"

မမြစိမ်းသည် မှန်အိမ်ကို ကြမ်းပြင်ပေါ်တွင် ပစ်ချလိုက်မိပြီး လူရွှယ်ကို ဆွဲထူပေးမိလေသည်။ လူရွယ်၏ခွန်အားကို မနိုင်။ သူပါ လဲကျတော့မည်ရှိစဉ် ထမင်းချက် အဘိုးကြီးက လူရွယ်ကို ဝင်တွဲထား လိုက်ရ၏။

အဒေါ်က အံ့အားသင့်ကာ သူ့တူမကို ပြူးပြဲကြည့်နေလေသည်။

"ဘာကြည့်နေကြတာလဲ ကိုဘပုတို့ ဒေါ်ဖွားတို့... လူတစ်ယောက် ဒုက္ခရောက်လာတာများ ရပ်ကြည့်နေကြတာ အံ့ပါရဲ့ရှင်၊ ဟောဒီသားရေ သေတ္တာကြီးယူပြီး ထောင့်စွန်းခန်းမှာ သွားထားချေကြ၊ အိပ်ရာပါ တစ်ခါတည်း ပြင်လိုက်၊ ဩ်... ဒေါ်ဖွား၊ ရေနွေးတစ်ခွက်နဲ့ ကျွန်မဗီရို ထဲက ငှက်ဖျားဖြတ်ဆေးနှစ်လုံး မြန်မြန်ယူပေးစမ်းပါ"

မမြစိမ်းသည် ပန်းကန်ဆေးသမား ကိုဘပုလက်ထဲသို့ သားရေ သေတ္တာကို ဆွဲထည့်ပေးလိုက်ပြီး ထမင်းချက်အဒေါ်ကြီး ဒေါ်ဖွားကို နောက်ဖေးသို့ အမြန်တွန်းလွှတ်ပို့နေလေသည်။

"ကဲ... ဦးတင်၊ ရှင်က အဲဒီလူကို တစ်ချိန်လုံး တွဲရပ်ထားလို့ ဖြစ်ပါ့မလား၊ ဟိုပက်လက်ကုလားထိုင်ပေါ် အသာတွဲခေါ်သွားလေ"

အဒေါ်သည် ဘာတစ်ခွန်းမျှ ဝင်မပြောဘဲ ခါးထောက်ကာ သူမကို သာ ရပ်ကြည့်နေ၏။

"ကဲ... ဒီဒေါ်ဒေါ်ကလည်း ဘာရပ်လုပ်နေတာလဲ၊ မနက်မှာ ထမင်းဆိုင်ဖွင့်ဖို့ နောက်ဖေးမှာ သွားစီမံပါဦးလား ဒေါ်ဒေါ်ရဲ့"

အဒေါ်သည် မည်သို့မှ မပြောဘဲ နှုတ်ခမ်းတစ်ဝက်စူပြီး တစ်ဝက် ကိုမဲ့ကာ မျက်နှာပေးတစ်မျိုးလုပ်၍ အနားမှ ထွက်ခွာသွားသည်။

မမြစိမ်းသည် အဒေါ်ကို ကြည့်ပြုံးမိပြီး မီးအိမ်ကို လက်တစ်ဖက် ဆွဲကာ လူရွယ်နားသို့ တိုးကပ်သွားရ၏။ တစ်ကိုယ်လုံး အသားတွေက ဝါနေသည်။ မျက်တွင်းချိုင့်၊ ပါးရိုးကငေါ်၊ ပါးမုန်းမွေးပျစ်ထူနှင့် ငှက်ဖျား

မိလာသော လူရွယ်၏မျက်နှာကို တစ်ချက်လှမ်းကြည့်မိလိုက်၏။

လူရွယ်သည် တဟီးဟီးနှင့် အဖျားတက်နေ၏။ မျက်လုံးပင် မဖွင့်နိုင်တော့။ မမြစိမ်းသည် ရေနွေးပူပူနှင့် ငှက်ဖျားဖြတ်ဆေးကို သတိမရတစ်ချက် ရတစ်ချက်နှင့် ငှက်ဖျားတက်နေသော လူရွယ်၏ပါးစပ်ထဲသို့ အတင်းထည့်၍ တိုက်ရလေသည်။

"အင်း... တော်ပါသေးရဲ့၊ ဆေးဝင်သွားပေသေးလို့"

မမြစိမ်းသည် နှင်းတွေဝေနေသော နံနက်ဦးမှာပင် ချွေးတစို့စို့ ဖြစ်သွားလေသည်။

"ဦးတင်... ဒီလူကို ကိုဘပုနဲ့နှစ်ယောက်ပွေ့ပြီး အခန်းထဲယူသွားလိုက်ပါ၊ ပြီးတော့ ဟင်းတွေကို ပြန်နွေးဖို့ နောက်ဖေးမီးဖိုချောင်ကို ဝင်ပေဦးတော့နော်"

မမြစိမ်းသည် မှန်အိမ်ကလေးကို စားပွဲပေါ်တင်ထားပြီး ပြတင်းပေါက် တံခါးပေါက်တွေ လိုက်၍ ဖွင့်နေလေသည်။ လေပြည်လေညင်းက ချီ၍လာ၏။ သဇင်နံ့ပင်လျှင် သင်းနေပါပြီကလား။

**ဘုရားသခင်မ**

"ဘယ်နဲ့လဲရှင့်... နေလို့ တော်တော်ကောင်းသွားပြီလား"

မမြစိမ်းသည် အိပ်ရာမှ နိုးလာစ ဧည့်သည်ကို ပြုံး၍ နှုတ်ဆက်မေးမြန်းလိုက်လေသည်။

လူရွယ်သည် ခပ်ကြောင်ကြောင်ဖြစ်သွားကာ ထဘီအစိမ်းနုသွေး၊ အင်္ကျီလက်ရှည်အဖြူနှင့် ယဉ်စစမျက်နှာပဟန်ရှိသော မမြစိမ်းကိုသာ တအံ့တသြနှင့် ကြည့်နေ၏။

"ကိုမြင့်နိုင် ညက တော်တော်ဖျားလိုက်တယ်"

"ခင်ဗျာ"

လူရွှယ်သည် သူ့နာမည်ကို ခေါ်လိုက်သဖြင့် ပို၍ အံ့သြသွားဟန်လည်းရှိ၏။

"ခုမနက်လည်း ကွီနိုင် ထပ်သောက်ဦးပေါ့၊ မျက်နှာသစ်တော့မလား"

လူရွှယ်သည် တံတွေးကို အရင်မျိုချနေလေသည်။

"ခင်... ခင်ဗျား ဘယ်သူလဲဟင်၊ ကျွန်တော့်ကို သိလား"

မမြစိမ်းသည် လူရွှယ်၏ခုတင်ဘေးမှ သားရေသေတ္တာကို လှမ်းကြည့်ပြီး ပြုံးလိုက်မိပြန်၏။

"ကျွန်မနာမည် မမဖုရားလေ"

မမြစိမ်းသည် ပြတင်းပေါက် မှန်တံခါးကို သွားဖွင့်လိုက်ပြီး ခန်းဆီးစကို ကြိုးနှင့် ပြန်ချည်လိုက်လေသည်။

"မမဖုရား တဲ့၊ ဟုတ်လားခင်ဗျာ"

လူရွှယ်က အံ့အားသင့်၍ ခုတင်မှ အားယူ၍ ထနေသည်။ မမြစိမ်းသည် ဒီတော့မှ သွားတက်ကလေးတွေ ဖွေးသွားအောင် ရယ်လိုက်ကာ အနားက သားရေသေတ္တာကို ဆွဲယူပြလိုက်လေသည်။

"ညက ရှင်အဖျားတက်လာတယ်လေ၊ ကျွန်မတို့ ထမင်းဆိုင်ကို တွေ့တော့ အတင်းအော်ပြီး တံခါးဖွင့်ခိုင်းတယ်၊ ကျွန်မတို့ကလည်း ရုတ်တရက် ဘယ်ဖွင့်ရဲမလဲ၊ အဲဒီတော့ ရှင်က အပြင်ကနေပြီး ကျွန်မကို ဆိုင်ရှင် မမဖုရားရယ်... တံခါးမြန်မြန်ဖွင့်ပါ၊ ကျုပ် ချမ်းလှပြီတဲ့"

လူရွှယ်သည် ဒီတော့မှ စိတ်လန်းဆန်းသွားဟန်နှင့် လိုက်၍ ရယ်မောတော့လေသည်။

"ဟောဒီသေတ္တာပေါ်မှာလည်း ရှင့်နာမည်ရေးထားတာ တွေ့ထားတာကိုး။ ကိုမြင့်နိုင်တဲ့၊ ဟုတ်ရဲ့လားရှင့်"

"ဟုတ်ပါတယ် ခင်ဗျာ"

ကိုမြင့်နိုင်သည် စကားပြောနေရင်းက ယဉ်စစနှင့် ကြည်လင်လန်းဆန်းနေသော မမြစိမ်း၏ မျက်နှာကို တစ်ချက်ဝင့်၍ ကြည့်လိုက်မိလေသည်။

"တကယ်တော့ ကျွန်မတို့ထမင်းဆိုင်သက်သက် ဖွင့်ထားတာပဲ ရှင့်... တည်းခိုခန်းသက်သက်ရယ်လို့လည်း ရှိတာမဟုတ်ပါဘူး၊ ဒါပေမဲ့ ဒုက္ခရောက်လာတယ်ဆိုတော့လည်း ကျွန်မတို့မှာ ရှိတဲ့အခန်းထဲပဲ ရှင့်ကို ပို့ထားရတယ်ရှင်"

ကိုမြင့်နိုင်သည် ဆိုင်ရှင်မ၏ စေတနာအတွက် ရင်ထဲတွင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်သွားပုံရလေသည်။ သို့ရာတွင် ပါးစပ်က ပြော၍ မထွက်။

မမြစိမ်းသည် အခန်းထဲမှ ထွက်ခွာသွားတော့မည့် ဟန်နှင့် ခန်းဆီးတစ်ဖက်စကို လက်နှင့်အသာမ၍ ကိုင်လိုက်လေသည်။

"နေ... နေပါဦး မမဖုရားရယ်"

မမြစိမ်းသည် အံ့အားသင့်ပြီး မျက်ခုံးကလေးပင့်ချီ၍သွား၏။ ကိုမြင့်နိုင်၏ မျက်နှာအမူအရာသည် ရွှတ်နောက်နေခြင်းမဟုတ်။ တကယ် ရိုးသားခြင်းရှိလှသည်။

"ကျွန်မနာမည် မမြစိမ်းပါတဲ့ရှင့်"

"သြော်... ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်အဖို့တော့ မမြစိမ်းဟာ ဘုရားသခင်မဖြစ်နေလို့ မမဖုရားခေါ်တာလည်း မမှားနိုင်ပါဘူး"

ကိုမြင့်နိုင်၏ ရိုးသားစွာနှင့် ကျေးဇူးတင်လိုက်သော စကားလုံးအတွက် မမြစိမ်းသည် နေရခက်ပြီး နှုတ်ခမ်းပွင့်ကလေးမှာ စု၍သွားသလို ထင်ရသည်။

"ကျွန်တော် ညတုန်းက အဖျားသွေးတက်ပြီး ကယောင်ကတမ်းနဲ့ အော်ဟစ်ပြောခဲ့မိတာတွေကိုလည်း ခွင့်လွှတ်ပါလို့ တောင်းပန်ပါရစေခင်ဗျာ"

"အို... ကိစ္စမရှိပါဘူး ကိုမြင့်နိုင်၊ ရှင့်ကိုယ်ရှင် နေကောင်းအောင်သာ နေပါ၊ အခုတော့ နှင်းတွေ ကျနေသေးတယ်၊ တော်ကြာ နေလေးပွင့်လာတော့ မျက်နှာသစ်ပြီး ဆေးသောက်ရမယ်"

"ဟုတ်ကဲ့ခင်ဗျာ"

"နောက်ပြီး မြို့ထဲက ဆရာဝန်တစ်ယောက်နဲ့ ရှင့်အဖျားကိုလည်း ပြတ်အောင် သေသေချာချာ မကုချင်ဘူးလား"

"ဟုတ်ကဲ့ ကုချင်ပါတယ်၊ ကျေးဇူးပြုပြီး မမြစိမ်းကပဲ ဆရာဝန် ပင့်ခိုင်းပေးပါခင်ဗျာ၊ ကျွန်တော်ကတော့ မြို့ထဲသွားဖို့ အင်အားလည်း မရှိ၊ ပြီးတော့ ဒီမြို့ကလည်း မဟုတ်တော့..."

"ဟုတ်ကဲ့၊ ကျွန်မ နားလည်ပါတယ်၊ ကဲ... ခဏလောက် မှေးနေလိုက်ဦးလေ ကိုမြင့်နိုင်"

ကိုမြင့်နိုင်သည် မမြစိမ်း၏အမိန့်အတိုင်း သက္ကလတ်စောင်စကို တင်းတင်းဆွဲ၍ ခြုံလိုက်ရင်း မျက်စိကို စုံမှိတ်ထားလိုက်လေသည်။ တယ်လို့ပင် ထူးဆန်းတာကတော့ မျက်စိမှိတ်ထားရက်ကပင် ဣန္ဒြေဆန်လှသော ဖုရားသခင်မ၏ ယဉ်စစမျက်နှာဟန်ကိုသာ မျက်လုံးထဲတွင် မြင်ကျန်ရစ်ခဲ့ပါ၏။

**ရေထဲက လရိပ်**

"အမယ်... တယ်ဟုတ်ပါလား၊ ခြံထဲတောင် ဆင်းပြီး လမ်းလျှောက်နိုင်နေပါရော ကိုမြင့်နိုင်"

ကြက်ခြံဘေးတွင် ကြက်ကလေးတွေကို အစာကျွေးနေသော မမြစိမ်းသည် ဆွယ်တာအင်္ကျီစိမ်း၊ ရှပ်အင်္ကျီလက်ရှည်အဖြူ၊ သက္ကလတ်ဘောင်းဘီရှည်ငှက်ခါးစိမ်းရောင်နှင့် သူ့ဆီ ပြုံးရွှင်၍ လျှောက်လာသည့် ကိုမြင့်နိုင်ကို မျက်ခုံးကလေး ပင့်၍ ကြည့်နေမိလေသည်။

"ကျွန်တော် တော်တော်နေကောင်းနေပါပြီ မမြစိမ်းရဲ့၊ မနက်က တောင် မြို့အရှေ့ဘက်တစ်ပတ် လမ်းလျှောက်ထွက်ခဲ့ပြီးပြီ"

ကိုမြင့်နိုင်သည် မမြစိမ်းလက်ထဲမှ စပါးတွေ ထည့်ထားသော ကြေးလင်ပန်းကို လှမ်းယူလိုက်လေသည်။ ထို့နောက် ကြက်ကလေးတွေကို ပါးစပ်က တဒီဒီခေါ်ပြီး ကြက်စာကျွေးနေ၏။

"ဟန်ကျပြီရှင်၊ ကိုမြင့်နိုင် ဒီမှာ ကြက်စာကျွေးနေရင် ကျွန်မ ဟိုဘက်က နွားခြံထဲမှာ နို့စားနွားမကြီးတွေကို နွားစာသွားကျွေးရဦးမယ်၊ ကဲ... ကျွေးရစ်တော့"

မမြစိမ်းသည် ကိုမြင့်နိုင်လက်ထဲက ကိုင်ထားသော ကြေးလင်ပန်း ထဲမှ စပါးတစ်ဆုပ်ကို ဆုပ်ယူလိုက်ပြီး ကြက်ကလေးတွေဘက်ကို ပစ် ကြဲလိုက်လေသည်။ အဝါနုရောင် ကြက်ပေါက်ကလေးတွေ၏ စပါးစေ့ ကောက်နေပုံမှာ ချစ်စရာကောင်းလှ၏။ မမြစိမ်းသည် ကြက်ကလေး တွေကို ခဏမျှ ငေးကြည့်ပြီးမှ လှည့်၍ ထွက်သွားလေသည်။

မမြစိမ်းသည် ကောက်ရိုးဝါးနေသော နွားနီမကြီးဆီသို့ လျှောက်၍ သွား၏။

"ဘယ့်နှယ်လဲဟေ့ ရွှေနီကြီး... နမ်းဖတ်ဆာလှပြီလားဟင်"

နွားနီမကြီးသည် မမြစိမ်းက ခေါင်းကို ယုယုယယသပ်၍ မေးနေ သည့်အခါ နားရွက်ကို စွင့်၍ ထောင်နေလေသည်။

"အေး အေး... သမီးကြီးကို မေမေ ကျွေးမှာပေါ့၊ ကဲ... ဒေါ်ဖွား ရေ၊ ဆန်ကွဲပြုတ်နဲ့ နမ်းဖတ်ယူခဲ့ပါ၊ မိရွှေနီကြီး ကျွေးရအောင်"

မမြစိမ်းသည် သံပုံးလွတ်တစ်ခုကို နွားတင်းကုပ်ထဲမှ ဆွဲထုတ်ခဲ့ ကာ မီးဖိုချောင်ဘက်သို့ လှည့်၍ အော်ပြောလိုက်လေသည်။ ထို့နောက် ရေတွင်းတွင် ရေငင်၍ သံပုံးကို ယူလာ၏။

"မိဖြူတစ်ကောင်လည်း ဘယ်ရောက်နေလဲ၊ လယ်ကွင်းထဲမှာ

မြက်သွားစားနေသလား မသိ"

မမြစိမ်းသည် သံပုံးကို နွားနီမကြီးအနားတွင် အသာချ၍ လယ်ကွင်းပြင်ဘက်သို့ မျှော်ကြည့်နေစဉ် နောက်နားမှ လျှောက်လာသော ခြေသံကို ကြားရ၏။ လှည့်မကြည့်မိ။

"ကဲ... ဒေါ်ဖွား၊ ရှင်ပဲ နှမ်းဖတ်နဲ့ ဆန်ကွဲပြုတ်ကို ရောပေးပါတော့၊ မိဖြူတစ်ကောင် ကျွန်မ ကြည့်ချေဦးမယ်"

မမြစိမ်းသည် နွားတင်းကုပ်တစ်ဖက်သို့ လျှောက်၍ တစ်ပတ်ပတ်ကြည့်ပြန်၏။

"ကြည့်စမ်း... မချောက ဒီမှာ အိပ်နေတော်မူတာကိုး၊ ကြည့်ပါဦး ဒေါ်ဖွားရယ်... မိဖြူကို တွေ့လာခဲ့ပြီ၊ သူ့ဖို့ပါ နှမ်းဖတ်ပိုထည့်လိုက်ပါဦး၊ ဟင်... ဘုရားရေ"

မိဖြူကို နွားတင်းကုပ်ဘက်မှ ဆွဲထုတ်ယူလာခဲ့သော မမြစိမ်းသည် သံပုံးထဲတွင် နှမ်းဖတ်နှင့် ဆန်ကွဲပြုတ်ကို ကိုင်ရောမွှေနေသောသူကို ကြည့်ပြီး အံ့အားသင့်သွားလေသည်။

"ကြည့်စမ်းပါဦး ကိုမြင့်နိုင်၊ ဘယ်နဲ့ဥစ္စာတွေ လုပ်နေရတာလဲ၊ ဒေါ်ဖွားရော ဘယ်သွားသလဲ၊ ပေး-ပေး... ကျွန်မ လုပ်ပါ့မယ်ရှင်"

"နေ နေ မမြစိမ်း... ဒေါ်ဖွား မအားဘူး၊ ထမင်းအိုး ဆူနေလို့၊ ပေးပါ၊ ကျွန်တော် ရောပေးစမ်းပါရစေ"

မမြစိမ်းက သံပုံးကို အားနာနာနှင့် ဆွဲယူ၏။ သို့သော်လည်း မမိလိုက်။ ကိုမြင့်နိုင်သည် သံပုံးကိုဆွဲကာ နွားတင်းကုပ်ကို ကလေးတူတူပုန်းသလို လှည့်ပတ်ပြေးလေသည်။ မမြစိမ်းသည် ပြေးလိုက်လို့ မမီတော့ဘဲ ရယ်သာနေရ၏။

"ကဲ... မေမေ့သမီးကြီး စား-စား၊ ဟောဒီ ဒေါ်ဖွားလက်သစ် ရောပေးတဲ့ ဆန်ကွဲပြုတ်ပဲ"

တရှုံးရှုံးနှင့် အားရပါးရ စားနေသော နွားနီနှင့် နွားဖြူမကြီးကို မမြစိမ်းသည် တစိမ့်စိမ့်ကြည့်နေ၏။ ကိုမြင့်နိုင်သည် မျက်တောင်ကလေး ကော့ပြီး ပါးစပ်ကလေး အပွင့်သားနှင့် နွားမကြီးတွေကိုသာ ငေးကြည့်နေသော မမြစိမ်းကိုသာ ငေး၍ ကြည့်နေမိလေသည်။

မနက်စောစော နွားမကြီးတွေကို နွားနို့ညှစ်ပေးသည့်အခါတွင်လည်း ကိုမြင့်နိုင်သည် မမြစိမ်းနောက်မှ သံပုံးဆွဲ၍ လိုက်ပါလာ၏။ နေပါစေ ပြောလည်း မရ။ ခြံထဲက သစ်ပင်တွေ ရေလောင်းနေသည့်အခါတွင်လည်း ကိုမြင့်နိုင်သည် အဆင်သင့်။ ရေတွင်းက ရေကို ငင်၍ ပေးပြန်၏။

မမြစိမ်းသည် ထမင်းဆိုင်တွင် သူကိုယ်တိုင်ထွက်၍ စီမံလေ့မရှိ။ အဒေါ်ကသာ ကြည့်၍ စီမံရ၏။ သူက အိမ်ထဲမှနေ၍ အစားအသောက် နေရာထိုင်ခင်း ကျနအောင် စီစဉ်ပေးတတ်လေသည်။

ကိုမြင့်နိုင်မှာလည်း မမြစိမ်းကိုလိုက်၍ ကူညီပြီး ပိုသောအချိန်တွင် အခန်းထဲတွင် စာအုပ်တွေကိုသာ ဖတ်နေတတ်၏။ ထမင်းဆိုင်ရှေ့သို့ယောင်လို့မှလည်း ထွက်မလာတတ်။ ပြီးတော့ လူစုစုဝေးဝေးမြင်လျှင် အရင်ဆုံး ရှောင်ပြေးလေသည်။

အဒေါ်သည် ကိုမြင့်နိုင်ကို အခြောက်တိုက်ကြည့်လို့မရဖြစ်နေ၏။ ဒါပေမဲ့ အိပ်ခန်းဖိုး၊ ထမင်းဖိုးကို ရက်ရက်ရောရောပေးပြီး သပ်သပ်ရပ်ရပ် တည်တည်ကြည်ကြည် နေထိုင်သောလူတစ်ယောက်ဖြစ်နေ၍ ငြိမ်နေရဟန်တူလေသည်။

ကိုမြင့်နိုင်သည် စကားများများ ပြောလေ့မရှိ။ မျက်နှာအမူအရာကလည်း တစ်စုံတစ်ခု အကြောင်းကို စဉ်းစားနေသလို ထင်ရ၏။ လှိုက်လှိုက်လှဲလှဲ ရယ်မောသည့် အမူအရာမျိုးလည်း မတွေ့ရပေ။

သို့ရာတွင် မမြစိမ်းက သူ့ကို အကဲခတ်သလို ကြည့်လိုက်လျှင်

တော့ ချက်ချင်းမျက်နှာအမူအရာ ပြောင်းသွား၏။ နှုတ်ခမ်းတွင် မသိမသာပြုံးယောင်သန်းလာကာ မမြစိမ်းကို အားကိုးအားထားဟန်မျိုးနှင့် စူးစိုက်ကြည့်တတ်လေသည်။

သူတို့နှစ်ယောက်သည် လရောင်အေးအေးအောက်တွင် နှင်းဆီနံ့သင်းနေသော ခြံထဲတွင် ဆင်းပြီး လမ်းလျှောက်နေမိကြ၏။

"ကိုမြင့်နိုင်ကို ကြည့်ရတာ တစ်မျိုးပဲ၊ ဘာနဲ့တူသလဲဆိုရင် မုန့်ပျောက်သွားတဲ့ ကလေးတစ်ယောက်ရဲ့ အမူအရာမျိုးလိုပဲ"

မမြစိမ်းသည် လရောင်ရိပ်ကို မော့ကြည့်ပြီး ရယ်နေ၏။ ကိုမြင့်နိုင်သည် မျက်ခုံးတစ်ဖက်မြှင့်ကာ မမြစိမ်းကို ငြိမ်ပြီး ကြည့်နေမိလေသည်။ ဘယ်လိုပြန်ပြောရမှန်းမသိ။ ရင်ထဲမှာတော့ တလှပ်လှပ် ဖြစ်သွား၏။

"မုန့်ပျောက်သွားတဲ့ ကလေးတစ်ယောက် အမူအရာ... ဟုတ်လား မမြစိမ်း၊ အဲဒါ ဘယ်လိုနေသလဲ၊ ကျွန်တော် ဘယ်လိုဖြစ်နေလို့လဲဟင်"

မမြစိမ်းသည် လရောင်ဖြာဆင်းနေသည့် မျက်နှာကလေးကို မော့ပြီး ကိုမြင့်နိုင်ကို တစ်ချက်ကြည့်လိုက်လေသည်။

"တကယ် မသိရင် ကျွန်မ ပြမယ်ရှင်၊ လာ လာ... ဒီကိုလိုက်ခဲ့"

မမြစိမ်းသည် ရေတွင်းဘက်ဆီသို့ ခပ်အေးအေး လျှောက်သွား၏။ ကိုမြင့်နိုင်သည် မမြစိမ်းနောက်မှ ခပ်ဖြည်းဖြည်း လျှောက်လိုက်လာခဲ့မိလေသည်။ သူ့မျက်နှာ ဘယ်လိုဖြစ်နေလို့ပါလိမ့်။ မမြစိမ်းသည် ဘယ်လိုအမူအရာမျိုး တွေ့ထားပါသနည်း။

"ကဲ... ကြည့်–ကြည့်၊ ရေတွင်းထဲကို ငုံ့ကြည့်လေ"

ကိုမြင့်နိုင်သည် မမြစိမ်းကို မျက်ခုံးတစ်ဖက်ပင့်၍ ကြည့်မိပြီး ရေတွင်းထဲသို့ ငုံ့ကြည့်လိုက်မိလေသည်။ လသည် သာနေ၏။ ကိုမြင့်နိုင်၏ မျက်နှာသည် ရေရိပ်ထဲတွင် ခပ်ကြောင်ကြောင် တွေ့ရသည်။

"ကဲ... မြင်ပြီလား ရှင့်ရုပ်ကို"

မမြစိမ်းသည် ပြုံးပြီး ရေတွင်းဘေးမှ လှည့်ထွက်သွားလေသည်။ ကိုမြင့်နိုင်သည် ဒီတော့မှ တဟားဟားအော်၍ ရယ်နေမိ၏။ ရေတွင်းထဲမှ သူ့အရိပ်သည်လည်း ခပ်ကြောင်ကြောင် မဟုတ်တော့။ အလွန်တရာသဘောကျပြီး ရွှင်ပျလာသော မျက်နှာဟန်မျိုးဖြစ်၍ နေလေသည်။

"မမြစိမ်း... ဘယ်လဲ၊ နေဦးလေ"

ကိုမြင့်နိုင်သည် ဖျတ်လတ်ပေါ့ပါးစွာ မမြစိမ်းနောက်မှ ပြေး၍ လိုက်သွား၏။ ညမွှေးပန်းတို့သည် တသင်းသင်းနှင့် မွှေးနေသည်။ လရောင်ကတော့ ငွေစင်သွန်းနေ၏။ ကိုမြင့်နိုင်သည် မမြစိမ်းဘေးနားမှ လျှောက်၍ လိုက်လာ၏။

"မမြစိမ်း"

ကိုမြင့်နိုင်၏အသံက တိုး၍နေ၏။ ရင်ထဲမှာလည်း မချင့်မရဲဖြစ်နေသလို ထင်ရသည်။

"မုန့်ပျောက်တဲ့အမှုအရာဆိုတာမျိုးတော့ ကျွန်တော် မတွေ့ခဲ့ပါဘူးဗျာ၊ ဒါပေမဲ့... ဒါပေမဲ့ ဖုရားသခင်မကလေးတစ်ဦးကို ကိုးကွယ်ပါရစေဆိုတဲ့ လူတစ်ယောက်ရဲ့ တမ်းတနေတဲ့မျက်နှာမျိုးကိုတော့ဖြင့်..."

ကိုမြင့်နိုင်သည် ရှေ့ဆက်၍ စကားပြောလို့ မထွက်တော့ပေ။ မမြစိမ်း၏ မျက်လုံးအကြည့်သည် ရီးသားပေမဲ့ ပြင်းထန်လှပေသည်။ တစ်ချက်မျှ သူ့ကို မော့ကြည့်ပြီး အိမ်ဘက်ဆီသို့ လျှောက်သွား၏။ ကိုမြင့်နိုင်သည် ဇက်ကြီးကျိုးကာ ခြံထဲတွင်ရပ်၍ ကျန်ခဲ့လေသည်။

ကြက်ဦးဖြင့် တွန်လေပြီ။ မမြစိမ်းသည် အိပ်လို့ ယခုထိ မပျော်နိုင်သေးပါကလား။ သူ့ရင်ထဲတွင် ပူနေ၏။ ဘယ်လိုဝေဒနာရယ်တော့ဖြင့် မသိ။ မိဘနှစ်ဦး အနိစ္စရောက်ပြီးကတည်းက ထမင်းဆိုင်ဖွင့်ကာ အဒေါ်လုပ်သူနှင့် အေးချမ်းစွာ နေလာခဲ့၏။

အချစ်ဆိုတာ ဘယ်လိုလဲ စဉ်းစားခဲ့လို့ကို မရ။ သူ့လုပ်ငန်းတွင်

သူစိတ်ဝင်စားခဲ့သည်။ ကြက်ဥတွေရောင်း၊ နွားနို့ရောင်း၊ ခြံထဲက ဟင်းသီးဟင်းရွက်တွေ ဖောက်သည်ပေးနှင့် တစ်နေ့နှင့်တစ်နေ့ သည်လုပ်ငန်းတွေထဲတွင်သာ စိတ်ရှိခဲ့ရ၏။

ယခုတော့ ကိုမြင့်နိုင်ဆိုသည့် လူတစ်ဦးတစ်ယောက်၏ပုံသဏ္ဍာန်သည် သူ့ရင်တွင်း၌ ဝင်လာနေပေပြီ။ ဘယ်မြို့ ဘယ်အရပ် ဘယ်ဒေသက ဘယ်လိုကိစ္စနှင့် ဒီနေရာသို့ရောက်လာခဲ့သည်တော့မသိ။ သူ့ငှက်ဖျားရောဂါကတော့ ရှင်းရှင်းပျောက်သွားပြီး ယောကျ်ားဆန်သည့်မျက်နှာအမူအရာလက္ခဏာနှင့် ကျန်းမာ၍နေ၏။

ဒါပေမဲ့ ခုအထိ သူ့နေရပ်သို့ မပြန်သေး။ သူ့ရာဇဝင်လည်း မသိ။ သူ့အကြောင်းလည်း ဘာမျှမသိ။ ဒါပေမဲ့ တည်ကြည်ပုံကိုတော့ လေးစားမိလေသည်။ တည်ကြည်ပါသည်ဆိုတာတောင် ညကတော့ ဖုရားသခင်မလေးတစ်ဦးကို ကိုးကွယ်ပါရစေဆိုလာသော လေသံမျိုးကို ကြားလိုက်ရပေသေးသည်။

ကဲ... မခက်ပါလား ရေတွင်းထဲက အရိပ်ရယ်။

**ဘဝအပ်သူ**

ဒီ... ဒီ... ဒီ... ဒီ။

"လာဟေ့... ကြက်ကလေးတွေ၊ အစာစားရအောင် လာကြ"

မမြစိမ်းသည် ကြေးလင်ပန်းကလေးထဲမှ စပါးစေ့ကလေးတွေကို ကြဲဖြန့်ရင်း ကြက်ကလေးတွေကို အော်ခေါ်၏။

"ဒေါ်ဖွားရေ... စပါးရော ပြောင်းဖူးစေ့ရော ထပ်ယူခဲ့ပါဦး"

"ဟုတ်ကဲ့"

ဟူသော ဒေါ်ဖွား အသံကြားရ၏။

"မြန်မြန်ပေးပါ ဒေါ်ဖွားရဲ့... ကြက်ကလေးတွေဟာ ဆာရှာလွန်း

လို့"

ဟု ပြောပြောဆိုဆိုပေးလာသော ပြည်တောင်းကို လှယ်ယူလိုက်တော့မှ မျက်နှာကြီး ငုံ့ချနေလျက်နှင့် လှမ်းပေးနေသော ကိုမြင့်နိုင်ကို တွေ့လိုက်ရသဖြင့် အမ်းသွားလေသည်။

"ဘယ့်နှယ်လဲ ကိုမြင့်နိုင်၊ နေမကောင်းဘူးလား"

မမြစိမ်းက အမူအရာမပျက် မျက်လွှာကို အသာချ၍ မေးလိုက်ရလေသည်။

"ကောင်းပါတယ်"

ကိုမြင့်နိုင်၏အသံက ခြောက်ကပ်ကပ်နိုင်၏။

"ကော်ဖီရော သောက်ပြီးပြီလား"

ကိုမြင့်နိုင်က ခေါင်းကို ယမ်းပြ၏။

"ဩော်... ခက်တော့တာပဲ၊ ဒေါ်ဖွားကလည်း လာမပေးဘူးလား"

ကိုမြင့်နိုင်က ခေါင်းနှစ်ခါ ယမ်းပြပြန်၏။

မမြစိမ်းသည် ရယ်ချင်လာသောမျက်နှာနှင့်–

"ဘယ့်နှယ်လဲရှင်... ရှင်ကလည်း စကားမပြောတတ်တော့ဘူးလား"

ဟု စိတ်ပေါက်ပေါက်နှင့် မေးတော့မှ ကိုမြင့်နိုင်က ပြုံး၍လာလေသည်။

"သူတို့လည်း မအားသေးလို့ပါဗျာ၊ နောက်မှ သောက်လည်း ရပါတယ်၊ ပေး ပေး... ကြက်ကလေးတွေကို ကျွန်တော် ကျွေးမယ်၊ လာကြဟေ့ သားတို့ သမီးတို့... ဒီ–ဒီ–ဒီ–ဒီ"

မမြစိမ်းသည် ရယ်ချင်ပေမဲ့ ဣန္ဒြေလုပ်နေရ၏။ ရွှေကြက်တောကြီးကပင်လျှင် သားတို့သမီးတို့ဟု အော်ခေါ်နေသော ကိုမြင့်နိုင်ကို ပေတေတေနှင့် ကြည့်နေလေသည်။

ကြက်စာကျွေးပြီးကြသောအခါ မမြစိမ်းသည် သူကိုယ်တိုင် ကော်ဖီ နှစ်ခွက်ဖျော်၏။

“ရော့... သောက်ရှင့်၊ ဟောဒီ ထောပတ်ငှက်ပျောကတော့ ငှက်ဖျား ခံရှိတဲ့လူလည်း စားနိုင်တာပါပဲ၊ စားမယ် မဟုတ်လား”

မမြစိမ်းသည် စားပွဲပေါ်တွင် ငှက်ပျောတစ်ဖီးကို ချလာပြီး တစ်လုံး ကို ဖြုတ်ပေးသည်။ ကိုမြင့်နိုင်သည် စကားတစ်ခွန်းမှ မပြောဘဲ မမြစိမ်း ကျွေးသမျှ ပေးသမျှကိုသာ သားငယ်တစ်ယောက်လို ထိုင်စားနေ၏။ တစ်ချက်တစ်ချက် မမြစိမ်းကို မချင့်မရဲ မျက်လုံးနှင့် မော့ကြည့်တတ် သည်။

“မမြစိမ်း”

အသံက တိုးသွားပြန်၏။

“ရှင်”

မမြစိမ်းသည် ဒီလို အသံတိုးတိုး ခေါ်ပုံမျိုးကိုတော့ ကြောက်နေ သည်။ ရင်ထဲက ထိတ်နေပေမဲ့ ဣန္ဒြေလုပ်ပြီး ကော်ဖီကို ဖိ၍ သောက် နေရလေသည်။

“စားပြီးရင် ဘာအလုပ်များ လုပ်ဖို့ရှိနေသလဲ၊ မအားဘူးလား”

ကိုမြင့်နိုင်သည် ခေါင်းကြီးငုံ့ရင်းကနေ မေးနေပြန်၏။

“အားပါတယ်၊ ဘာကိစ္စရှိလို့လဲ ကိုမြင့်နိုင်”

ကိုမြင့်နိုင်သည် တော်တော်နှင့်မဖြေ။ ပြီးမှ ခေါင်းတဖြည်းဖြည်း မော့လာ၏။ အမူအရာ ထူးခြားနေသဖြင့် မမြစိမ်းသည် အနားက ထွက် ပြေးချင်လာသည်။ ဒါပေမဲ့လည်း ထွက်ပြေးလို့ကလည်း မရ။

“ဒီလိုဆိုရင် ချောင်းရိုးဘေးမှာ လမ်းလျှောက်ရင်း ကျွန်တော့်အဖြစ် အပျက် အတ္ထုပ္ပတ္တိတွေ ပြောပြပါရစေ၊ မမြစိမ်း နားထောင်နိုင်ပါ့မလား ခင်ဗျာ”

မမြစိမ်းသည် တော်တော်နှင့် ခေါင်းမညိတ်မိ။ ဒါပေမဲ့ ကိုမြင့်နိုင်ရဲ့မျက်လုံးနှင့် ရင်ဆိုင်မိပြန်တော့လည်း မငြင်းနိုင်တော့ပါကလား။

နှစ်ဦးသား ချောင်းရိုးကလေးဘေးတွင် လျှောက်၍လာခဲ့ကြ၏။ လမုသီးတို့သည် ရေပေါ်တွင် ပေါလောပေါလော မျောနေကြသည်။ ဗေဒါသိုက်တို့ကလည်း ဝဲထဲတွင် ချာလည်ချာလည်နှင့်။ မမြစိမ်းသည် နွံ့ရောင်ရောနေသော ရေမျက်နှာပြင်ကို ငေးကြည့်နေမိလေသည်။

"မမြစိမ်း၊ ဒီရေဇလပ်ပင်အောက်မှာ ထိုင်ကြမလား"

မမြစိမ်းသည် ရေဇလပ်ပွင့်တွေ ဖွေးနေသော ဇလပ်ပင်ကြီးကို မော့ကြည့်ပြီးနောက် အပင်ခြေရင်းတွင် ဝင်၍ ထိုင်လိုက်လေသည်။ ဆောင်းဦးလေပြည်သည် တသင်းသင်း တိုက်ခတ်လာနေ၏။ ဟိုအဝေးတွင်လည်း လှေကလေးတွေ ရွက်လွှင့်ပြီး ပြေးနေပေသည်။

ကိုမြင့်နိုင်သည် ကိုင်းကျနေသော ဇလပ်တစ်ကိုင်းကို လှမ်းဆွဲယူပြီး ဆွတ်ဆွတ်ဖြူပွင့်နေသည့် ကိုင်းတစ်ကိုင်းကို ချိုးယူလိုက်ပြီး သစ်ပင်အမြစ်ပေါ်တွင် ထိုင်လိုက်လေသည်။ ပြီးတော့ လက်ထဲက ပန်းခိုင်ကို မမြစိမ်းဆီသို့ လှမ်း၍ပေးလိုက်၏။

"ကျွန်တော့်ရင်ထဲမှာ ပြည့်ကျပ်နေတဲ့ ဝေဒနာကို မမြစိမ်းကို ဖွင့်ပြောချင်တာ ကြာပါပြီ မမြစိမ်းရယ်... ဒါပေမဲ့ ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် ချိန်ဆနေရတယ်၊ ကျွန်တော်ဟာ စင်စစ်တော့ အိမ်ကထွက်ပြေးလာရတဲ့ အိမ်ထောင်သည်တစ်ဦးပါ"

မမြစိမ်းသည် အံ့အားကလေးသင့်ပြီး မျက်လွှာချသွားလေသည်။ ကိုမြင့်နိုင်သည် အားနာသွားဟန်နှင့် နှုတ်ခမ်းခဏမျှ ကိုက်ထားလိုက်မိ၏။

"အိမ်ထောင်သည်တစ်ဦးဆိုပေမဲ့ အိမ်ထောင်ပျက်တစ်ဦးလို့ခေါ်မှ ပိုပြီး မှန်ပါလိမ့်မယ်၊ ကျွန်တော့်ဘဝကတော့ ကျွန်တော်အယူသီးခဲ့မှု

ကြောင့် ခြောက်ခန်းလာရတာပါပဲလေ၊ ကျွန်တော်က ကောလိပ်ကျောင်း မှာ အရင်ကတော့ နည်းပြဆရာတစ်ဦးပဲ။

"ကျွန်တော် ထင်တာက ကောလိပ်ကျောင်းသူ နှုတ်ခမ်းနီ ပါးနီ၊ အမောက်၊ နိုင်လွန်တွေ ဝတ်စားဆင်ပြင်ထားတာတွေဟာ အကုန်လုံး လူမှုရေးရာ ဘာမှနားလည်ကြတာ မဟုတ်ဘူး၊ ကောလိပ်မရောက်ရင် လူဖြစ်ရှုံးသွားမှာစိုးလွန်းလို့ ဆယ်တန်းကို မအောင် အောင်အောင် အတော်ဖြေကြ၊ ပြီးတော့ မိဘဝင်ငွေ သိပ်ရှိတာလည်း မဟုတ်ဘဲနဲ့ ကောလိပ်ရောက်ပြီး ရှိုးပြကြ၊ အစွံထုတ်ကြ၊ လင်ယူကြ၊ ဒါပဲ လုပ်နေ တယ်လို့ အထင်ရှိခဲ့တယ်၊ ဒါကြောင့် ပညာတတ်မိန်းကလေးဆိုရင် ကိုယ့်ဘဝခရီးဖက် မလုပ်ဘူး၊ အိမ်ထောင်ဦးစီးဘဝတို့ လူမှုရေးရာစနစ် တို့ ဘာမှနားလည်မယ့် ကလေးမတွေ မဟုတ်ဘူး၊ သူတို့ပညာတတ်ရင် သူတို့ဟာ သူတို့သာ အထင်ကြီးနေပြီး ယောကျ်ားကိုလည်း ဂရုစိုက်မှာ မဟုတ်ဘူးပေါ့လေ၊ ကျွန်တော်က ခေတ်ပညာတတ် မိန်းကလေးတွေကို အားလုံး သိမ်းကျုံးပြီး အထင်သေးနေတဲ့လူတစ်ယောက်ဆိုပါတော့ဗျာ၊ ဒါကြောင့် ငါဘဝရဲ့ခရီးဖော်ကို ရွေးရင် ဘာမှနားမလည်တဲ့၊ မသိတတ် တဲ့ အရိုး အအကိုမှ ရှာယူပြီး ကိုယ်လိုချင်သလို ပုံသွင်းပေးမယ်လို့ သန္နိဋ္ဌာန်ချမှတ်ခဲ့တယ်၊ တွေ့မယ်တွေ့တော့ ဘယ်သူနဲ့တွေ့သလဲ ဆိုရင်..."

မမြစိမ်းသည် မျက်တောင်ကလေး တကော့ကော့နှင့် ငေး၍ နား ထောင်နေရာက ကိုမြင့်နိုင်ကို မသိမသာ မော့ကြည့်လိုက်မိသည်။ နှစ်ဦး သား မျက်လုံးချင်း တွေ့ဆုံမိကြ၏။ မျက်လုံး၏အတွေ့က နူးညံ့လှပေ သည်။ မမြစိမ်းသည် ခေါင်းကို ငုံ့ချပစ်လိုက်၏။

"တော်တော့်ကို လှပြီး ချစ်စရာကောင်းနေတဲ့ အငြိမ့်မင်းသမီး ကလေးတစ်ဦး ဆိုပါတော့၊ တောအငြိမ့်ကနေရာက မြို့ရောက်စရှိသေး၊

ကျွန်တော်နဲ့ သွားတွေ့တာပါပဲ၊ တောအမူအရာ ခလေ့တောင် မပျောက်ရှာသေးဘူး၊ ရိုးအ,အ ဆိုပါတော့။ ဒါနဲ့ ကျွန်တော်လည်း မရမက လက်ထပ်ယူခဲ့တယ်"

မမြစိမ်းသည် တဖြည်းဖြည်းနှင့် အဝေးသို့ လွင့်ထွက်သွားသော ရွက်လှေကလေးတွေကို ရီဝေဝေနှင့် ငေးကြည့်နေမိ၏။ ကိုမြင့်နိုင်သည် မမြစိမ်းကို တစ်ချက်လှည့်ကြည့်ပြီး အဝေးသို့ မျက်လုံးရွှေ့ပစ်လိုက်လေသည်။

"လက်ထပ်ခါစတော့ ပျော်ပါရဲ့၊ ကျွန်တော်လည်း သူ့ကို အမျိုးမျိုး အိမ်ထောင်ရှင်မကောင်းဖြစ်အောင် သင်ပြတာပဲ၊ ဒါပေမဲ့ သူက ကလေးအမိုက်လိုပဲ၊ ပြောတုန်း ခဏပဲ၊ နောက်တော့ သူလုပ်ချင်သလို လုပ်တယ်၊ သူသဘောမကျရင် အင်္ကျီ လုံချည် အကုန်ဆုတ်ပစ်၊ ပန်းကန်တွေ ချခွဲနဲ့ ကျွန်တော် ရည်မှန်းထားတဲ့ ဘဝနဲ့တော့ဖြင့် တခြားစီပေါ့ မမြစိမ်းရယ်၊ သူ့ဝါသနာနဲ့ ဝါသနာကိုး၊ မကရရင် မဖြစ်ဘူး၊ ပြန်ကပါရစေတဲ့၊ နေ့စဉ် တငိုငို တရယ်ရယ်ပဲ၊ ခက်တာက ကျွန်တော်ကလည်း သူ့ကိုတကယ်ချစ်မိနေပြီ၊ ပြင်လို့ကလည်း မရနိုင်တော့ဘူး၊ အိမ်ထောင်ဖက်ဆိုတာ တစ်ဦးအသက်ကို တစ်ဦးအပ်နှံထားတာ မဟုတ်လား၊ တစ်ဦးဘဝကို တစ်ဦးက စောင့်ရှောက်ဖို့၊ ခုတော့ သူက တစ်ရွာပြီးတစ်ရွာ တစ်မြို့ပြီးတစ်မြို့ လျှောက်ရမယ်၊ ကျွန်တော်က အိမ်ကြီးယောင်းလောင်းနဲ့ နေရစ်ခဲ့ဆိုတော့ မဖြစ်နိုင်ဘူး မဟုတ်လား၊ အဲဒီတော့ အလုပ်က ထွက်ပြီး သူ့နောက်တကောက်ကောက် လိုက်ရတော့တာပေါ့၊ အခက်ဆုံးက ကိုယ့်မိန်းမကို သူများစေ့စေ့ကြည့်တာတောင် မခံနိုင်ရတဲ့အထဲ ဟိုလူက ပိုး ဒီလူကစာပေးလုပ်တော့ ပိုခက်တာပေါ့ဗျာ၊ ကျွန်တော့်ဘဝဟာ နောက်ဆုံးတော့ ငရဲပါပဲလေ၊ လင်မယား မျက်နှာချင်းမဆိုင်လိုက်နဲ့၊ ကျွန်တော်က အိမ်ပြန်မယ် ဇွတ်ခေါ်၊ သူက ရန်းကန် အော်ဟစ် ရန်ဖြစ်

ကြနဲ့ ရက်ဖို့ကောင်းလိုက်တဲ့ဘဝပါဗျာ"

မမြစိမ်းသည် စိတ်ထဲတွင် တလှုပ်လှုပ်ဖြစ်လာလေသည်။ ကိုမြင့်နိုင်သည် ဇလပ်ပင်မကြီးကိုသာ မော့ကြည့်နေ၏။

"ဒီလိုနဲ့ မခံမရပ်နိုင်တဲ့အဆုံး ကျွန်တော်လည်း ကျွန်တော့်အိမ်ပြန်လာပြီး အလုပ်ပြန်လျှောက်ပြီး ဖွတ်ကြိတ်မှိတ်နေရပြန်ပါရော၊ သူက တော့ သူ့စိတ်ကြိုက် ကလို့ မောတော့မှ အိမ်ကို ပြန်လိုက်လာပြန်တယ်၊ ဘယ်လိုပဲ သူဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်တော်ယူထားတဲ့ မယားတစ်ယောက်အနေနဲ့တော့ သူ့ကို ပစ်မထားနိုင်ဘူးလေ၊ သူလာတော့လည်း ဝမ်းပန်းတသာနဲ့ ပြန်ပေါင်းရတာပဲ၊ နောက်တစ်ခါ အိမ်မှာနေရတာ ငြီးငွေ့လာပြန်ရင် သူပြန်ထွက်သွားပြီး လျှောက်ကပြန်တယ်၊ ကျွန်တော့်အသည်းဟာ အစိတ်စိတ် ကြေမွနေသလိုပါပဲ၊ သူက ချေမွခုတ်ထစ်လိုက်၊ ကျွန်တော်က အတတ်နိုင်ဆုံး ပြန်ဆက်ထားလိုက်နဲ့ အဖာရာအထေးတွေနဲ့ ဖြစ်ချင်သလို ဖြစ်ခဲ့ပါပြီလေ၊ နောက်တော့ ကံကလေး နည်းနည်းကောင်းချင်လို့လား မသိဘူး၊ ကလေးတစ်ယောက် ရတော့မှ နည်းနည်းငြိမ်သွားပြန်တယ်၊ ဒါပေမဲ့ဗျာ ကလေးလည်း နည်းနည်းကြီးလာပြန်တော့ အိမ်ကို ပစ်သွားပြန်ပါရော၊ အခက်ဆုံးက ကလေးကိုတော့ဖြင့် မခွဲနိုင်ပါဘူးဆိုပြီး ကလေးပါ ခေါ်သွားတယ်လေ၊ အဲဒါထက် အခံရဆိုးတာများ ရှိနိုင်ဦးမလားဗျာ၊ အဲဒါနဲ့ နောက်ဆုံးတော့ ကျွန်တော်လည်း မတတ်နိုင်တော့တဲ့အဆုံး သူ့ကို စွန့်ပစ်လိုက်တယ်၊ ကွာလိုက်တယ်၊ နောက်ပြီး အိမ်မှာလည်း နေလို့မရတော့တာနဲ့ တစ်ရပ်ပြီးတစ်ရပ် လွင့်လိုက်တာ နောက်တော့ မမြစိမ်းဆီကို ရောက်လာခဲ့တော့တာပဲ၊ ခုတော့ ကျွန်တော့် ဘဝကို ပြုပြင်ပေးမယ့် အမျိုးသမီးဟာ မမြစိမ်းအပြင် ဘယ်သူမှ မရှိနိုင်တော့ပါဘူး မမြစိမ်းရယ်၊ ခုမှ ကျွန်တော့်ရဲ့မေတ္တာစစ် မေတ္တာမှန်ကို တွေ့ရလို့ လွန်ခဲ့တဲ့အချိန်တွေကို နှမြောမိတယ်၊ ကျွန်တော် အတွေ့နောက်

ကျနေပါပြီလားရယ်လို့လည်း ယူကျုံးမရ ဖြစ်မိတယ်၊ မမြစိမ်း... ကျွန်တော့်ကို စိတ်ဆိုးသလား၊ ဟုတ်လားဟင်”

မမြစိမ်းသည် မည်သို့ပြန်ပြောရမှန်းပင်မသိ။ စိတ်ထဲတွင် ကြေကွဲနေ၏။ ငိုပစ်လိုက်ချင်သလို၊ ဒီအနားက ပြေးထွက်သွားချင်သလို ရင်ထဲတွင် ပူလောင်၍ နေလေသည်။ မျက်နှာကို ငုံ့ချကာ တစ်ဖက်သို့ လှည့်ထားမိ၏။ ပြီးတော့ ဘာကိုလုပ်ပြီး ဘယ်လိုပြောရမှန်းကို မသိတော့သည့်အဆုံးတွင် ထိုင်ရာမှ ထရပ်လိုက်မိလေသည်။

“မမြစိမ်း... မမြစိမ်း”

မမြစိမ်းသည် ရှေ့က အတွင်သာ ခေါင်းငုံ့လျှောက်သွား၏။

“မမြစိမ်း... ဘယ်ကိုသွားမလို့လဲ၊ ကျွန်တော်ပါ လိုက်ပါရစေ”

နောက်ကနေ အပြေးလိုက်ရ၏။ ကိုမြင့်နိုင်သည် မမြစိမ်းမျက်နှာကို မျက်တောင်မခတ်ကြည့်ကာ ဘေးမှ လိုက်ပါလာ၏။ မမြစိမ်းသည် နွားတင်းကုပ်ထဲသို့ဝင်၍ နွားစာကျွေးသည်။ ကိုမြင့်နိုင်သည် သံပုံးတကိုင်ကိုင်နှင့် နောက်မှ လိုက်လာ၏။

“လာကြဟေ့ မိရွှေနီကြီးတို့... ငါ့သမီးမိဖြူကြီးလည်း လာ လာ၊ အဖေတို့ အစာကျွေးမလို့”

မမြစိမ်းသည် ခေါင်းငုံ့နေရာက ကိုမြင့်နိုင်ကို မော့ကြည့်လိုက်လေသည်။ ကိုမြင့်နိုင်၏မျက်လုံးသည် သူ့ကိုသာလျှင် ကြည့်နေ၏။ လွှဲဖယ်လို့က မရ။ နှုတ်ခမ်းကလည်း ပြုံးနေ၏။

“ဟင်... မျက်နှာကိုက မုန်းစရာ”

မမြစိမ်းသည် ဒေါပွပွနှင့် နှမ်းဖတ်တွေကို ဖိ၍နယ်၏။

“ကျောင်းအမကလည်း ဒေါချည်းပဲကိုဗျာ၊ ပေးပါ... ကျွန်တော် နယ်ပေးပါ့မယ်”

ကိုမြင့်နိုင်သည် သံပုံးကိုအတင်းဆွဲလုတော့မှ မမြစိမ်းသည်

မျက်နှာကို တစ်ဖက်သို့ လှည့်နေ၏။ ကိုမြင့်နိုင်က မချိုမချဉ် ပြုံးနေလေသည်။

"ဖုရားသခင်မဆိုတာ ဒေါမပွကောင်းဘူးတဲ့ဗျ၊ တစ်ကြိမ်တစ်ခါ မလိမ္မာလို့ မိုက်မှားဖူးခဲ့တဲ့ ကျွန်တော်မျိုးကို ချမ်းသာပေးရောပေါ့တဲ့ဗျာ တကတဲ"

မမြစိမ်းသည် နှုတ်ခမ်း စူအောင့်အောင့်ရှိနေရာက ခေါင်းငုံ့၍တော့ ပြုံးလိုက်မိလေသည်။ စိတ်ထဲတွင်တော့ ဘာကိုဝမ်းနည်းနေမှန်းမသိ။ ကြေကြေကွဲကွဲကြီး ဖြစ်နေ၏။ အဖြေရှာလို့လည်း မရပါ။ အနီးစပ်ဆုံး အဖြေကတော့ ကိုမြင့်နိုင်နောက်ကျောကို အားရပါးရ ထုပစ်ရင်း ကျွန်မကို စိတ်ဒုက္ခပေးဦး၊ သိလားဟု ပြောကာ ငိုလိုက်ချင်ပေသည်။

အဲဒါမှ အခက်ဆုံးပါကလား။

ရွှေကြက်သံချို

မမြစိမ်းသည် ဒီနေ့မှ နေရထိုင်ရ အခက်ဆုံးပါဟု ထင်လေသည်။ ကြည့်ပါဦးတော့၊ ကိုမြင့်နိုင်သည် သူ့ကိုသာလျှင် မချင့်မရဲကြီး ပြုံး၍ ကြည့်ကြည့်နေတတ်၏။ ခါတိုင်း ထမင်းမျက်နှာချင်းဆုံ၍ စားရစဉ် စိတ်ထဲက ဘယ်လိုမှမဖြစ်။ ယနေ့တော့ ထူပူ၍နေသည်။ ရှိန်းဖိန်း၍ နေသည်။ ရယ်ချင်သလို၊ ငိုလိုက်ချင်သလိုနှင့် ဘယ်လိုဖြစ်နေမှန်းမသိ။

ပြီးတော့ မမြစိမ်းသည် ကိုမြင့်နိုင်နှင့် မျက်နှာချင်းဆိုင် တွေ့ရမှာကိုပဲ တစ်မျိုးဖြစ်နေ၏။ မတွေ့ချင်တာလည်း မဟုတ်။ တွေ့ပြန်တော့ ခေါင်းကို ငုံ့ချထားမိ၏။ မျက်လွှာကို စင်းထားလိုက်သည်။ ဒါပေမဲ့ မတွေ့အောင်လည်း ရှောင်ရှားနေချင်သည်။ ဒါကြောင့် တစ်နေကုန် အခန်းထဲ ဝင်အိပ်နေမိ၏။

အိပ်ရာပေါ်တွင်သာ လှဲနေရသည်။ အိပ်လို့ကလည်း ပျော်သည်တော့ မဟုတ်။ ဟိုလိမ့် ဒီလိမ့်နှင့် အိပ်ရာတွင် လိမ့်၍နေမိသည်။ ဟိုတွေး

ဒီတွေး လျှောက်တွေးရင်း နောက်ဆုံးတော့လည်း ကိုမြင့်နိုင်အကြောင်းကိုသာ တွေးမိလေသည်။

"သူ့မိန်းမကို သူသိပ်ချစ်တယ်ဆိုပါကလား၊ မိန်းမကလည်း ယောကျ်ားကို ညာဦးမှပေါ့၊ သူ့သဘောချည်း အရမ်းလုပ်နေတာမျိုးဟာ ကြင်နာမှု ဘယ်ရှိနိုင်ပါ့မလဲ၊ ပြီးတော့ ကလေးလေးကလည်း အတင်းခေါ်သွားသတဲ့၊ ဩော် လက်စသတ်တော့ ကိုမြင့်နိုင်က ကလေးတစ်ယောက်အဖေ ဖြစ်နေတာကိုးနော်"

မမြစိမ်းသည် ထပ်တလဲလဲ ကိုမြင့်နိုင်အကြောင်းကို တွေးနေမိပြီး စိတ်ထဲမှာ မသက်မသာဖြစ်၍သာ လာလေသည်။

"လူကိုက လူပျိုယောင်ယောင်နဲ့... အားကြီး မှန်းစရာကောင်းတယ်"

မမြစိမ်းသည် သူ့ခေါင်းအုံးကို ခုတင်တစ်ဖက်ဆီသို့ ဒေါပွပွနှင့် လွှင့်ပစ်လိုက်သည်။

"နောက်ပြီး ရုပ်ကိုက မခုတ်တတ်တဲ့ကြောင်လိုပဲ... ဟင်း"

ဘာလုပ်ရမှန်းမသိတိုင်း အိပ်ရာခင်းကိုသာ မဲပြီး ချေမွနေမိ၏။

"ဘာပဲဖြစ်ဖြစ် အချစ်ဦးဟာ အချစ်ဦးပဲ၊ သူ့မိန်းမကိုတော့ သတိရနေမှာပဲ၊ အလကား... သူ့အပူလုံး သက်သာအောင် ငါ့ကို လာကပ်တာ"

မမြစိမ်းသည် ပြေကျနေသော ဆံစတွေကိုပင် မသိမ်းနိုင်တော့။ အိပ်ရာပေါ်တွင် လှဲနေလို့မရ။ ဘယ်ကိုသွားနေနေရမှန်းလည်း မသိ။ ခြံထဲသို့သာ ဆင်းမိဆင်းရာ ဆင်းလာခဲ့လေသည်။ ရေတွင်းနား ရောက်လာတော့မှပဲ ခြေပစ်လက်ပစ် မြက်ခင်းပေါ်တွင် ထိုင်ချလိုက်မိလေသည်။

"မမြစိမ်း... ဒီမှာ တစ်ယောက်တည်း ဘာလာလုပ်နေသလဲ၊ ကျွန်တော့်ကို စိတ်ဆိုးတုန်းပဲလား"

နောက်နားဆီမှ အသံကြားလိုက်ရတော့ ကျောထဲမှာ ချမ်းတက်

သွား၏။ ဒါပေမဲ့ လှည့်ပြီး မကြည့်မိ။

"ကျွန်တော့်ကို ဘယ်လိုအပြစ်ပေးချင်သလဲ"

ပြင်းထန်ပူနွေးသော အသက်ရှူသံသည် သူ့ပခုံးပေါ်၌ ဝဲနေ၏။

"ကျွန်တော့်ရင်ထဲမှာ မျိုသိပ်ထားလို့ မရတော့ဘူးလေ၊ ချစ်လို့ ချစ်ပါတယ်ပဲ ဖွင့်ပြောလိုက်ရမှ ဖြစ်တော့မှာပဲ၊ ချစ်တာကတော့ ချစ်တာပဲကိုး၊ သူ့ဟာသူ ရင်ထဲက ချစ်လာတာကို ဘယ်နဲ့မှ တားလို့လည်း မရတော့ဘူး"

"တော်ပါ၊ ရှက်စရာကောင်းတာတွေ ထပ်ထပ်ပြောနေတာပဲ"

မမြစိမ်းသည် နားတွေထူပြီး ပါးတွေပူလာ၏။ ဒီလိုလာပြီး ပြောပြန်တော့လည်း ရှက်ပြီးရင်း ရှက်မိပြန်လေသည်။ ဒါပေမဲ့ စိတ်ထဲကတော့ မယုံချင်ပါ။ ကျွန်မကို တကယ်ချစ်ရဲ့လား၊ အဟုတ်လားဟူသော မေးခွန်းမျိုးကို မေးကြည့်ရဲသော အမျိုးသမီးမျိုးမဟုတ်၍လည်း ခက်လှပါ၏။

"ကျွန်တော်လေ မမြစိမ်းဆီက အဖြေရပြီးရင် ဟန်းနီးမွန်းထွက်ဖို့ စိတ်ကူးထားတယ်၊ ဘုရားတွေလည်း ဖူးမယ်၊ ပြီးတော့ ရန်ကုန်ကိုပြန်ပြီး ကျွန်တော် ဘယ်အလုပ်မျိုးဝင်ရမယ်ဆိုတာ မမြစိမ်းဆီက အကြံဉာဏ်တောင်းရမယ်၊ ပြီးတော့ မမြစိမ်း သဘောကျတဲ့နေရာမှာ နေမယ်၊ အို... သိပ်ပျော်ဖို့ကောင်းမှာပဲဗျာ၊ အဖြေပေးပါဦး မြရယ်... အဖြေပေးစမ်းပါဦး"

မမြစိမ်းက မတုန်မလှုပ် ငိုင်၍နေ၏။ ရင်ထဲမှာတော့ တဒိတ်ဒိတ် ခုန်နေလေသည်။ ခုနေတော့ ဘာမှမလုပ်ချင်။ ခုလိုပဲ မြက်ခင်းပေါ်တွင် ထိုင်ငေးချင်နေ၏။ ကိုမြင့်နိုင်သည် အနားသို့ကပ်လာ၍ ထိုင်လေသည်။ ပြီးတော့ မမြစိမ်းကိုသာ ချစ်ခင်သော အမူအရာနှင့် မချင့်မရဲ ကြည့်နေပြန်၏။

မမြစိမ်းသည် မျက်နှာမထားတတ်ဖြစ်၍ လာရတော့သည်။ မော့၍ ကြည့်လိုက်တိုင်း ချစ်ခိုးလျှံဝေနေသော မျက်လုံးကြီးတွေနှင့်သာ ရင်ဆိုင်နေရ၏။

"အနားက သွားစမ်းပါရှင်၊ ကျွန်မ မနေတတ်ဘူး"

မမြစိမ်းက ရိုးသားစွာ ပြောလိုက်သည်ကိုပင် ကိုမြင့်နိုင်က အလွန်သဘောကျပြီး ရယ်နေလေသည်။

"မသွားဘူးဗျာ၊ မမြစိမ်းဆီက အဖြေမရမချင်း"

ကိုမြင့်နိုင်က ပေကတ်ကတ်နှင့် အနားမှ မခွာပေ။ မမြစိမ်းသည် ဒေါပွလာကာ ပခုံးကို တအားတွန်းပစ်လိုက်လေသည်။ ဒီလို အားလွန်ပြီး လဲကျသွားပြန်တော့လည်း မျက်လုံးကလေးပြူးပြီး စိုးရိမ်သွားမိပြန်၏။

"နာသွားသလားဟင်... ဟင် ကိုမြင့်နိုင်"

ကိုမြင့်နိုင်သည် မချင့်မရဲဖြစ်လာကာ မမြစိမ်း၏နဖူးရှေ့တွင် ဖွာလွင့်နေသော ဆံယဉ်စကလေးတွေကို လက်နှင့်အသာ ဆွဲခါပစ်လိုက်မိပြီးမှ အားနာဟန်နှင့် ထိုင်ရာမှ ထလိုက်လေသည်။

"ကဲ... ခုချက်ချင်း အဖြေမပေးချင်သေးရင် ဒီတစ်ည စဉ်းစားဦး၊ မနက်ကျတော့မှသာ သိပါရစေ အချစ်ရယ်"

"တယ်လို့လည်း ခက်ပါလားရှင်"

မမြစိမ်းသည် အဖြေကို ဘယ်လိုပေးရမှန်းမသိ။ ချစ်မိနေသလား၊ မချစ်ဘူးလား။ အို... ရင်ထဲမှာ ဘယ်လိုလဲ မပြောတတ်။ မဝေလည်း မဝေခွဲတတ်။ တကယ့်အဖြေကတော့ အသည်းနှလုံးထဲမှာ ရှိနေ၏။ ဒါပေမဲ့ ဘယ်လိုဖွင့်ထုတ်ပြောလိုက်ရမှန်းမသိ။ စိုးရိမ်စိတ်တွေလည်း ပြည့်နေ၏။ ကြောက်လည်း ကြောက်ရွံ့ပေသည်။ ဘာကိုအတိအကျ ကြောက်လန့်နေမိမှန်းလည်း မသိပါ။

ညသို့ပင် တိုင်ခဲ့ပေပြီ။ လမင်းကလည်း ထိန်ထိန်သာနေသည်။ အိပ်လို့ကလည်း မရပါ။ ရင်ထဲမှာလေ... ရင်ထဲမှာ၊ မမြစိမ်း၏ရင်ထဲမှာတော့ ခက်လို့ပဲ နေပါပြီ။ နောင်ရေးကို တွေးတွေးပြီး ကြောက်နေတယ်ပဲ ခေါ်ရမလား။ အချစ်သည် ကစားစရာမဟုတ်။ တစ်သက်လုံး အရေးပင်ဖြစ်သည်။ ကိုမြင့်နိုင်သည် စိတ်ချယုံကြည်ရမည့်လူ ဟုတ်ရဲ့လား။ ဒါကိုပဲ မမြစိမ်းသည် တွေးနေမိ၏။

ညသန်းခေါင်ယံမှပင် လွန်မြောက်၍ အရုဏ်တက်သို့ပင် ပြောင်းလဲလာခဲ့ချေပြီ။ မမြစိမ်းသည် စိတ်ဆုံးဖြတ်၍မရသေး။ အိပ်လို့လည်း မပျော်နိုင်သေးပါ။

"အောက်–အီး–အီး–အွတ်"

ဟော... ရွှေကြက်တောကြီးပင် တွန်သံချိုလေပြီ။ မမြစိမ်းသည် ခြင်ထောင်စတစ်ဖက်ကို လက်ဖြင့် အသာပင့်ကာ အိပ်ရာမှ အားယူ၍ ထလိုက်၏။ ကပိုကရိုနှင့် ပြေကျလာသော ဆံပင်တွေကို ပြန်၍ မထုံးနိုင်သေးဘဲ မှန်ပြတင်းပေါက်ကိုသာ တွန်းဖွင့်ကြည့်ရလေသည်။

အပြင်မှာတော့ နှင်းတွေ မှုန်ကျနေ၏။ မမြစိမ်းသည် ငှက်ဖျားမိလာခါစရုပ်နှင့် ဒီလိုအချိန်တွင် ရောက်လာသော ကိုမြင့်နိုင်ကိုသွား၍ သတိရမိပြန်၏။

"အောက်–အီး–အီး–အွတ်"

နောက်တစ်ကြိမ်ထပ်၍ပင် ရွှေကြက်တောက မာလကာပင်ပေါ်မှ တွန်သံပေးပြန်ပေပြီ။ မမြစိမ်းသည် ပြေလျော့၍ ဖွာကျနေသော ဆံပင်ကိုပြင်၍ ထပြီး ခေါင်းအုံးအောက်မှ မီးခြစ်နှင့် ဖယောင်းတိုင်ကို လက်နှင့် စမ်းကာ ယူလိုက်လေသည်။

"ဆိုင်ရှင်တို့ မရှိကြဘူးလား၊ တံခါးဖွင့်ပေးကြစမ်းပါဦးရှင်"

မမြစိမ်းသည် မီးအိမ်ကို ကမန်းကတန်းထွန်းပြီး အိမ်ရှေ့ကို ပြေး

ထွက်လာခဲ့ရလေသည်။ အိမ်ရှေ့တွင် ကိုမြင့်နိုင်နှင့် မျက်နှာချင်းဆိုင် တွေ့နေ၏။

"အရမ်းဖွင့်မပေးနဲ့ဦး မြ၊ ဘယ်သူမှန်းလဲ သိတာမဟုတ်ဘူး"

ကိုမြင့်နိုင်က မမြစိမ်းလက်ထဲမှ မီးအိမ်ကို လှမ်းယူထားလိုက်၏။ မမြစိမ်းသည် ပျဉ်ပေါက်ကြားမှ အပြင်သို့ ချောင်းကြည့်လိုက်လေသည်။

"အို... မိန်းကလေးတစ်ယောက်ပါ၊ သူ့ခမျာ ချမ်းရှာလွန်းလို့ တုန်နေတာပဲ၊ လက်ထဲမှာလည်း ကလေးတစ်ယောက်နဲ့"

မမြစိမ်းသည် ကိုမြင့်နိုင်ကိုပင် လှမ်းမကြည့်အားဘဲ တံခါးမင်း တုပ်ကို ဖြုတ်ကာ တံခါးကိုသာ တွန်းဖွင့်ပေးလိုက်မိလေသည်။

"ဒီဆိုင်မှာ ကိုမြင့်နိုင်ဆိုတဲ့လူ တည်းနေတယ်ဆိုရှင်၊ အဲဒီလူက ကျွန်မ ယောကျ်ားပါရှင်၊ သူဘယ်မှာလဲဟင်... သူဘယ်မှာလဲ"

တံခါးဖွင့်လျှင် ဖွင့်လိုက်ချင်း မိန်းကလေးသည် သုံးနှစ်သား ကလေးကို ပွေ့ချီ၍ ဆံပင်ဖိုးရိုးဖားရားနှင့် အိမ်ထဲသို့ ပြေးဝင်မေးလာ လေသည်။ မီးအိမ်ကြီးကိုင်ထားသော ကိုမြင့်နိုင်သည် ကြောင်ရပ်နေ၏။ မီးရောင်ထဲမှ မိန်းကလေးသည် ချစ်စရာကောင်း၏။ ချော၏။ လှ၏။ ဒါပေမဲ့ ကျန်းမာလှဟန်မတူ၊ ပိန်နေသည်။ ကိုမြင့်နိုင်ကို မြင်လိုက်ရလျှင် ပင် အငမ်းမရ ပြေးဖက်တော့သည်။

"မောင်ရယ်... မောင့်ကို ဖြူရှာလိုက်ရတာ မောင်ရယ်၊ တစ်မြို့ ပြီးတစ်မြို့ စုံစမ်းလိုက်ရတာ နှံ့နေပြီ။ ဖြူ မမိုက်တော့ပါဘူး၊ ဖြူ မှားခဲ့ တာတွေကို စိတ်မဆိုးပါနဲ့မောင်ရယ်... ဖြူ လိမ္မာပါတော့မယ်၊ ဖြူနဲ့ ရန်ကုန်ကို ပြန်လိုက်ခဲ့ပါ၊ ဟောဒီမှာ သားသား... မောင်ရဲ့သားလေး၊ မောင်က ကွာနိုင်ပေမဲ့ ဖြူက မောင့်ကို မကွာနိုင်ပါဘူး၊ ဖြူက မောင့်ကို သာ ချစ်တာပါ၊ အခုတော့ ဖြူလည်း ကျော်ကြားမှုတွေ၊ နာမည်ကြီးမှု တွေ အလိုမရှိတော့ပါဘူး မောင်ရယ်၊ မောင်နဲ့အတူတူ အိမ်မှာပဲ နေမယ်

နေ့ဝ်"

ဖြူဆိုသည့် မိန်းကလေးသည် ကိုမြင့်နိုင်လက်ထဲတွင် သားငယ်ကို ထည့်ကာ ရှိုက်၍ရှိုက်၍ ငိုတော့လေသည်။ မမြစိမ်းသည် ခေါင်းကိုသာ ငုံ့ချကာ ထိုနေရာမှ ဖြည်းလေးစွာ လှည့်ထွက်လာမိလေသည်။ ဘယ်သို့ ထွက်လာမိမှန်းပင် မသိ။ မျက်စိထဲတွင် ဘာမှလည်း မမြင်ရ။ အားလုံး ပင် ပြာမှိုင်းနေ၏။

ရင်ထဲတွင် ဆို့နစ်နေ၏။ ကျပ်ညပ်နေ၏။ ပွတ်သိပ်နေ၏။ ဘာတွေပြည့်ကယ်နေမှန်းမသိ။ ခလုတ်တိုက်လိုက်လို့ မော့ကြည့်မိတော့မှ ပင် ရေတွင်းနားသို့ ရောက်လာခဲ့မှန်းကို သိရလေသည်။ ရင်ထဲတွင် ပူလောင်နေကာ ရေတွင်းဘောင်ကို မှီပြီး ရပ်နေမိ၏။

"မြ–မြ... မြစိမ်း"

အသံကို နောက်နားမှ ကြားပေမဲ့ လှည့်လို့လည်း မကြည့်မိ။ ရှေ့တည့်တည့်ကိုသာ ငေးနေလေသည်။

"ကျွန်တော့်ကိုတော့ မြစိမ်း စိတ်ဖြေလို့မရအောင် စိတ်ဆိုးမှာပဲ လေ၊ ဒါပေမဲ့ ကျွန်တော်တော့ မမြစိမ်း ဆုံးဖြတ်တာကိုပဲ နားထောင်ပါ မယ်၊ ကျွန်တော့်ကို အဆုံးအဖြတ်ပေးပါ မမြစိမ်းရယ်... မမြစိမ်းဆီက ကျွန်တော် အဖြေတောင်းထားတယ်မဟုတ်လား၊ ကျွန်တော် အဖြေမှန် ကိုသာ သိပါရစေ။ အဖြေမှန်ကိုသာ သိရမှ ကျွန်တော့်ဘဝဟာလည်း ပြတ်သားတော့မှာပဲ၊ ခုတော့ ကျွန်တော်လည်း ဘယ်လိုမှ မကြံတတ် တော့ဘူး၊ အပြစ်မရှိတဲ့ ကျွန်တော့်ကလေးကိုပဲ ကျွန်တော် သနားတယ်"

ကိုမြင့်နိုင်သည် သူ့ရင်ထဲတွင် ဖြစ်ပေါ်လာသည့်အတိုင်း မှန်ကန် ရာကိုသာ ဝန်ခံလေသည်။ မမြစိမ်းသည် ရင်ထဲတွင် တလှိုက်လှိုက်ဖိုကာ ငိုချင်နေပေမဲ့ နှုတ်ခမ်းကို ဖိကိုက်ထားမိလေသည်။ ရင်ထဲတွင် ပူလောင် နေ၏။ သူအရင်က အဖြေမပေးခဲ့မိတာ တွေးတွေးကြောက်လို့ပင် ဖြစ်

ပေးသည်။ ယခုတော့ တွေးကြောက်မိသည့် ပြဿနာကြီးနှင့်ပင် တိုးပါလေပြီကော။ ဖြူသည် ကလေးပိုက်၍ လိုက်လာခဲ့လေပြီ။ မုန်းပြီး ပစ်ခဲ့ပါပြီဆိုသော ကိုမြင့်နိုင်သည် သူ့မယားဟောင်းနှင့် ကလေးကို တွေ့လိုက်ရတော့...

အို အို... မစဉ်းစားချင်တော့ပါ။ မမြစိမ်းသည် နှုတ်ခမ်းကို ပြုတ်ကျလုမတတ် ကိုက်ချလိုက်မိလေသည်။

"ကိုမြင့်နိုင်... ရှင်ပြန်၊ ရှင့်မိန်းမနဲ့ အခု ရန်ကုန်ပြန်သွားပါ၊ ကျွန်မ... ကျွန်မ ရှင့်ကို မချစ်နိုင်ဘူးရှင့်၊ မုန်းတယ် မုန်းတယ် သိရဲ့လား"

မမြစိမ်းသည် နောက်ဆုံးတော့ ဒီလိုပဲ ကြေကြေကွဲကွဲ ပြောခဲ့မိပြီး ခြေဦးတည့်ရာသို့ ပြေးထွက်လာခဲ့မိလေသည်။ နံနက်ဦး၏လေပြည်ကတော့ မွှေးကြိုင်အေးမြနေပါ၏။ မမြစိမ်းသည် ပြေးမိပြေးရာ ပြေးလာခဲ့ရင်း မောလို့ ရပ်နားလိုက်မိတော့ ချောင်းကလေးဘေးမှ ဧရာလပ်ပင်ကြီးအောက်တွင် ရပ်နေမိလျက်သား ဖြစ်နေလေသည်။

လေတစ်ချက် အဝင့်လိုက်တွင် ဇလပ်ပွင့်တွေသည် ဖွေးဖွေးဖြူအောင် မမြစိမ်း ကိုယ်ပေါ်သို့လွင့်ကျလာ၏။ မမြစိမ်းသည် ဇလပ်ပင်ခြေရင်းကိုမှီကာ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားလိုက်မိလေသည်။

ဟိုးအဝေးမှာတော့ ရွှေကြက်တောကြီးက တွန်သံချိုရှာတုန်းပင်ရှိချေ၏။

ရွှေကြက်သံချိုပြီး ပဟိုရ်နာရီ ပြောင်းခဲ့ပေမဲ့လည်း အခါတော်နှောင်းပါလို့ အကြောင်းကံရယ် ဖန်လာအားခဲ့ပါပြီကော။

ရှုမဝ၊ ဖေဖော်ဝါရီ၊ ၁၉၉၅။

❐



## ရွှေစင်ဦး

### မြင်လျှင်မြင်ချင်းပင်

ရွှေတိမ်လိပ်သည် ပြာလဲ့လဲ့လှိုင်းအလိပ်ပေါ်တွင် ရွှေကွက်ပြေးနေသည်။ ပုလဲမှုန်တွေ ခင်းထားသော သဲသောင်ပြင်မှာလည်း ရွှေတိမ်ရောင်နှင့် ဝင်းတလဲ့လဲ့ဖြစ်နေသည်။ ရွှေပုလဲသောင်ခုံတွင် ဂျစ်ကားစိမ်းကလေး တစ်စီး ရပ်ထား၏။

"မရွှေဦးက ဒီလို ရေကူးအဝတ် ဝတ်ထားတော့ တကယ့်ကို အက်(စ်)သာဝီလျံနဲ့တူတာပဲ ဆရာ၊ ဟုတ်တယ် မဟုတ်လား အန်တီ"

"သင်းသင်းကလည်းကွာ၊ အက်(စ)သာ ကြားရင် ဗိုင်းခနဲ လဲသေချင်အောင် ပြောရော့မယ်၊ လာလာ... ရေသွားကူးစို့၊ နေဝင်တော့မယ် သင်းရဲ့"

ရေကူးအဝတ် ဝတ်ထားသည့် အသားဝါဝါနှင့် အသားဖြူဖြူ မိန်းမပျိုကလေးနှစ်ဦးသည် အင်းလျားကန်စပ်ဆီသို့ ရှေ့ဆင့်နောက်ဆင့် ပြေးသွားကြသည်။ အသားဝါမိန်းမပျိုက နောက်သို့ တစ်ချက်လှည့်ကြည့်ရင်း ခြေတန့်သွားသည်။

"မေမေကလည်း... ထဘီရင်ရှားကြီးနဲ့ ကားထဲဝင်ထိုင်နေပြန်ပါပြီ၊ အအေးမိလိမ့်မယ် မေမေရဲ့၊ ရေမချိုးသေးဘူးလား"

သမီး စကားကြောင့် မိခင်က ကားထဲမှ ရှုံ့မဲ့၍ ရေစပ်ဆီသို့ ဆင်းလာ၏။

"ရေမြင်တာနဲ့ ကျောစိမ့်ပါတယ်အေ" ဟု ညည်းတွားနေသည်။

မရွှေဦး၏ ရေကူးအဝတ် အပြာနုရောင်သည် နီလာတစ်ကွက်၊ ရွှေတစ်ကွက် ထနေသော အင်းလျားရေပြင်နှင့် ရောနေသည်။ သင်းသင်း၏ ရေကူးအဝတ်စိမ်းသည် သူမ၏ဖြူဖွေးသော အသားနုကို ပို၍ထင်ရှားစေလေသည်။ သင်းသင်းက အရင် ရေထဲသို့ ပြေးဆင်းကာ ရွှေငါးကလေးလို ကော့လိုက်ကြော့လိုက်နှင့် ရေဆော့နေ၏။ မရွှေဦးက ရေစပ်တွင် ခြေစုံရပ်၊ လက်နှစ်ဖက်ဘေးဆန့်၍ လတ်ဆတ်မွှေးကြိုင်သော လေချိုအေးကို အားရပါးရ ရှူနေရာ ဖုထစ်ပြေပြစ်ဝါဝင်းသော ကိုယ်ကလေးမှာ လေထဲတွင် ပေါ့၍ကော့၍ မြောက်မြောက်သွားသဖြင့် အတောင်ဖြန့်ပြီး ပျံအားယူနေသော စင်ရော်ငှက်မကလေးနှင့် တူနေသည်။

"လှတယ်ဟေ့... မဦးကွ... ကြိတ်ပေးကွ၊ ဒါက ဖရန့်ပို့(စ)၊ ဟောဒါက အော့ရှင်နယ်ပို့(စ)... ဟားဟားဟား"

သင်းသင်းက ရေနှင့်လှမ်းပက်ရင်း နောက်နေ၏။ မရွှေဦးက ရှက်ကိုးရက်ကန်းဖြစ်လာသော်လည်း လေဆက်ရှုနေစဉ် ကားတစ်စီး ဆိုက်ရပ်သံကို ကြားရ၏။ သင်းသင်းက ရေထဲမှ တခစ်ခစ်ရယ်နေရာ မရွှေဦး၏မိခင်က လှမ်း၍ဟန့်ရသည်။ သင်းသင်းက အရှိန်မသတ်နိုင်၊ တခစ်ခစ်ပင် ရယ်နေပြန်ရာ မရွှေဦးမှာ မလုံသလိုဖြစ်လာ၍ နောက်သို့ ခေါင်းငဲ့ကြည့်လိုက်သည်တွင် အရပ် ငါးပေ ရှစ်လက်မခန့်၊ ဘောင်းဘီတိုနှင့် မျက်နှာသုတ်ပဝါအဖြူ အမွေးပွကြီးကို ခြုံကာ စတူဒီဘေကာ

ကားတံခါးဘေးတွင်ရပ်၍ မရွှေဦးကို ငေးကြည့်နေသည့် ယောကျ်ားပျို တစ်ဦးကို တွေ့လိုက်ရလေသည်။

"အို"

မရွှေဦးက ရှိန်းသွားသဖြင့် ရေထဲသို့ ပြေးဆင်းကာ ရေငုပ်ပစ်လိုက်၏။ ယောကျ်ားပျိုလည်း ခေါင်းကို တစ်ဖက်သို့လှည့်ကာ မနီးမဝေး ရေစပ်ဆီသို့ လျှောက်သွားသည်။ မရွှေဦး ရေပေါ်ပြန်တက်လာသော အခါ သင်းသင်းက နောက်နေ၏။ ပြာလဲ့သော နီလာပြင်တွင် ရွှေငါး ကလေးနှစ်ကောင်သည် လွန့်၍လူး၍၊ ကော့၍ကြော့၍ ရေကူးနေကြ သည်။ ယောကျ်ားပျိုမှာ ဘုန်းမောင့်တစ်ယောက်တည်းလုပ်ကာ တစ်ယောက်တည်း ကျွမ်းပစ်၊ ရေငုပ်၊ ဒိုင်ဗင်ထိုးနှင့် ရေကစားနေသည်။ သင်းသင်းက နောက်ကလိုက်၏။ မရွှေဦးက ရှေ့က ပြေးသည်။ သင်းသင်းအလစ်တွင် မရွှေဦးသည် ရေထဲငုပ်ကာ ပျောက်ချက်ကောင်း သွားသည်။ အတော်ဝေးဝေး တစ်နေရာသို့ရောက်မှ ကိုယ်ဖော့ကာ ရေ ပေါ်သို့တက်လာရာ တစ်စုံတစ်ယောက်နှင့် ဝင်တိုက်မိတော့လေသည်။

"အို... ဆောရီး"

ဖြစ်မှဖြစ်ရလေ မရွှေဦးရယ်... ယောကျ်ားပျို၏ရင်ခွင်ကို သူက ခေါင်းနှင့် ဝင်တိုက်မိခြင်းဖြစ်သည်။ မရွှေဦးက ရှက်ကိုးရှက်ကန်းနှင့် ရယ်လိုက်ရာ ယောကျ်ားပျိုလည်း ရယ်နေသည်။ ဖြူဖွေးပြီး ပုလဲရောင် တောက်နေသော မရွှေဦး၏သွားကလေးတွေမှာ နေရောင်ဟပ်ပြီး ပိုလှ နေသည်။ မရွှေဦးက အမှတ်တမဲ့ ရယ်နေရာမှ ယောကျ်ားပျို၏စိမ်းလဲ့လဲ့ သင်းနေသော မျက်လုံးကို မြင်လိုက်ရာ လန့်သွားလေသည်။ ကမန်း ကတန်း ရေကူးလိုက်လေသည်။

"ပလိ(စ)... ဒီမှာ ခင်ဗျား နာမည်ကလေး တစ်ဆိတ် မသိရဘူး လား"

နှာတံပေါ်ပေါ်၊ မျက်ခုံးနက်နက်၊ မျက်နှာလုံး၊ ရင်အုပ်ကျယ်ကျယ်နှင့် ယောကျ်ားပျိုသည် ရေရွှံနေသောကိုယ်နှင့်ပိုပြီး ခံ့ညားနေသည်။

"ဘာလုပ်မလို့လဲရှင့်"

ယောကျ်ားပျိုလည်း ဘေးနားတွင်ယှဉ်၍ ကိုယ်ဖော့ကာ လိုက်လာသည်။ ယောကျ်ားပျိုက အဓိပ္ပာယ်ပါသောမျက်လုံးနှင့် မရွှေဦးကို ပြုံး၍ကြည့်လိုက်ရာ မရွှေဦး ခေါင်းငုံ့သွားလေသည်။

"မရွှေဦးလို့ ခေါ်တယ်"

"ကျွန်တော့်နာမည်ကတော့ ဘသန်းမြင့်တဲ့"

မရွှေဦးသည် မျက်လုံးနှစ်ဖက် မြင့်တက်သွားကာ

"ဩော်... ဒါဖြင့် ရှင် ဘသန်းမြင့်ကုမ္ပဏီပိုင်ရှင်ပေါ့"

"ဟုတ်ကဲ့၊ တစ်ခါလောက် ကျွန်တော့်စတိုးကို လာမယ် မဟုတ်လားဗျာ"

မရွှေဦးသည် မျက်တောင်ကော့ကြီးအောက်က အရည်လက်နေသော မျက်လုံးကြီးနှင့် ဘသန်းမြင့်ကိုကြည့်ကာ ပြုံးပြီး ရှေ့ကနေ ရေကူးသွားတော့သည်။

"မရွှေဦး၊ ခဏ... ခဏ"

ဘသန်းမြင့်က နောက်ကနေ အမောတကြီး ခေါ်ပြန်၏။ မရွှေဦး၏အရည်လက်နေသော မျက်လုံးနှင့် ယောကျ်ားပျို၏ စိမ်းလဲ့လဲ့မျက်လုံးနှစ်စုံသည် လျှပ်စီးလက်သွားသည်။

"ခင်ဗျား အက်ဒရက်စ် (အိမ်လိပ်စာ) တစ်ဆိတ် မသိရဘူးလား"

"အိမ်နံပါတ် × × × သော်မဆင်ရိပ်သာ"

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်"

မရွှေဦးသည် ချာခနဲလှည့်ကာ သူ့နေရာဆီသို့ ပြန်ကူးလာခဲ့ရာ ဘသန်းမြင့်သည် မရွှေဦးကို ငေးကာ ကျန်ခဲ့လေသည်။

"ဟေး... မရွှေဦး၊ ပျောက်ချက်သားကောင်းသွားလိုက်တာ၊ မှန်မှန်ပြော၊ ဘယ်ရောက်သွားသလဲ"

သင်းသင်းက မရွှေဦး လက်ကိုဆွဲကာ ကျောက်တုံးတစ်တုံးပေါ်သို့ ခေါ်သွား၏။

"တိုးတိုးမေးကွ မေမေ ကြားသွားမယ်၊ ဘယ့်နှယ်ကွာ... ဟိုလူကြီးရင်ဘတ်ကို ခေါင်းနဲ့သွားတိုက်မိလို့"

ဟုအစချီကာ မရွှေဦးက အစအဆုံး ပြောပြရာ သင်းသင်းမှာ တခိခိနှင့် သဘောကျနေသည်။

**မင်္ဂလာဦး**

ဤအဖြစ်အပျက်ကား လွန်ခဲ့သော တစ်လ နှစ်လလောက်တုန်းက ဖြစ်ပေသည်။ ယခုလတ်တလော အဖြစ်အပျက်နှင့် လုံးဝမတူတော့ပေ။

သူဌေး ဦးဘသန်းမြင့်နှင့် မရွှေဦးတို့ လက်ထပ်ခဲ့သည့် မင်္ဂလာပွဲသည် နံနက်ခင်းက မြို့တော်ခန်းမကြီးတွင် ကျင်းပပြီးစီးခဲ့သဖြင့် ညပိုင်းတွင် နာမည်ကြီး ဟိုတယ်တစ်ခုတွင် ဦးဘသန်းမြင့်က မိတ်ဆွေသင်္ဂဟအပေါင်းတို့အား ညစာတည်ခင်းကျွေးမွေးနေရသည်။

တစ်မနက်ခင်းလုံး ဧည့်ခံရ၊ တစ်နေ့လုံး ဧည့်ခံရ၊ တစ်ညလုံး ဧည့်ခံရ၊ လူစော်နံ၊ နိုင်လွန်စော်နံ၊ စီးကရက်စော်နံနှင့် မရွှေဦးမှာ ငြီးစီစီ ဖြစ်နေတော့လေသည်။ မရွှေဦးမှာ တစ်နေ့လုံး လူတွေကို ပြုံး၍ချည်း နှုတ်ဆက်နေရသောကြောင့် ပါးရိုးတွေပင် ကိုက်၍နေတော့သည်။

"သူဌေးမင်းနှင့် သူဌေးကတော်တို့တော့ နတ်ဖက်တဲ့လင်မယားပဲ၊ ရွှေနှင့်မြ၊ နေနှင့်လဆိုတာ ခုမှ မျက်မြင်ပဲ"

ဟု ချီးကျူးလာကြသည်မှာ ကြာတော့ ကြားရလွန်း၍ နားထဲမှာ

အူကာလေထွက်သလို ဖြစ်နေ၏။

"ကိုဘသန်းကလည်း ခုအထိ ပြန်မလာသေးပါလား"

မရွှေဦးသည် မင်္ဂလာဦးညတွင် လသာဆောင်ထွက်၍ သူ့မောင်ကို မျှော်ရတော့လေသည်။

"ကိုဘသန်းက အပေါင်းအသင်းများတာကိုး၊ သူ့သူငယ်ချင်းတွေက အတင်းဆွဲထားမှာပဲ၊ ဒီလူတွေကလည်းတော်"

မရွှေဦးသည် နှုတ်ခမ်းကလေးကိုစူ၍ ပြာလဲ့သော ကောင်းကင်ပြင်ကြီးကို မော့ကြည့်ကာ နေရလေသည်။ သန်းခေါင်ကျော် အချိန်လောက်တွင်မှ စတူဒီဘေကာကား ပြာကြီးသည် ခြံထဲသို့ ကွေ့ဝင်လာ၏။ မရွှေဦးက စိတ်ကောက်ပြီး တံခါးဆီသို့ ထမသွား။

"မရွှေစင်... မရွှေစင်ရေ"

မရွှေဦးအမည်ရင်းမှာ 'ရွှေစင်ဦး' ဖြစ်သည်။ မိဘတွေက ချစ်လွန်း၍ ရွှေစင်လိုဦးပြီး မွေးရသည့်ချစ်သမီးဟု အစွဲပြုကာ ရွှေစင်ဦးဟု အမည်ပေးခဲ့ရာတွင်တော့ မရွှေဦးဟုပင် အမည်တွင်နေသည်။ ကိုဘသန်းမြင့်တစ်ယောက်ကသာ သူ့ကို ချစ်စနိုးနှင့် ရွှေစင်ဟု ခေါ်တတ်သည်။

မသွားဘဲလည်း မနေနိုင်။ မရွှေဦးသည် နှုတ်ခမ်းစူစူနှင့် တံခါးကိုဖွင့်ပေး၏။ တံခါးဖွင့်လျှင်ဖွင့်ချင်း သူ့ဆီသို့ တစ်စုံတစ်ယောက် ရှေ့ထိုးကျလာရာ မရွှေဦးသည် ဆီးပွေ့လိုက်ရသည်။ သူ့မျက်စိကိုပင် မယုံနိုင်။ ခြေလှမ်းမှားပြီး သိုင်းကွက်နင်း၍ ဝင်လာသူမှာ သူ့မောင်တော် ကိုဘသန်းမြင့်ပင် မဟုတ်ပါလား။ မရွှေဦးမှာ ရင်ထဲတွင် ဒိန်းခနဲ ဆောင့်တက်သွားသည်။ သူ့နောက်က လူသုံးယောက်လည်း ပါလာကြ၏။

"စိတ်မပူပါနဲ့ သူဌေးကတော်၊ အပျော်လွန်သွားလို့ပါ၊ သူ သတိရပါတယ်"

"ဘုရား... ဘုရား"

မရွှေဦးမှာ ကြားရချက်တွေကို နားခါးလွန်းလှ၏။ သူအလွန်ချစ်တဲ့ မောင်၊ သူအလွန်အထင်ကြီးတဲ့ မောင်။ ဒီလိုပဲ လမ်းပေါ်မှာ ပုဆိုးမနိုင် ဘာမနိုင် ကျွတ်ကျွတ်လွတ်လွတ်နှင့် သိုင်းကွက်နင်းတတ်သလား။ မရွှေဦးသည် ထိုသူများကို လှမ်းကြည့်လိုက်၏။

"သူ ဒီလိုပဲ သောက်တတ်သလား"

မရွှေဦးက အလန့်တကြား မေးလိုက်လေသည်။ မှန်ပါသည်၊ မရွှေဦးသည် သူ့မောင်ကို ဘုမသိဘမသိနှင့် ချစ်ခဲ့ခြင်းဖြစ်ပေသည်။ သူနှင့်တစ်သက်လုံး နေသွားရမည့်လူအကြောင်းကို ခုမှ မေးမြန်းကြည့်မိလေသည်။

"ဟုတ်လား... သူ ဒီလိုပဲ သောက်တတ်သလား"

"နည်းနည်းပါးပါးပါဗျာ... ဒီနေ့မှ သူ့လူတွေက အတင်းတိုက်ကြလို့ပါ၊ ဒါတောင် ကျွန်တော်တို့ အတင်းဆွဲခဲ့လို့၊ သွားမယ်နော် သူငွေးကတော်၊ ဂွတ်နိုက်"

မရွှေဦးသည် ပါးစပ်ဟောင်းလောင်းဖြစ်ကာ ကိုဘသန်းမြင့်ကို ငုံ့ကြည့်မိ၏။ ကိုဘသန်းမြင့်က သူ့ကိုယ်သူ မနိုင်ဘဲနှင့် ဟန်ဆောင်၍ မတ်တတ်ရပ်၏။ ဟပ်ထိုး ဟပ်ထိုးဖြစ်နေရာ မရွှေဦးမှာ ရင်ထဲ၌ မခံစားနိုင်အောင် ဆို့တက်လာပြီး ကိုဘသန်းမြင့်ကို မင်္ဂလာဦးအခန်းထဲသို့ တွဲခေါ်ခဲ့ရသည်။ ဘယ်အချိန်က သူငိုခဲ့သည် မသိ။ ပူနွေးသော မျက်ရည်တွေက ပါးပြင်ပေါ်တွင် ရွှဲနေပေပြီ။

"ရွှေစင်... မရွှေစင်"

လျှာလေးအာလေးနှင့် ကိုဘသန်းမြင့်က ခေါ်သည်။ မရွှေဦးသည် ကိုဘသန်းမြင့်ကို ခုတင်ပေါ်သို့ ဆွဲတင်ထားသည်။

"ဘာလဲ မောင်... ဘာလဲ"

စိတ်ဆိုးသံ၊ မချိသံ၊ ကရုဏာသံအမျိုးစုံတို့သည် မရွှေဦး၏ရင်

ခွင်ထဲမှ ပေါက်ကွဲထွက်လာ၏။ ပြာလဲ့လဲ့ ခတ်မီးရောင်သည် မင်္ဂလာဦးဇနီးမောင်နှံ၏ သရုပ်ကို မထင်မရှား မှုန်ဝါးဝါးပြနေသည်။

"မောင့်ကို စိတ်ဆိုးသလားဟင်... စိတ်ဆိုးသလား"

ကိုဘသန်းမြင့်သည် မရွှေဦးကို ရင်ခွင်ထဲသို့ ဆွဲယူကာ တင်းကျပ်စွာ ပွေ့ဖက်ထား၏။ မရွှေဦးမှာ မလှုပ်နိုင်တော့။

"ဟင်... မောင့်ကို စိတ်ဆိုးသလား"

ကိုဘသန်းမြင့်သည် ကြမ်းတမ်းစွာ မရွှေဦးကို ဖက်၍ ပါးပြင်ကို ထပ်ကာထပ်ကာနမ်းနေသည်။ မရွှေဦး၏ပါးပြင်မှ မျက်ရည်ပူတို့သည် ကိုဘသန်းမြင့် နှာခေါင်းရော၊ ပါးစပ်ရော ပေကျံနေ၏။ ဆိုးဝါးသောအရက်နံ့ကို မရွှေဦးက ခံ၍မရ။ နှလုံးထဲတွင် နောက်ကျိသွား၏။ ကိုဘသန်းမြင့်၏ပါးစပ်က အရက်စော် အလွန်နံ၏။ တစ်ဦး၏အစာသည် တစ်ဦး၏အဆိပ်ဆိုသကဲ့သို့ ကိုဘသန်းမြင့်က အရက်ကို မွေးသည်ထင်ပေမဲ့ မရွှေဦးမှာ အနံ့မခံနိုင်၍ ခေါင်းမူးနေ၏။ မရွှေဦး၏ပါးပြင်နုနုကို ထပ်ကာထပ်ကာနမ်းပြီး ကိုဘသန်းမြင့်သည် မူးမူးနှင့် အိပ်ပျော်သွားတော့လေသည်။ ကိုဘသန်းမြင့် အိပ်သွားမှပင် မရွှေဦးသည် သူ့မောင်ရင်ခွင်ထဲမှ တဖြည်းဖြည်း ထခဲ့ရတော့သည်။

မရွှေဦးသည် ကိုဘသန်းမြင့်ကို စောင်ခြုံပေးခဲ့ပြီး ထိုအခန်းထဲမှ ထွက်ခဲ့ကာ သူ့အပျိုခန်းကလေးထဲသို့ ဝင်လာခဲ့မိလေသည်။ တစ်ယောက်အိပ်ခုတင်ကလေးပေါ်တွင် တရှုပ်ရှုပ်ငိုရင်းနှင့် မိုးစင်စင်လင်းခဲ့ရ၏။ ဖြစ်ရလေ မရွှေဦးရယ်။

မိုးလင်းသောအခါ ကိုဘသန်းမြင့်က မရွှေဦးကို တစ်အိမ်လုံးအနှံ့အပြားလိုက်ရှာ၏။

"အန်တီ... မရွှေဦးတစ်ယောက် ဘယ်မှာလဲ"

"အန်တီ မတွေ့မိဘူး၊ ပန်းခြံထဲမှာ ထင်တယ်"

ဖြေသာ ဖြေလိုက်ရသည်။ မရွှေဦးမိခင်က အတော်ရယ်ချင်နေ၏။

'တစ်ညလုံး တူနှစ်ကိုယ်တွဲလာကာ၊ မနက်ခင်းကလေးမှာတောင် မျက်စိအောက်က အပျောက်မခံနိုင်ဘူးလားတော်' ဟု စိတ်ထဲက ရေရွတ်နေသည်။ မီးဖိုချောင်၊ အိမ်သာ၊ ရေချိုးခန်း၊ ထမင်းစားခန်း၊ ပန်းခြံထဲ အစုံလိုက်ကြည့်ပါသည်။ ကိုဘသန်းမြင့်သည် ရင်တထိတ်ထိတ်နှင့် ဖြစ်နေ၏။ တစ်ခု ကျန်ပါသေးသည်။ သူ မကြည့်ရသေး။ ဒါ စာကြည့်ခန်း။ ကိုဘသန်းမြင့်သည် သတိရလျှင်ရချင်း စာဖတ်ခန်းထဲသို့ ဝင်လာခဲ့၏။

"မရွှေဦး"

စာအုပ်ဗီရိုကြီးကို မျက်နှာပေး၍ စာဖတ်နေသော မရွှေဦး၏ နောက်ကျောပိုင်းကို တွေ့ရသည်။

"မရွှေဦး"

ကိုဘသန်းမြင့်က နောက်က ပြေးသွားပြီး ပွေ့ဖက်ထားသည်။ မရွှေဦးက ရုန်းလည်း မရုန်း၊ ခေါင်းကြီးကို ငုံ့ထား၏။ မရွှေဦး၏ ရင်ခွင်ထဲသို့ ကိုဘသန်းမြင့်သည် ခေါင်းကြီးကို တိုးဝှေ့ဝင်ကာ ဖက်ထားသည်။

"မောင် မှားပါတယ် မဦးရယ်... ညက မောင့်သူငယ်ချင်းတွေက အတင်းတိုက်လွှတ်လိုက်တာပါကွာ၊ မောင့်ကို စိတ်ဆိုးသလား အချစ်ရယ်"

မရွှေဦးက ဘာမှမပြော ငိုနေ၏။

"မငိုပါနဲ့ကွာ၊ ကဲ... မောင့်ကို အခဲမကျေသေးရင် မရွှေဦးနှာခေါင်းနဲ့ မောင့်ရဲ့ပါးကိုထု၊ ဟုတ်လား၊ ကဲ... ကြိုက်သလောက်ထု"

ကိုဘသန်းမြင့်၏မျက်နှာသည် မရွှေဦး၏ပါးနားသို့ တိုးကပ်လာရာ မရွှေဦးမှာ ငိုလျက်ကာ ပြုံးမဲ့မဲ့ဖြစ်လာရလေသည်။ ကိုဘသန်းမြင့်

သည် မရွှေဦးကို သိမ်းကျုံးပွေ့ဖက်ကာ စာကြည့်ခန်းထဲမှ ဆွဲထုတ်ခဲ့ရာ မရွှေဦး မျက်ရည်ကျရင်းနှင့် ပါးစပ်ကရယ်၍ ရုန်းကန်ရုန်းကန်နှင့် ပါလာခဲ့ရသည်။

**တွေ့တတ်ပလေ**

မရွှေဦးက လူတွေထဲသိပ်မတိုးချင်။ စာအုပ်ကိုဖတ်ပြီး အေးအေးနေလိုသည်။ လှပသောတိမ်တိုက်၊ သင်းပျံ့သောလေချို၊ ပန်းပွင့်လှလှကလေးများ၊ သဘာဝများကို ရှာဖွေခံစားကာ တွေးတောနေတတ်သည်။ စကားသံတိုးတိုးပြောတတ်၏။ ကဗျာစပ် ဝါသနာပါသည်။ ခွေးကလေး၊ ကြောင်ကလေးတွေကို ချစ်တတ်၏။ အဘိုးအို၊ အဘွားအိုများကို သနားတတ်သည်။

ကိုဘသန်းမြင့်က လူတွေထဲကိုမှ လိုက်တိုးချင်၏။ စာဖတ်ဝါသနာမပါ။ သဘာဝအလှကို မခံစားတတ်။ အပေါင်းအသင်း ဆုံ၍ စီးပွားရေးလောဘသာ လုံးပန်းနေသောသူဖြစ်သည်။ စကားကို အော်ပြီးမှ ပြောတတ်၏။ ခွေးတွေ၊ ကြောင်တွေမြင်ရင် ခြေနှင့်ကန်ပစ်၏။ အိမ်မှာလည်း ခေ့ဲတသောသောနှင့် ဝေါခနဲ ဝေါခနဲ ညံနေရာ မရွှေဦးက ခေါင်းကြီးလျက်နေတော့သည်။

သူတို့နှစ်ဦးမှာ မြင်လျှင်မြင်ချင်းပင် ချစ်ကြိုက်လိုက်ကြသဖြင့် တစ်ဦးအကြောင်းကို တစ်ဦးသိလိုက်ဖို့ အချိန်ရလိုက်ကြဟန်မတူ။ တွေ့ပဲ တွေ့တတ်သည့် စုံတွဲလို့ပင် ဆိုရပေမည်။ အချစ်တစ်ခုတည်းနှင့် အိမ်ထောင်ပြု၍ မဖြစ်သည်ကို မရွှေဦးက ယခုမှ နားလည်ဟန်တူ၏။ 'ဘာပဲဖြစ်ဖြစ် ချစ်တာတစ်ခုတည်းရှိရင် ပြီးတာပဲ၊ နောက်ဟာတွေလည်း အလိုလိုညီညွတ်လာမှာပဲ' ဟု မရွှေဦးက အိပ်မက်မက်ခဲ့ရာ တကယ့်လက်တွေ့ကျတော့ မလွယ်ကူလှပေ။

မရွှေဦးက သူသောက်သည့် ကော်ဖီပန်းကန်ထဲတွင် နွားနို့ထည့်၍ ပူစီကို နို့တိုက်ရာ ကိုဘသန်းမြင့်က နှာခေါင်းရှုံ့ရှုံ့ဖြင့် မဲ့နေ၏။ အသေးအမွှားကလေးကအစ မရွှေဦးနှင့် ကိုဘသန်းမြင့်မှာ စိတ်သဘောချင်း မတိုက်ဆိုင်တတ်လှရာ ဤလည်း တစ်ဒုက္ခဖြစ်နေလေတော့သည်။ ဒါပေမဲ့ ကိုဘသန်းမြင့်မှာ ယောက်ျားပီသစိတ်ရှိ၏။ ဒါလေးကိုပဲ မရွှေဦးက ချစ်နေရ၏။ မရွှေဦးကို စိတ်ညစ်မခံ။ မရွှေဦး ကြိုက်တာ ဘာလုပ်လုပ်၊ သူလည်း ကွယ်ရာမှာလုပ်မည်။ မရွှေဦးရှေ့တွင်မူ တကယ့်လူရိုး၊ လူအကလေးလို လုပ်နေတတ်သည်။

"မောင်ရေ… မဦးရဲ့စုတ်တံက ဖွာနေပြီ၊ နောက်ထပ်အသစ် ဝယ်ခဲ့ပါဦးနော်"

မရွှေဦးက ပန်းချီဆွဲလည်း ဝါသနာပါရာ စုတ်တံကို ကိုဘသန်းမြင့်က ခဏခဏဝယ်ပေးရ၏။ မရွှေဦးသည် သူတပင်တပန်း ဆွဲထားသော ပုံကလေးတွေကို ကိုဘသန်းမြင့် ကြည့်ရန် မကြာခဏပြ၏။ ကိုဘသန်းမြင့်က တသမ်းသမ်း တဝေဝေနှင့် 'အင်း' လိုက်နေသော်လည်း တောကား၊ တောင်ကား၊ ပိတောက်ရွှေဝါပွင့်၊ ငွေမျိုင်းဖြူ စသည့် ရေဆေးဆီဆေးပုံတွေ၏ အလှကို မကြည့်တတ်။

လှပသော ကဗျာကလေးတွေကို တစ်ပုဒ်ပြီးတစ်ပုဒ်ရေးကာ သူ့မောင်ကို ဖတ်ပြသော်လည်း ကိုဘသန်းမြင့်မှာ တစ်လုံးမျှ အဓိပ္ပာယ်မဝင်။

"ဆီဈေးတွေ တက်မယ် ထင်တယ်၊ အညာကလည်း ကျလာမယ်လို့ ပြောတာပဲ မဦးရ"

ဟု ကြားဖောက်၍ ပြောတတ်ရာ မရွှေဦးမှာ ရယ်နေတော့လေသည်။

လင်မယားနှစ်ဦးမှာ တစ်ယောက်နှင့်တစ်ယောက် ကောင်းကောင်းတိုင်ပင်လို့ မရ။ ဝါသနာချင်း မတူဘဲနှင့် အိမ်သူဖြစ်နေကြရသည်။

ဒီတော့ ဘယ်စိတ်ကောင်းနိုင်ပါတော့မလဲ။ ကွယ်ရာမှာ ကိုဘသန်းမြင့် ထင်ရာလုပ်နေတာကို မရွှေဦးက ကြိုက်ပါ့မလား။ သူ့ရှေ့မှာ ဘယ်လောက်ပဲ ပိပြားပိပြား၊ ဘယ်မင်းကြီးစိုးကြီး၏ ထမင်းစားပွဲ ဧည့်ခံပွဲမဆို သူဌေး ဦးဘသန်းမြင့်နှင့် ဒေါ်ရွှေဦးတို့မှာ သွားရောက်ရ၏။ ဤသည်လည်း မရွှေဦးမှာ တစ်ဒုက္ခဖြစ်နေပြန်သည်။

စိန်၊ ရွှေ၊ ပိုးဖဲ၊ နိုင်လွန်၊ စီးကရက်၊ အရက်၊ ဟန်ဆောင်မှု၊ ကြွားဝါမှုတွေနှင့် မကြာခဏ မျက်နှာချင်းဆုံရပေမည်။ မရွှေဦးသည် အိမ်မှာ ပီယာနိုတီး၊ သီချင်းဆို၊ ပုံဆွဲ၊ ကဗျာစပ်၊ စာဖတ်၊ အင်းလျားဘက် တက်၊ ရေကူးစသည့် သူ့ဝါသနာများကို တစ်ဦးတည်း ဇာတ်ခင်းကနေရင်း တစ်ခါတစ်ခါ လူတွေ တောထဲတွင် ပါးတောင့်အောင် ပြုံးရသော ဝေဒနာမျိုးကိုလည်း ခံစားရ၏။ လူတွေနှင့် တွေ့မှ မပြုံးဘဲမဖြစ် ပြုံးရပေမည်။ စကားပြောရပေမည်။ သူ့မောင်ရဲ့မိတ်ဆွေတွေနှင့် သင့်တင့်အောင် ပေါင်းသင်းရပေသကိုး။ အချစ်တစ်ခုတည်းနဲ့ ကျန်တဲ့ကိစ္စတွေလည်း ဒီလိုပဲ လိုမ့်ခံရုံပဲ ရှိသည်။

ကိုဘသန်းမြင့်ကလည်း မရွှေဦးကို ဖူးဖူးမှုတ်ထား၏။ မရွှေဦး အိမ်မှာ ကြိုက်သလိုနေပါစေ။ သူကမူ အိမ်မှာ ကပ်သည်မရှိ။ အလုပ်ကိစ္စတွေကလည်း များ၊ အပေါင်းအသင်းကလည်း များ၊ အပျော်အပါးကလည်း ကြိုက်နှင့် မအားအောင် ဖြစ်နေသည်။ ကလပ်တက်၊ မြင်းပွဲသွား၊ အရက်သောက်။ မရွှေဦးက ကဗျာစပ်၊ စာဖတ်၊ စိတ်ကူးယဉ်တဲ့ဝါသနာရှိသလို ဒါတွေလည်း သူ့ဝါသနာပင် ဖြစ်သည်။

"ဘယ်သူမှ ဘာမှသွားစော်ကားတာမှ မဟုတ်ဘဲ၊ ကိုယ့်ဝါသနာနဲ့ ကိုယ်ပဲကွာ"

ကိုဘသန်းမြင့်က ဤကဲ့သို့ပင် ပြော၍ ပျော်ပျော်နေသည်။ စီးပွားရေးကိုလည်း မပျက်စေဘဲ၊ မရွှေဦးကိုလည်း အချစ်မပျက်ဘဲနှင့် ဤသို့

ကိုဘသန်းမြင့်က ပြုလုပ်နေသည်ကို မရွှေဦးက နေ့စဉ်စိတ်မချမ်းသာပါ။ ဒါပေမဲ့လည်း ဘယ့်နှယ်မှ မတတ်နိုင်။

ဤသို့ပင် ကြည့်နေရပေမည်။ ခဏကလေးကြည့်နေရမှာလား၊ တစ်သက်လုံးလား။ ကြာရင်တော့ စိတ်ညစ်ပြီး၊ ခေါင်းနောက်ပြီး ငါတော့ သေမှာပါပဲ။ မရွှေဦးသည် သတိရတိုင်း ဤသို့ ညည်းညူမိလေသည်။

တဖြည်းဖြည်းနှင့် မရွှေဦးမှာ အရုပ်မလေး ဖြစ်မှန်းမသိ ဖြစ်နေ၏။ ကိုဘသန်းမြင့်ကလည်း အိမ်မှာ ကပ်တယ်မရှိ။ ဧည့်ခံပွဲတစ်ခုခု ရှိမှသာ–

"ရွှေစင်ရေ... လာပါဦး၊ ဒီနေ့ညနေ ဧည့်ခံပွဲတစ်ခုရှိလို့ မောင်တို့ သွားရလိမ့်မယ်၊ လှလှဝတ်စားထားနော်၊ ဟိုတစ်နေ့က မောင်ဝယ်ပေးတဲ့ ရွှေဇာလုံချည်အစိမ်းနုကလေး ဝတ်ထား၊ မောင် ညနေ ၄ နာရီကျရင် လာခေါ်မယ် ဟုတ်လား"

ပါးကို အထပ်ထပ်နမ်းပြီး အိမ်ပေါ်မှ ကသောကမျော ဆင်းသွားပြီး ညနေစောင်းလောက်တွင် တဂွါဂွါ ကားဟွန်းသံပေး၍ ရောက်လာ၏ ။

ကိုဘသန်းမြင့်သည် မရွှေဦးအခန်းထဲသို့ ဝင်လာကာ သူ့မိန်းမ ဝတ်စားထားသည်ကို ဟိုဟာလိုသေးတယ်၊ ဒီဟာကြီးက တောဆန် လိုက်တာနှင့် အမျိုးမျိုးပြုပြင်၍ အားမရဖြစ်နေတတ်သည်။ ထို့နောက် အားမလို အားမရနှင့် ဖက်ဖက်နမ်းနေပြန်၏ ။

"ကြည့်ပါဦး... အလှတွေ ပျက်ကုန်ပါပြီ။ ထွက်ထွက်... အခန်း အပြင်ထွက်"

မရွှေဦးက အတင်းနှင်ထုတ်ရ၏။ ဧည့်ခံပွဲ၊ အလှူပွဲရှိမှ မရွှေဦး ကို ဖုတ်ပူမီးတိုက် လာ၍ခေါ်တတ်ရာ ကြာတော့ မရွှေဦးမှာ ပွဲထုတ်ပြ သော သူဌေးကတော်လေးဘဝသို့ ရောက်နေတော့သည်။ ကိုဘသန်းမြင့်

ဘာလုပ်၍ ဘာကိုင်နေသည်ကို သူမသိ။ ကိုဘသန်းမြင့်ကလည်း အသိမပေး။ အေးအတူပူအမျှ ဘဝဖက် လင်မယား မဟုတ်။ သူတို့နှစ်ဦးကား ပွဲအလယ်တွင် ဝတ်ကောင်းစားလှနှင့် ရုပ်ပြကောင်းသော သူဌေးလင်မယားဖြစ်မှန်းမသိဖြစ်နေပေတော့သည်။

မရွှေဦးသည် ရင်ထဲမှာ ဟာနေ၏။ တိုင်ပင်ဖော် တိုင်ပင်ဖက်ရယ်လို့လည်း မရှိ။ လင်မယားနှစ်ယောက်မှာ နှစ်စိတ်ကို တစ်စိတ်တည်းအဖြစ် ရောက်အောင်၊ သမသွားအောင် တိုင်ပင်၍ မရ။ ယခုထက်ထိသတ်သတ်ကြီး တစ်စိတ်စီ ကွဲတုန်းပင် ရှိသေးသဖြင့် မရွှေဦးမှာစိတ်ညစ်လာလေသည်။

**အိပ်မက်ထဲက လူ**

"မရွှေဦး... မဦးရေ"

"အင်း... ဘယ်ပါတီ၊ ဘယ်ပွဲထိုင်သွားဖို့ ကိစ္စများ ပေါ်လာပါလိမ့်၊ ကိုယ်တော်ချောအသံတော့ ကြားရပြန်ပြီ"

မရွှေဦးသည် ဤသို့ပင် တစ်ဦးတည်းပြောကာ ဘာမျှပြန်မထူးဘဲမြုံနေ၏။ ဆွဲလက်စ မိန်းကလေးတစ်ဦး၏ပုံကို ဆက်၍ ဆေးခြယ်နေသည်။

"မဦးရေ... မဦး"

ခြံဝကတည်းက အသံခုနစ်အိမ်ကြားနှင့် အော်လာရာ ပုံဆွဲခန်းဝရောက်သည့်တိုင် မရပ်သေး။

"ကြည့်ပါဦးဗျာ၊ မိရွှေစင်ကလည်း ကြားရက်သားနဲ့... မောင့်ကိုပြန်မထူးဘူး"

မရွှေဦးက လှည့်၍မကြည့်။ စုတ်တံကလေး တရွေ့ရွေ့နှင့် ဆေးကိုပင် ခြယ်နေ၏။ ဖိနပ်သံ တချွပ်ချွပ်နှင့် ကိုဘသန်းမြင့်သည် မရွှေဦး

၏အနားသို့ကပ်လာ၏။ မရွှေဦးက မော့မကြည့်။ စိတ်တိုလာဟန်နှင့် မရွှေဦး၏မျက်နှာကို လက်နှစ်ဖက်ဖြင့် ဆွဲမော့လိုက်လေသည်။

"ဟောဗျာ... မဦး ငိုနေတယ်၊ ဟင်... ဘာလို့ငိုနေတာတုံး"

မရွှေဦးက ပို၍ ဝမ်းနည်းပက်လက်ဖြစ်လာကာ ရှိုက်၍ ရှိုက်၍ ငိုချလေသည်။

"ဟင့်အင်း... ဒီနေ့ ဘယ်ပွဲထိုင်ကိုမှ မလိုက်ပါရစေနဲ့ မောင်ရယ်၊ မဦး ခေါင်းနောက်လွန်းလို့"

ကိုဘသန်းမြင့်သည် သက်ပြင်းချကာ သူ့ဇနီးချောကို ပွေ့ဖက်ပြီး မျက်ရည်တွေ သုတ်ပေးနေ၏။

"ခင်ဗျားကို ကျွန်တော်က ပွဲထိုင်လိုက်ဖို့ လာခေါ်နေတာ မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်လည်း ခေါင်းနောက်လို့ အလုပ်ခဏနားပြီး ဘယ်အရပ်မှာ သွားနေရကောင်းမလဲလို့ ရွှေစင့်ကို လာပြောတာ၊ သိရဲ့လား"

မရွှေဦးမှာ ကြားရချက်ကိုပင် မယုံနိုင်၊ ရင်ခွင်ထဲမှ ရုန်းဖယ်၍ ထွက်ကာ သူ့မောင်ကို အထူးအဆန်းကြီး စိုက်ကြည့်နေလေသည်။

"မောင် တကယ်ပြောနေတာလား"

"မဦးကို ဘယ်တုန်းက ညာပြောဖူးလို့လဲကွယ်"

မရွှေဦးက ဘာမှပြန်မပြောနိုင်။ ကိုဘသန်းမြင့်၏ရင်ခွင်ထဲတွင် ပျော့ခွေကျသွားတော့လေသည်။

မြန်တော့လည်း မြန်လွန်းလှပေသည်။ မရွှေဦးနှင့် ကိုဘသန်းမြင့်တို့သည် ကိုဘသန်းမြင့်၏အဘွားပေးခဲ့သော အိမ်ကလေးရှိရာ ကြာပုလဲရွာသို့ နောက်တစ်နေ့တွင် မီးရထားနှင့် ထွက်ခဲ့ကြ၏။

"ကြာပုလဲရွာက ဘယ်လိုနေလဲ မောင်"

"ရေကန်ကလေးတွေ... နောက်ပြီး ရေကန်ထဲမှာ ငွေဝမ်းဘဲဖြူ

တွေနဲ့ ငွေကြာပွင့်ကြီးတွေ... ပြီးတော့ နှင်းဆီ၊ ရွာထိပ်က ညောင်ပင်ကြီးကလည်း နည်းတာကြီး မဟုတ်ဘူး၊ စိမ်းလဲ့ပြီး လေလာတိုင်း ယိမ်းနဲ့"

မရွှေဦးမှာ ရင်တလှပ်လှပ်နှင့် သူ့မောင်ကို စိုက်ကြည့်နေ၏။ ဒါ သူ့မောင်အစစ်မှ ဟုတ်ရဲ့လားဟု တွေးကာ ကိုဘသန်းမြင့်၏ပါးပြင်ကို လက်ကလေးနှင့် ကိုင်တွယ်ကြည့်နေမိလေသည်။

"ကြည့်စမ်း... ကဗျာဆန်နေလိုက်တဲ့လူကြီး၊ ဒါနဲ့များ မဦးကို ဖြီးလာလိုက်တာ၊ သွား... မုန်းစရာ"

မရွှေဦးက ကိုဘသန်းမြင့်ကို တွန်းပစ်၏။ ကိုဘသန်းမြင့်က ပက်ကျိုကြီးလို မရွှေဦးနားက မခွာ။ မရွှေဦးမျက်လုံးတွေမှာ အပျိုတုန်းကလို အရည်ပြန်တက်လာ၏။ ပန်းနုသွေး ဖျော့နေသော နှုတ်ခမ်းကလေးမှာလည်း ရဲ၍ရဲ၍လာ၏။ သူ့မောင်၏ရင်ခွင်ထဲတွင် မျက်နှာကလေးအပ်ကာ တရှုပ်ရှုပ်ငိုပြန်လေသည်။

"အို... မဦးကလည်း၊ ဘာလို့ ငိုပြန်တာတုံးကွ"

ကိုဘသန်းမြင့်က ပျာပျာသလဲ မေးရသည်။

"ဝမ်း... ဝမ်းသာလို့"

မရွှေဦးက ရှက်ကိုးရှက်ကန်းနှင့် ဖြေရာ ကိုဘသန်းမြင့်မှာ ဟားတိုက်၍ ရယ်ရလေသည်။

ဤသို့နှင့် ကြာပုလဲရွာကလေးသို့ ရောက်ခဲ့ကြ၏။ မင်္ဂလာဦးနေ့တွင် ဟန်းနီးမွန်းထွက်လာသကဲ့သို့ ပျော်လိုက်ကြတဲ့ဖြစ်ခြင်း။ ကန်ထဲမှာ ရေကူး၊ လယ်တောထဲတွင် လှည်းယဉ်ကလေးစီး၊ ရေထဲမှ ဘဲငန်းကလေးတွေကို အစာကျွေးနှင့် ပျော်လိုက်ကြတဲ့ ဇနီးမောင်နှံ။

"ဩော်... ဒီနေ့မနက် မောင် ကြက်ဥတွေ သွားဝယ်ရင်း ဒေါက်တာမြင့်ဆွေနဲ့ တွေ့ခဲ့တယ် မဦးရေ"

"ဘာ... မောင်၊ ဒေါက်တာ ဟုတ်လား"

မရွှေဦးက ခရမ်းချဉ်သီး၊ ဆလတ်ရွက်၊ မုန်လာဥတို့ကို ကြက်ဥကွင်းတွေထည့်ထားသော ပန်းကန်ထဲတွင် အလှပြင်၍ ထည့်နေရာမှ အံ့အားသင့်ကာ မော့ကြည့်လေသည်။ ကိုဘသန်းမြင့်က တဒုန်းဒုန်းနှင့် ကနစိုပေါက်ခြမ်းများကို ဓားနှင့် ခွဲနေရင်းက မရွှေဦးကို လှမ်း၍ ပြောလိုက်ခြင်း ဖြစ်ပေသည်။

"ဟုတ်တယ်၊ ဒီကောင်က အမ်ဘီဘီအက်စ် အောင်ပြီး သူ့ရွာကို သူပြန်လာတယ်လေ"

"တယ်ဟုတ်ပါလား၊ သူက ဘာလို့ ရန်ကုန်မြို့မှာ မလုပ်တာလဲ၊ ဟိုမှာမှ ငွေဝင်တော့မှာပေါ့"

"မလိုတဲ့နေရာမှာတော့ ဆရာဝန်တွေ အများကြီးပဲတဲ့၊ လိုတဲ့နေရာမှာတော့ မရှိဘူးလို့ သူက ပြောတယ်၊ သူက ကြာပုလဲရွာက တောသားပဲ၊ တောရွာကလေးတွေမှာ ကျန်းမာရေးနဲ့ပတ်သက်လို့ လူတွေ ဘယ်လောက် အခက်အခဲရောက်နေတယ်ဆိုတာ အသိဆုံးပါ၊ ဒါကြောင့် မြို့ကြီးပြကြီးမှာ မြို့ဆရာဝန်မလုပ်ဘဲ သူ့ဇာတိတောရွာကလေးပြန်လာတာပါတဲ့"

မရွှေဦးက တွေ၍ နားထောင်နေသည်။

"အတော်အံ့သြဖို့ကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲနော်"

"အင်းလေ... မောင်တို့ကို သူက ဒီနေ့ ညနေစာ ကျွေးပါရစေလို့ ဖိတ်လိုက်တယ်ကွ"

မရွှေဦးက မျက်လုံးကြီးကိုဝင့်၍–

"မောင်က ဘယ်လိုသဘောရသလဲ"

"အို... သွားစားမှာပေါ့ မဦးရဲ့၊ မဦးက ဟင်းလည်း မချက်တတ်ဘူး၊ တစ်နေ့လာ ကြက်ဥပြုတ်နဲ့ ဂေါ်ဖီ... တစ်နေ့လာ ကြက်ဥပြုတ်နဲ့ မုန်လာ၊ တစ်နေ့လာ ကြက်ဥပြုတ်နဲ့ ခရမ်းချဉ်သီး"

"တော်ပါတော့ မောင်ရယ်... မောင့်မိန်းမရဲ့ အစွမ်းအစတွေ လူသိ ကုန်ပါ့မယ်"

နှစ်ဦးသား ဝါးခနဲ ရယ်ကြရလေသည်။

"ဒီလိုဆိုတော့ ဘယ်လောက်ပျော်ဖို့ကောင်းသလဲ မောင်ရယ်"

မရွှေဦးက သူ့ဘဝကို ကျေနပ်စပြုလာ၏။ ဒါမှ အေးအတူ ပူအမျှ လင်မယားဘဝ မဟုတ်ပါလား။ သူ့အိပ်မက်ထဲကလူဟာ အခုမှ အကောင်အထည်ပေါ်နေသည်။ သို့သော်လည်း ဤအကောင်အထည်မှာ ထင်ထင်ရှားရှားကြီး မဟုတ်သေး။ ဝိုးဝိုးဝါးဝါးမျှသာ ဖြစ်နေသေးသည်။

**အတွေးသစ်**

"ဟိုဖဲအစိမ်းခံမှာ ငွေနားကွပ်ထားတဲ့ လုံချည်ကို ဝတ်ပါကွ၊ မဦးမှာဖြင့် တစ်ခါလာလည်း ဒီအပြာလုံချည်... တစ်ခါလာလည်း ဒီအပြာလုံချည်"

"ဟိုလုံချည်ကြီးက အဖိုးတန်လွန်းလို့ပါ မောင်ရယ်၊ ကဲ... ကဲပါရှင်၊ မောင့်သဘောအတိုင်းပါ"

မရွှေဦး၏လုံချည်သေတ္တာပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ ကိုဘသန်းမြင့်သည် သူ့ချစ်ဇနီးအား အလှပြင်ပေးနေ၏။

"သနပ်ခါး လိမ်းထားတာကလည်း မေးစေ့အောက်မှာ ကျားနေပြန်ပါပြီ"

ကိုဘသန်းမြင့်က ရှာရှာဖွေဖွေ မြင်တတ်၏။ မရွှေဦးမှာ ပြုံးရယ်ကာ သပွတ်တံနှင့် ဖျက်နေရာ တော်တော်နှင့်မပြီးနိုင်။ ကိုဘသန်းမြင့်က စိတ်မရှည်နိုင်။ သူကိုယ်တိုင် အနားလာ၍ သနပ်ခါးဖျက်ပေးနေသဖြင့် မရွှေဦးသည် သူ့မောင်ကို စိတ်မဆိုးသာနိုင်၊ ပို၍ပို၍ ချစ်လာမိလေသည်။

"အသားဝါ ချောလှတယ်× × × နဲ့သာကို ကိုကိုကိုယ်တိုင်× × × လိမ်းလို့ပေးပါ့မယ်"

ကိုဘသန်းမြင့်က လေချွန်ကာ သူ့မယားကို ပတ်ချာလှည့်ကြည့်နေ၏။ မရွှေဦးမှာ ဘာမှမလုပ်တတ်တော့ဘဲ ရှီးတိုးရှန့်တန့်ဖြစ်ကာ လုံချည်ပြောင်းပြန်တွေ ဘာတွေ ဝတ်ကုန်၏။

"ထွက်စမ်းပါ မောင်ရယ်၊ သွား၊ သွား... မောင်လည်း လုံချည်လဲတော့၊ မဦး ခုနက လုံချည်ထုတ်ထားခဲ့ပြီ"

ကိုဘသန်းမြင့်က ပေကတ်ပေကတ်နှင့် အခန်းထဲမှ ထွက်သွားမှ မရွှေဦးမှာ အသက်ရှူချောင်သွားလေသည်။

ချစ်ဇနီးမောင်နှံ နှစ်ဦးတို့သည် လှည်းယဉ်ကလေးကို မောင်းကာ ရွာအရှေ့ဖျားဘက်သို့ ထွက်ခဲ့ကြလေသည်။

"မဦးရေ... မပျော်ဘူးလား"

"မပျော်ဘဲ နေပါ့မလား မောင်ရယ်... ဘယ်နှယ့်ပြောပါလိမ့်"

"အေး... မဦး ပျော်ရင် ပြီးတာပဲ"

နွားကြိုးကိုဆွဲကာ ကြိမ်နှင့်နွားတင်ပါးကို တို့နေသော ကိုဘသန်းမြင့်ကို မရွှေဦးသည် မျက်လုံးကလေးပြူးကာ လှည့်ကြည့်နေလေသည်။

"မဦးပျော်ရင် ပြီးတာပဲဆိုတော့ မောင်ကတော့ မပျော်ဘူးပေါ့၊ မဦး ပျော်အောင်လို့သာ မောင်က အလိုလိုက်နေသလိုပေါ့၊ ဟုတ်လား မောင်"

မရွှေဦးသည် သူ့မောင်ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်ကာ မေး၏။

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ရွှေစင်ရယ်၊ ကိုင်း... စကားမများနဲ့၊ အဲဒီပျဉ်ထောင်အိမ်ကလေးက ဒေါက်တာမြင့်ဆွေအိမ်ပေါ့၊ တံခါးဝမှာ ကြို့နေတာ ဆရာဝန်ပဲ"

မရွှေဦးသည် ပြုံး၍ ခြံဝင်းတံခါးဝသို့ လှမ်းကြည့်လိုက်၏။ အရပ်မြင့်မြင့်၊ ကိုယ်လုံးတောင့်တောင့်၊ ပလေကတ်လုံချည်ကွက်၊ ရှပ်ဖြူအင်္ကျီရှည် ဝတ်ထားသော ဒေါက်တာမြင့်ဆွေကို မြင်ရ၏။ ဒေါက်တာမြင့်ဆွေမျက်နှာက သူ့မောင်လောက်မလှပဟု မရွှေဦးက စိတ်ထဲမှာ တွေးနေသည်။ ဒါပေမဲ့ တစ်မျိုးပဲ၊ ကျက်သရေရှိတယ်။ မျက်ခုံးနက်၊ မျက်နှာရှည်ရှည် မေးရိုးလေးထောင့်ကြီးနဲ့။

လှည်းယဉ်ကလေးသည် ခြံဝတွင် ချုသံချွင်ချွင်နှင့် ရပ်သွား၏။

"ကျွန်တော်ဖြင့် လာမှ လာပါ့မလားလို့ဗျာ၊ ပြောထားတာက ငါးနာရီ၊ ခု ခြောက်နာရီထိုးခါနီးနေတာနဲ့"

မရွှေဦးက ကိုဘသန်းမြင့်၏မျက်နှာကို လှမ်းကြည့်လိုက်၏။ ကိုဘသန်းမြင့်က ကျောကို ဆတ်ခနဲတွန့်လိုက်ပြီး–

"အစစ်ပဲ... ကျွန်တော်က အချိန်ကို လုံးလုံးသတိမရလိုက်ဘူး၊ ဒါက ကျွန်တော့်မစ္စက်ပဲ၊ နာမည်က ရွှေစင်ဦးလို့ခေါ်တယ်၊ ဒါက မောင့်မိတ်ဆွေ ဒေါက်တာဦးမြင့်ဆွေတဲ့"

မရွှေဦးနှင့် ဒေါက်တာမြင့်ဆွေတို့သည် တစ်ဦးနှင့်တစ်ဦး ပြုံး၍ ခေါင်းငုံ့ကာ နှုတ်ဆက်ကြရ၏။ သုံးဦးသား အိမ်အောက်ထပ်ထဲသို့ ဝင်လာကြလေသည်။

"အိမ်ကြီးက အကျယ်ကြီးပါလား ဒေါက်တာ၊ ဒီလိုအိမ်မျိုးတစ်လုံး ရန်ကုန်မှာရှိထားရင် ဆေးဆိုင်ဖွင့်ဖို့ ဓိမ်ပေါ့ဗျ"

ကိုဘသန်းမြင့်က ရင်းနှီးစွာ ရယ်မောပြောဆိုပြီး အိမ်နောက်ဖေးအရောက် လျှောက်၍ကြည့်နေ၏။

"ကဲ... ထိုင်ကြဦးဗျာ၊ ကျွန်တော် ထမင်းပွဲပြင်လိုက်ဦးမယ်"

"ကျွန်တော်တို့လည်း ဘာကူညီရဦးမလဲဗျ၊ ခင်ဗျားတစ်ယောက်တည်း ဘာတွေ ဘယ့်နှယ်ချက်ထားသလဲ"

ကိုဘသန်းမြင့်က ထမင်းစားခန်းထဲသို့ ဝင်သွားသော ဒေါက်တာကို လှမ်းအော်၍ မေးလေသည်။

"ကျွန်တော့်မှာ ကွန်ပေါင်ဒါရော... ဝါး(ဒ)ဆားဗင့်ရော... ဘွိုင်ရောတစ်ယောက်တည်း ဓာတ်သယ်နေတဲ့ သူငယ်လေးတစ်ယောက် ရှိသေးတယ်၊ သူ့ဆီက ဟင်းချက်သင်ရတာပါပဲ"

ဒေါက်တာက ထမင်းစားခန်းထဲမှ ပြန်ဖြေ၏။ မရွှေဦးက အံ့သြစွာ နားထောင်နေရလေသည်။

"ဘယ်နှယ်လဲ မဦး၊ ဒေါက်တာ့ဆီ မီးဖိုချောင်သင်တန်း တက်မလား"

ကိုဘသန်းမြင့်က မရွှေဦးကို လှမ်း၍စသည်။

"အိုင်ဆေး ဒေါက်တာ၊ ခင်ဗျားလည်း တစ်ခါလောက် ကျွန်တော့်ဆီ ထမင်းလာစားစမ်းပါဗျာ၊ ကျွန်တော့်မစ္စက်က ဟင်းချက်အတော်ကောင်းတယ်၊ ဘဲဥပြုတ်နဲ့ ဆလတ်ရွက် သုပ်ကျွေးလိမ့်မယ်"

ကိုဘသန်းသည် ပြောပြီး သဘောကျဟန်နှင့် တဟားဟား ရယ်နေသည်။ မရွှေဦးမှာ ရှက်ကိုးရှက်ကန်းပင် ပြုံးနေရလေသည်။

"ကဲ... ပြီးပြီ ကိုဘသန်း၊ ထမင်းစားကြပါတော့ခင်ဗျာ"

ဒေါက်တာက အပြင်သို့ထွက်၍ ခေါ်သဖြင့် ဇနီးမောင်နှံနှစ်ဦးစလုံး ထမင်းစားခန်းထဲသို့ ဝင်ခဲ့ကြ၏။ ဘဲဥစားပွဲကြီးတစ်ခုလုံးမှာ ဟင်းခွက်သုံးလေးခွက်မြိုင်မြိုင်ဆိုင်ဆိုင် ရောက်နေ၏။

"အား... တော်တော်ရှားတဲ့ ငှက်တွေပဲဗျ၊ ဒီငှက်ကြော်က အောက်ပြည်မှာတော့ ရခဲတယ်၊ တချို့နေရာမှာ ကြားဖူးမှာတောင် မဟုတ်ဘူး၊ ရေကြက်တို့၊ စနိုက်တို့၊ မယ်ညိုတို့ဆိုပါတော့၊ ဒါကတော့ နီကိုဥကို ချက်ထားတာ၊ ဒါကတော့ ငါးဥဆီပြန်၊ ဟင်းချိုကတော့ အိမ်က ဟင်းနုနယ်ရွက်ကို ခူးထည့်ထားတာပဲ"

မရွှေဦးသည် တအံ့တဩ နားထောင်ရင်းနှင့် ဟင်းတွေကို မြည်းစမ်းနေရ၏။

"ဒေါက်တာက တကယ်စွယ်စုံတော်တာပဲနော်"

"မလုပ်ပါနဲ့ဗျာ၊ ဘာမှမတော်ရသေးပါဘူး၊ ခုမှ ဆေးကျောင်းက ထွက်စရှိပါသေးတယ်"

ဒေါက်တာမြင့်ဆွေသည် စကားဆုံးသောအခါ ရယ်၍နေသည်။ ကိုဘသန်းမြင့်က ဘာမှမပြော။ ထမင်းတွေ ကုန်းလွေးနေ၏။ ဒေါက်တာ၏ထမင်းပွဲကလေးကား ပျော်ပျော်ရွှင်ရွှင် စိုစိုပြည်ပြည်နှင့် ပြီးသွား၏။

ထမင်းစားပြီးသောအခါ ဒေါက်တာက ဆေးရုံခန်းကဲ့သို့ လုပ်ထားသော လူနာထားသည့် အခန်းများ၊ ဆေးခန်းများကို လိုက်ပြ၏။

"ဒေါက်တာတော့ နာ့(စ်) ကောင်းကောင်းတစ်ယောက် လိုလိမ့်မယ် ထင်တယ်ရှင်"

"မှန်ပါတယ် မရွှေစင်ဦးခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော်က စစချင်းဆိုတော့ ပိုက်ဆံမတတ်နိုင်ဘူးဗျ၊ အခုတောင်မှ ရှိသမျှငွေ အရင်းတည်ပြီး လူနာတွေအတွက် ခုတင်တွေ၊ ဘာတွေဝယ်လိုက်ရတယ်၊ ဆေးကိရိယာ တန်ဆာပလာတွေကလည်း ငွေအတော်ပဲ ကုန်သွားတယ်"

"တောမှာ ဆေးဆိုင်လာဖွင့်တာ ဘာအကျိုးရှိမှာလဲ ဒေါက်တာ"

မရွှေဦးသည် ဆေးခန်းတွေကို ကြည့်ရာက လွှတ်ခနဲ မေးလိုက်၏။

"ကျွန်တော့်ဆေးဆိုင်က အလကားမေတ္တာရိဆေးဆိုင်ပဲ၊ ကျေးဇူးတင်လို့ တတ်အားသရွေ့လာပေးရင်လည်း လက်ခံရမှာပေါ့၊ မပေးလည်း ဘာမှမဖြစ်ပါဘူး၊ လုပ်ကတည်းက ကျွန်တော့်အကျိုးအတွက်မှ မဟုတ်တာ"

မရွှေဦးက ဒေါက်တာ့ကို စကားတောက်ကြည့်ရာ ဒေါက်တာက အမှန်တွေ အန်ထွက်လာသည်။ ထို့ကြောင့် ဒေါက်တာ၏စိတ်ထားကို စိတ်မဝင်စားဘဲ မနေနိုင်အောင် ဖြစ်လာရတော့လေသည်။

"မြင့်မြတ်ပါပေ့ ဒေါက်တာရယ်"

မရွှေဦးသည် နှုတ်မှပင် ဖွင့်ထုတ်၍ ချီးကျူးမိလေသည်။ ဒေါက်တာ၏မျက်နှာအား ရှက်သွေးများလွှမ်းကာ ပန်းဥရောင်သွေး ဖုံးသွား၏။ ကိုဘသန်းမြင့်နှင့် မရွှေဦးတို့သည် နှုတ်ဆက်ပြီး သူတို့နေရာသို့ လှည်းယဉ်ကလေးနှင့် ပြန်လာကြလေသည်။ ကိုဘသန်းက ထမင်းဆီယစ်ပြီး အိပ်ငိုက်နေ၏။ မရွှေဦးက ဒေါက်တာ၏လုပ်ငန်းတွင် စိတ်ဝင်စားကာ တွေးပြီး နေလေသည်။

နောက်တစ်နေ့နံနက်တွင် မရွှေဦးသည် ဒေါက်တာကို အားကျ၍ ငါးဥဆီပြန်စမ်း၍ ချက်နေစဉ် ကိုဘသန်းသည် ကဆုန်ပေါက်၍ မီးဖိုချောင်ထဲသို့ ပြေးဝင်လာ၏။

"အလန့်တကြား မောင်ကလည်း... ဘာဖြစ်လာပြန်တာတုံး"

"မလန့်တကြားနဲ့ အမိ၊ အခုပဲ တိုက်ကလူတွေ ရောက်လာတယ်၊ အခွန်ကိစ္စတွေ ပတ်သက်ပြီး မြို့မှာ ဆူပွက်နေပြီတဲ့၊ ဆိုင်မှာလည်း ဟိုမန်နေဂျာကောင်က ထင်သလို လုပ်နတာပဲတဲ့ကွာ၊ ကောင်းရော့လား မဦးရယ်"

"ဒါဖြင့် ပြန်ရတော့မှာလား မောင်"

ကိုဘသန်းမြင့်သည် မရွှေဦး၏မျက်နှာကို လှမ်း၍ ကြည့်လိုက်ပြီး နှုတ်ခမ်းကို ကိုက်ကာ စဉ်းစားနေ၏။

"မောင် ခဏလိုက်သွားမယ်လို့ စိတ်ကူးတယ်၊ သုံးလေးရက်လောက်ကြာတော့ ပြန်လာမယ်လေ၊ မကောင်းဘူးလား မဦး"

မရွှေဦးသည် ယောင်ချာချာဖြစ်ကာ ဒယ်အိုးထဲမှ ငါးဥများကို

ယောက်မကြီးနှင့် တအားမွှေနေမိလေသည်။

"သုံးလေးရက်... ဟုတ်လား မောင်"

"အေးပေါ့ကွ၊ အလွန်ဆုံးပြောတာပါ၊ ဒါလောက်တောင်မှ မကြာပါဘူး၊ ဟိုဘက်တဲက ဒေါ်လုံမကြီးကို အဖော်ခေါ်ထားတာပေါ့၊ ဒရဝမ်လည်း ရှိသားပဲဟာ၊ ဒေါက်တာနဲ့လည်း သိထားပြီပဲ မဟုတ်လား၊ သူ့ကိုလည်း ပြောထားခဲ့မယ်လေ၊ ဘာမှကြောက်ဖို့လည်း မရှိပါဘူးကွာ၊ ဒီအရပ်က မောင့်အရပ်ပဲ"

ကိုဘသန်းမြင့်သည် အထုပ်အပိုးများကို ပြင်ဆင်ထုပ်နေရာ မရွှေဦးမှာလည်း အနားမှ ကူညီ၍ ထည့်ပေးနေသည်။ မရွှေဦးက သူ့မောင်ကို ဘူတာရုံအထိ လိုက်ပို့လိုပေသည်။ ဘူတာရုံဆိုတာကလည်း အဝေးကြီး။ ကြာပုလဲကနေပြီး လှည်းနှင့် အတန်ကြာခန့် မောင်းသွားပြီးမှ ဘူတာရုံကို ရောက်မည်ဖြစ်၏။

"မထူးပါဘူး၊ မလိုက်ချင်ပါနဲ့ ရွှေစင်ရယ်၊ မောင် တော်ကြာတော့ ပြန်လာမှာပဲဟာ"

မရွှေဦး၏ပါးမို့မို့ကလေးကို ထပ်ကာထပ်ကာ ဖက်နမ်းပြီး ကိုဘသန်းမြင့်သည် ပျဉ်ထောင်အိမ်ကလေးထဲမှ ပြေး၍ ထွက်ခွာသွားလေသည်။ မရွှေဦးသည် တံခါးဝတွင် မျက်ရည်ဝေ့ဝေ့နှင့် ငေးကျန်ရစ်ရပေသည်။ စိတ်ထဲမှာ ဟာတာတာနှင့် ကမ္ဘာကြီးပဲ ပျက်သွားသလိုလို ယောင်ချာချာ ဖြစ်နေ၏။ သူ့စိတ်ထဲတွင် သူ့မောင်ကိုချည်း သတိရနေ၏ ။

"မောင်ရယ်... မောင်–မောင်–မောင်–မောင်"

စိတ်ထဲတွင် တစ်မောင်တည်း မောင်ကာ ပူလောင်လောင်ကြီး ဖြစ်နေတော့သည်။

ထမင်းစားလည်း သတိရ၊ ရေချိုးလည်း သတိရ၊ ထိုင်နေလည်း

သတိရ၊ လမ်းလျှောက်ရင်းလည်း သတိရ၊ အို... မောင်ရယ်၊ မောင့်ကို ချည်း သတိရနေပါကလား။

## ချစ်ဝိညာဉ်

ညက ကောင်းကောင်းအိပ်မပျော်။ မောင့်ကိုချည်း သတိရနေသဖြင့် မနက်ကျတော့ မူးတူးကြီးဖြစ်နေ၏။ အာခေါင်တွေ နာပြီး ခေါင်းအုံနေသလိုလို မရွှေဦးမှာ သူ့ကိုယ်သူ လန့်နေ၏။ မောင် မရှိတုန်း မဖျားပါစေနဲ့။ ဘုရားရေ မဖျားပါစေနဲ့။ လည်ချောင်းတွေက ပို၍ပို၍ နာလာသဖြင့် ဒေါ်လုံမကြီးကိုခေါ်၍ ဒေါက်တာမြင့်ဆွေထံသို့ ဆေးတောင်းရတော့လေသည်။ ဒေါက်တာကလည်း ဂရုစိုက်ပါ၏။ ချက်ချင်းလိုပင် လိုက်လာကာ ကိုယ်ကို စမ်းကြည့်၏။ အဖျားတိုင်းကြည့်၏။

"ကိုယ်မပူပါဘူး၊ မကြောက်ပါနဲ့ မရွှေစင်ဦး၊ ညအိပ်မပျော်လို့ ဖြစ်တာပါ၊ လေကောင်းလေသန့်ရအောင် လမ်းလျှောက်ပါလား၊ ဒေါ်လုံမကြီးကိုခေါ်ပြီး ကျွန်တော့်အိမ်ဘက်ကို လျှောက်ကြည့်ပါဦးလား၊ အိမ်မှာလည်း နေ့ချင်းညချင်းပဲ လူနာတွေ ရောက်ကုန်ပြီ"

"ဟုတ်လား ဒေါက်တာ၊ ဒါဖြင့် ကျွန်မ လမ်းလျှောက်လိုက်ခဲ့မယ်လေ၊ ဒေါ်လုံမ ကျွန်မနဲ့အတူတူ လိုက်ခဲ့ပါနော်"

ရွာလမ်းမကြီးက ရှင်းနေ၏။ ခြံထဲက နှင်းဆီပွင့်ရနံ့တွေကလည်း သင်းပျံ့လှပေသည်။ အချိန်ကလည်း ညနေစောင်းကလေး။

"ရှူး၊ရှူး... လေကိုရှူ မရွှေစင်ဦး"

ဒေါက်တာက အနားက သတိပေး၏။ မရွှေဦးက ပြုံး၍ လေကိုရှူရင်း လွန်ခဲ့သောနှစ်က သူနှင့် သူ့မောင်ကို အင်းလျားမှာ ရေကူးမည်လုပ်ရင်း လေရှူနေပုံကို သွား၍ သတိရမိလေတော့သည်။

ဒေါက်တာ၏အိမ်သို့ရောက်သောအခါ ဆေးခန်းအောက်ထပ်

တွင် လူနာသုံးလေးဦးခန့် ရောက်နေသည်ကို တွေ့ရ၏။ မရွှေဦးသည် လူနာတွေကို ဂရုတစိုက် လိုက်ပြီးကြည့်နေ၏။ ဆေးခန်းထဲမှ ဆေးပုလင်းအမည်များကိုလည်း ဂရုတစိုက်နှင့် ဖတ်နေလေသည်။ ထို အခိုက် အိမ်ရှေ့တွင် လှည်းဆိုက်သံတွေကြားရပြီး အိမ်ထဲသို့ အဝတ် စုတ်ပြတ်နှင့် တောသားကြီး လေးငါးဦး ဝင်လာသည်ကို တွေ့ရ၏။

"ဆရာလေးရဲ့ ကယ်ပါဦးဗျာ... ကျွန်တော့်မိန်းမ ကိုယ်ဝန်လစေ့ ကြီးနဲ့ သားမဖွားနိုင်လို့... ဟီးဟီး"

အသက်အစိတ်ခန့် သျှောင်ကြီးဖွေ့နှင့် လူငယ်က ငိုကြီးချက်မနှင့် ဖြစ်နေရာ မရွှေဦးမှာ ကိုယ်ချင်းစာပြီး သနားပိုလျက် နေမိလေသည်။ 'မောင်သာဆိုရင် ဒါ့ထက်ကဲမှာပဲ' ဟုလည်း တွေးလိုက်သေးသည်။

"ဟေ့ကောင်... မင်းက နိမိတ်မရှိ နမာမရှိ ဘာဖြစ်လို့ ငိုနေတာ တုံး"

သူတို့ထဲက လူကြီးလုပ်သူက လှမ်းအော်သည်။

"အိုဗျာ... ခင်ဗျားတို့ဝမ်းဆွဲသည်မတွေက ဝါးလုံးကြီးကို ဗိုက်ပေါ် တင်ပြီး အတင်းလိမ့်ချနေတာ၊ ကျွန်တော့်မိန်းမ အောက်မှာပိပြီး ဘယ့်နှယ် ဖြစ်နေသလဲ"

လူငယ်က ရွတ်–ဗတ်နှင့် နှပ်ချေးညှစ်ရာ မရွှေဦးမှာလည်း ရင်ထဲ တွင် ဆို့သွားမိတော့၏။

"ကဲ... အဲဒါသာကြည့်တော့ မရွှေဦး၊ တောရွာတွေမှာ အလွန် အရေးကြီးတဲ့ သားဖွားလုပ်ငန်းဘက်ကလည်း ဘယ်လောက်ဆုတ်ယုတ် နေသလဲဆိုတာ"

ဒေါက်တာ ရင်ထုမနာပြောပြီး ဆေးအိတ်ထဲတွင် ဆေးကိရိယာ တန်ဆာပလာများကို ထည့်သွင်းနေ၏။

"ကဲ... မရွှေဦး၊ ခင်ဗျားလည်း မှောင်နေမယ်၊ ပြန်တော့လေ"

မရွှေဦးသည် မျက်ရည်က တလိမ့်လိမ့် ပါးပေါ်စီးကျနေသော တောသားလူရွယ်ကို မျက်တောင်ကော့ကြီးနှင့် လှမ်း၍ကြည့်လိုက်၏။

"မပြန်ဘူး ဒေါက်တာ၊ ကျွန်မလည်း ဒေါက်တာနဲ့လိုက်ပြီး ကူညီပါရစေ၊ ဒေါက်တာ ပြောဖူးတယ် မဟုတ်လား၊ နာ့(စ်)ကောင်းကောင်း လိုတယ်လို့"

ဒေါက်တာမြင့်ဆွေသည် မျက်လုံးကြီးဖြံပြီး မရွှေဦးကို ကြည့်နေမိသည်။

"ကျွန်မ ကူတတ်ပါတယ်၊ ကျွန်မအဒေါ်က ဒေါက်တာ ဒေါ်စောညွန့်တဲ့၊ သူ့ရဲ့သားဖွားခန်းမှာ ကျွန်မ ဝင်ပြီး ခဏခဏ ကူညီပေးဖူးပါတယ်"

"အား... မရွှေစင်က ဒေါက်တာမစောညွန့်ရဲ့တူမကိုး"

ဒေါက်တာမြင့်ဆွေသည် နားလည်သွားဟန်နှင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ လှည်းဆီသို့ မရွှေဦးကို ရှေ့မှ သွားခိုင်းသည်။

"ဒေါ်လုံမ၊ ရှင်လည်းလိုက်ခဲ့နော်"

မရွှေဦးက နောက်သို့လှည့်၍ ပြော၏။ လှည်းကို ရွာနောက်ဘက်သို့ အမြန်နှင်သွား၏။ တဲအိမ်ကလေးထဲတွင် လူမမာသည်မှာ မချိမဆံ့လူးလိမ့်နေလေပြီ။ ခင်ပွန်းလုပ်သူမှာ ထခုန်ရကောင်းနိုး၊ ပစ်လှဲရကောင်းနိုးနှင့် ခုန်ဆွခုန်ဆွဖြစ်နေရှာ၏။

ဒေါက်တာမြင့်ဆွေနှင့် မရွှေဦးတို့သည် တစ်ညလုံး ထိုင်ကာ သူငယ်မကို ပြုစုကြရလေသည်။ ကလေးက ဗိုက်ထဲမှာ သေနေပြီဖြစ်သဖြင့် နှစ်ယောက်သား မိခင်၏အသက်ကိုလုရန် ချွေးတလုံးလုံးနှင့် ကြိုးပမ်းကြရ၏။ ကလေးသေ၏ဦးခေါင်းကိုဖောက်ပြီး အပြင်သို့ တန်ဆာပလာကောက်အချိတ်များဖြင့် ဆွဲထုတ်ရသည့်ကိစ္စမှာ မလွယ်ကူလှပေ၊ ရေနံဆီမီးခွက်အောက်တွင် တစမ်းစမ်းနှင့် သေမင်းလက်တွင်

အသက်တစ်ဝက်ရောက်နေသော မိန်းမငယ်ကို အစွမ်းကုန် ပြုစုကြရလေသည်။ ထိုနေရာတွင် ဒေါက်တာနှင့် မရွှေဦးတို့မှာ မိတ်ဆွေမဟုတ်တော့။ ဆရာဝန်နှင့် ဆရာမ သဘောအတိုင်း အလုပ်ကို နားလည်ကာ ကြိုးစား၍ စွမ်းဆောင်သဖြင့် မိန်းမငယ်မှာ အသက်ချမ်းသာရာ ရသွားရှာလေသည်။

မရွှေဦးမှာ ဖတ်ဖတ်မောသွား၏။ ဒေါက်တာမြင့်ဆွေမှာ အသက်မှျဉ်းမှျဉ်းရှူနေသော မိန်းမငယ်ကိုကြည့်ကာ သက်ပြင်းချရတော့သည်။

"ဘယ့်နှယ်လဲ ဆရာမ၊ အဲ... ယောင်လို့လေ မရွှေစင်ဦး၊ အတော်ပဲ မောသွားပြီလား"

မရွှေဦးက ရယ်၍ပြရသော်လည်း ခြေကုန်လက်ပန်းကျနေ၏။

"မရွှေဦးက တကယ်တော်တာပဲဗျာ၊ ဒေါက်တာမစောညွန့်က လည်း တော်တာကိုး"

"ကျွန်မက သိပ်မတတ်ပါဘူး ဒေါက်တာရယ်၊ အမေကလည်း နာ့(စ်)မို့ ကြားဖူးနားဝရှိနေတာပါ"

"အားပါး... တယ်ဟုတ်ပါလား၊ ကဲ... စကားမများနဲ့၊ အိမ်ပြန်ပြီး နွားနို့သောက်ရအောင် အိမ်လိုက်ခဲ့ဦး၊ ဒေါ်လုံမကြီး ငိုက်နေပြီ၊ ကဲ... ခင်ဗျားလည်း ပြန်ချင်ပြန်တော့"

မရွှေဦးသည် ဒေါက်တာအိမ်သို့လိုက်ပါခဲ့ကာ နွားနို့စစ်စစ်ကို သောက်ရလေသည်။ ဆာကလည်း ဆာ၊ မောလည်း မောနေသဖြင့် နွားနို့က အလွန်ပင် အရသာရှိလှပေသည်။ ထမင်းစားချိန် ရောက်သည့်တိုင်အောင် ဒေါက်တာက တည်ခင်းကျွေးမွေးပြုစုနေလေသည်။

"မရွှေဦးရဲ့ကျေးဇူးကို မမေ့ပါဘူးဗျာ"

"ကျေးဇူးတင်ဖို့လည်း မလိုပါဘူး ဒေါက်တာရယ်... ဒါက ကျွန်မတို့ရဲ့ဝတ္တရားပဲ"

"နေပါဦး၊ ခင်ဗျား ဒါလောက်တောင် အပြုအစု အလုပ်အကိုင် ကျွမ်းကျင်နေရက်များ ဘာလို့ ဒေါက်တာလိုင်းဘက် မလိုက်သလဲဗျာ"

"ကျွန်မ တစ်နေ့လုံး ထိုင်တွေးပြီး ကဗျာစပ်တဲ့အလုပ်ပဲ ဝါသနာပါနေတော့ ဒီအလုပ်နဲ့ ဘယ်ဖြစ်မလဲရှင်"

"ဒါပေမဲ့... ခင်ဗျားက အတွေးသမား အစစ်ကြီးလည်း မဟုတ်ပါဘူး၊ လက်တွေ့အလုပ်မှာလည်း တော်တော်ပဲ စေ့စပ်သေချာပါတယ်၊ ဒါပေမဲ့ လောကကြီးမှာတော့ တကယ့်အတွေးသမားတွေတော့ လိုတာပဲ၊ သူတို့က တွေးကြံပေးကြ၊ ပိုက်ဆံတတ်နိုင်တဲ့လူတွေက အဲဒီအတွေးအကြံတွေကို ရုပ်လုံးဖော်ပြရမယ်၊ ဒါတွေက သူတို့ဝတ္တရားပဲ၊ အတွေးအကြံဆိုပေမဲ့ ဖြစ်နိုင်မယ့် သဘာဝကျတဲ့ အတွေးအကြံနဲ့ မဖြစ်နိုင်ဘဲ အခြောက်တိုက် စိတ်ကူးယဉ်ပြီး တစ်ယောက်တည်း လေထဲတိုက်အိမ်ဆောက်ပြီး လွမ်းဆွေးနေတာမျိုးရယ်လို့ နှစ်မျိုးရှိတယ်"

မရွှေဦးသည် မျက်တောင်ကော့ တဖျတ်ဖျတ်နှင့် ဒေါက်တာကို ငေးမောကြည့်နေသည်။ ထမင်းစားပွဲဘေးမှ ကဗျာစာအုပ်တစ်ထပ်ကြီးဆီသို့ မရွှေဦးမျက်စိရောက်သွား၏။ ဒေါက်တာက မရွှေဦး၏ အဓိပ္ပာယ်ကို နားလည်လိုက်ပေသည်။

"ကဗျာတွေဟာလည်း လူတွေရဲ့တကယ့်ဘဝအတွေးအကြံကို ဖော်ပြနိုင်တာပဲ၊ စာပေနဲ့ အတွေးအကြံဘဝသရုပ်ဟာ ဆက်နေတာပဲ"

"ဒေါက်တာက စာပေလည်း ဝါသနာပါသလား"

"ဒေါက်တာလည်း လူပါပဲလားဗျာ၊ အလုပ်အတွက် အတတ်ပညာအတွက်နဲ့ ဒေါက်တာဆိုတဲ့ ဘွဲ့ထူးကို ရထားပေမဲ့ မရွှေဦးလိုပဲ စာဖတ်ဝါသနာပါတာပေါ့"

မရွှေဦးသည် ပြုံး၍ နားထောင်နေရတော့၏။ အိမ်သို့ ပြန်လာသည့်တိုင်အောင် ဒေါက်တာ၏အကြောင်းကို တွေး၍နေမိ၏။

ဒေါက်တာမြင့်ဆွေသည် အတော်ပင် စိတ်ဝင်စားစရာ ကောင်းနေ၏။ နေ့စဉ်လိုပင် မရွှေဦးသည် ဒေါက်တာ၏ ကုသိုလ်ဖြစ် ဆေးရုံသို့ သွားရောက်၍ ကူညီပေးနေမိ၏။ ဒေါက်တာပေါက်စသည် အကူအညီအများကြီးလိုနေသည်။ လူအကူအညီ လုံလုံလောက်လောက် မရှိ၊ ဆေးမစုံ၊ တန်ဆာပလာ မရှိဘဲ ဖြစ်သလိုပင် ခွဲစိတ်ကုသပေးရ၏။ ရွာတွင် လူမမာတွေကို လှည်းကလေးနှင့်တင်ကာ ဆေးရုံသို့ယူလာကြရ၏။ သူနာပြုမော်တော်ကား မရှိ၊ ဘာမရှိနှင့် အတော်ပင် ခက်ခဲစွာ လူနာများကို ကုသပေးကြရလေသည်။

အချို့လူနာများမှာ စားစရာပင် ဘာမှမရှိသဖြင့် ဒေါက်တာက သူ့ငွေထဲမှ နွားနို့တိုက်ပြီး ထမင်းကျွေးထားရသေးသည်။ ဒေါက်တာ၏ စေတနာကား ကြီးမားလှပါပေ၏တကား။ အံ့ဖွယ်သရဲပါ။ အားလပ်ချိန်ကလေးများတွင် ဒေါက်တာသည် ကဗျာစပ်၊ ဝတ္ထုရေးပြီး လက်ဆွဲဘာဂျာကို တီးတတ်လေသည်။

ကိုဘသန်းမြင့်ကို မြင်လျှင် မြင်ချင်းပင် မျက်စိနှင့် ချစ်ခဲ့လေသည်။ စိတ်ဓာတ်၊ အရည်အချင်း၊ ဝါသနာအကြောင်းတို့ကို လုံးဝမစဉ်းစားခဲ့မိ။ တစ်ဦးနှင့်တစ်ဦး ကောင်းကောင်းနားလည်မှုမရှိ။ ရမ်းချစ်ပြီး ယူခဲ့ကြသလို ဖြစ်နေသည်။ တကယ်တမ်း စိတ်ကြိုက်ဦးနှောက်နှင့် ချစ်ကာ တစ်သက်ပန်လုံးဝါသနာတူ၊ ဘဝတူ နေသွားဖို့အကြောင်းကို ဟိုးတုန်းကသာ စဉ်းစားပါလျှင်...

မရွှေဦးသည် အတွေးနယ်ကျွံလာ၏။

"စိတ်လည်း မဆိုးနဲ့နော်ဗျာ မရွှေဦး၊ ကျွန်တော် တစ်ခုမေးမယ်၊ ခင်ဗျားယောကျ်ားရဲ့အလုပ်မှာ ခင်ဗျားစိတ်မဝင်စားဘူး ထင်တယ်"

မရွှေဦးသည် တွေ၍ သွား၏။

"ကျွန်မမှ ဝါသနာမပါဘဲရှင်"

"ဒီလိုလေဗျာ... ယောက်ျားရဲ့အလုပ်မှာ မကူညီနိုင်ပေမဲ့ ယောက်ျားက သူ့အလုပ်မှာ တွင်ကျယ်အောင် ပျော်ရွှင်စွာ လုပ်ကိုင်နိုင်ဖို့အတွက် မယားလုပ်တဲ့သူက ယောက်ျားကို ပြုစုကူညီပေးဖို့ ပြောတာ"

"ရှင်"

မရွှေဦးသည် နှုတ်ခမ်းကို ကိုက်ထားလိုက်လေသည်။

"ခင်ဗျားနဲ့ ခင်ဗျားယောက်ျား လက်မထပ်ခင်က တော်တော်ကြာကြာ သိကျွမ်းခဲ့ဖူးသလား"

"တစ်လနှစ်လလောက်"

"နောက်တော့ လက်ထပ်ကြရောလား"

မရွှေဦးက မည်သို့မျှပြန်၍ အဖြေမပေးချေ။

"ဘာပဲဖြစ်ဖြစ်လေ... လက်ထပ်ပြီးတဲ့အခါမှတော့ တတ်နိုင်သလောက် တစ်ယောက်နဲ့တစ်ယောက် ညီညွတ်အောင် နေကြပြီးတော့ ကြံဖန်ပြီး ပျော်ရွှင်အောင် နေသွားရမှာပဲ၊ ခင်ဗျားရဲ့ယောက်ျားဟာ တော်တဲ့လူပဲဗျာ"

"ရှင်"

မရွှေဦးသည် အံ့ပြီးရင် အံ့နေ၏။ သူတို့လင်မယားကြားမှာ ဒေါက်တာက ဝင်ပြီး ဘာစိတ်ကူးပေါက်ပြီး ဘာတွေပြောနေသလဲ မရွှေဦးက တွေး၍ မရပါ။

"တကယ်တော်တဲ့လူဗျ၊ တော်တော်ပဲ ယောက်ျားပီသတဲ့လူပဲ၊ အလုပ်ကို သူတစ်ယောက်တည်း ရှာလုပ်ပြီး မယားစိတ်ချမ်းသာအောင် ထားတယ်၊ ဘယ်တော့မှ စိတ်ညစ်အောင်လည်း မလုပ်ဘူးတဲ့၊ ခံစရာရှိရင် သူတစ်ယောက်တည်းသာ ခံဖို့အသင့်တဲ့၊ အခက်အခဲတွေ့ရင်လည်း မညည်းညူဘူး၊ သူတစ်ပါး စိတ်မချမ်းသာအောင်လည်း မလုပ်ဘူး၊ ပျော်ပျော်ပဲ နေတာပဲ၊ သူ့ဝါသနာက တစ်မျိုး၊ မိန်းမဝါသနာကတစ်မျိုး

ဖြစ်တာတောင် မိန်းမအပေါ်မှာ မငြိုငြင်ဘူး၊ မဟုတ်ဘူးလား မရွှေဦး"

ဒေါက်တာသည် ဘာဂျာကို ဟိုသည်စမ်းနေ၏။ လကလည်း သာလှပေသည်။

"တကယ်လို့ဗျာ ကျွန်တော့်လိုဆိုရင် တွန့်တိုချင် တွန့်တိုမိဦးမယ်၊ သူကတော့ သူ့မိန်းမအပေါ်မှာ ဘယ်လောက်ကြီးပဲ အသွင်မတူနေနေ၊ ဖြစ်လာရတဲ့ဘဝကို ရဲရဲကြီး ရင်ဆိုင်တွေ့ပြီး သဘောထားကြီးကြီးထားနိုင်တယ်၊ စိတ်မပျက်ဘူးတဲ့၊ ဩော်... နေပါဦး၊ သူ ဘာကိစ္စနဲ့ ရန်ကုန်ပြန်သွားတာတဲ့လဲဗျာ"

"သူ့စီးပွားရေးအတွက်တဲ့"

မရွှေဦးက တိုတောင်းစွာ ဖြေ၏။

"သူ့စီးပွားရေး... ခင်ဗျားစီးပွားရေးလို့ ဆိုလိုက်ပါတော့ မရွှေဦးရယ်"

ဒေါက်တာက ရယ်နေ၏။ မရွှေဦးက မရယ်နိုင်။ အိမ်သို့သာ ပြန်ပြေးချင်လာတော့သည်။ ဒီညမှာ ဒေါက်တာ ဘာစိတ်ကူးပေါက်နေသည်မသိ။ ခွချည်းပဲဟု မရွှေဦးက ထင်၏။

"ဒီကောင့်အကြောင်း ကျွန်တော် အကုန်သိပါတယ်၊ သူ့ဝါသနာက တစ်မျိုးပဲ။ ဒါပေမဲ့ ခင်ဗျားလိမ္မာရင် ပြောင်းလဲလာမှာပဲလို့ ကျွန်တော်ထင်တယ်၊ သူက ပြောတယ်၊ ကြာပုလဲမှာ လာနေရတာ ငရဲလိုပဲတဲ့၊ ဟုတ်မှာပေါ့လေ၊ သူက ပူပူဆူဆူအရပ်မှ ကြိုက်တဲ့လူပဲ"

"ရှင်"

မရွှေဦးသည် အမှန်ပင် အံ့ဩရပါတော့သည်။

"ကြာပုလဲက ငရဲလိုပဲလို့ ပြောသလား"

"ဟုတ်ကဲ့ ပြောတယ်၊ မရွှေဦး စိတ်ချမ်းသာအောင်ဆိုပြီး သူပါ ဒီမှာလာနေတာလို့ ကျွန်တော့်ကို ဖွင့်ပြောဖူးတယ်"

မရွှေဦးသည် ကြားရချက်ကို မယုံနိုင်။

မောင်... မောင်...

သူ့မောင်ကို သတိရလာမိပါတော့သည်။ ကြယ်တွေက ပွင့်နေကြ၏။ လကြီးကလည်း သာလှပါဘိသည်။ နှစ်ယောက်သား တိတ်ဆိတ်နေကြ၏။

"ဒီညလည်း လူနာတွေ မလာတော့ပါဘူး ထင်တယ်၊ ကျွန်မ အိမ်ကို ပြန်တော့မယ် ဒေါက်တာ၊ ဒေါ်လုံမ... လာ လာ အိမ်ပြန်စို့"

မရွှေဦးသည် ကမန်းကတန်း အိမ်သို့ ပြန်ပြေးခဲ့ရ၏။ လေအေးကလည်း ကြမ်းတမ်းလှသည်။ အိမ်သို့ရောက်လျှင်ရောက်ချင်းပင် အထုပ်အပိုးတွေ ပြင်မိလေသည်။

"ဘာလုပ်တာတုံး အစ်မလေးရဲ့"

ဒေါ်လုံမက နားမလည်သလို မေးသည်။

"ပြန်မယ်လေ... ပြန်မယ် ဒေါ်လုံမရဲ့၊ ကျွန်မ စာအုပ်လောကထဲမှာ မနေချင်တော့ဘူး၊ တကယ့်ဘဝလေးထဲကို ဝင်တော့မလို့"

ဒေါ်လုံမသည် မရွှေဦးပြောသည့် အဓိပ္ပာယ်ကို နားမလည်။ ကြောင်ငေးကြီး ငေးနေသည်။ အပြာရောင် မှိုင်းမိပြီး အခြောက်တိုက်လွမ်းသလို ဆွေးသလိုဖြစ်နေသောကြောင့် မရွှေဦးသည် မကြည်လင်စဖူး စိတ်တွေ ကြည်လင်လာ၏။ သီချင်း တဆိုဆိုနှင့် အထုပ်တွေ သိမ်းနေသည်။

"ပြန်မယ်... မနက်ဖြန် မောင့်ဆီ ပြန်မယ်၊ မောင်တော့ ကျွန်မကို လွမ်းနေမှာပဲရှင်၊ မောင်က ကျွန်မကို သိပ်ချစ်တာ သိလား"

မရွှေဦးသည် ကလေးလေးလို ဒေါ်လုံမကြီးကို ပြောပြနေမိလေသည်။

ထိုအချိန်တွင် ဒေါက်တာသည် လက်ဆွဲဘာဂျာကြီးကို တအား

ကိုင်ပေါက်ကာ အိပ်ရာထဲသို့ ပြေးဝင်လာခဲ့လေသည်။ တကယ်ဆိုတော့ မရွှေဦးဟာ သူ့အိပ်မက်ထဲက ချစ်ဝိညာဉ်ပဲ မဟုတ်ပါလား။ ဒါပေမဲ့ သူသည် ယောကျ်ားပီသစွာနှင့် လောက၏ကျက်သရေကို ဆောင်ခဲ့ရပါပြီ။

အို... မရွှေစင်ဦးရယ်။

ရှုမဝ၊ ဇူလိုင်၊ ၁၉၅၁။

❐

# ရွှေနှာတံ မပေါ့်တပေါ်

အိမ်ခန်းပြတင်းပေါက်ကို ဖွင့်လိုက်သည်နှင့် တစ်ခြံလုံး ခရေပန်းရနံ့တွေ မွှေးအီနေသည်။ ငှက်ကလေးတွေ တေးသီဆိုသံကို နားထောင်ရင်း ရင်ထဲမှာ ကြည်နူးနေသည့် ခင်ခင်ငယ်သည် ကမန်းကတန်း အိပ်ရာကောက်သိမ်း၊ မျက်နှာသစ်ပြီး ဆံကေသာဖားလျားနှင့် ခြံထဲသို့ လင်ပန်းကလေးကိုင်ကာ ပြေးဆင်းလာခဲ့သည်။

"ဟဲ့… ငယ်ငယ်၊ သမီးရေ… ဒီနေ့ ရန်ကုန်က ဧည့်သည်တွေလာမယ် ရွှေဘုံသာမုနိဘုရား ဖူးမလို့၊ ပန်းကောက်မနေပါနဲ့၊ မမတွေကို ဝိုင်းကူပါဦး"

မိခင်လုပ်သူက မီးဖိုချောင်ထဲကနေ လှမ်းအော်ပြောပေမဲ့ ခင်ခင်ငယ်က ဘာမျှပြန်မဖြေ။

သီချင်းဆို၊ စကားပြောနေသော ငှက်ကလေးတွေကို မော့ကြည့်လိုက်၊ တဖြုတ်ဖြုတ် ကြွေကျနေသော ခရေပွင့်တွေ ပြေးကောက်လိုက်တိုင်း နက်မှောင်ရှည်လျားသော ဆံကေသာက လေတဟူးဟူးတွင် ပျံ့ဝဲလိုက်နှင့်။

သူ့အစ်မနှစ်ဦး ခင်ခင်ကြီးနှင့် ခင်ခင်လတ်တို့က အိမ်တစ်အိမ်လုံး ပြောင်တလင်းခါအောင် ရှင်းလင်းလှည်းကျင်းနေကြသည်။ ခင်ငယ့်မေမေကတော့ မီးဖိုချောင်ထဲတွင် ချက်ပြုတ်ကြော်လှော်လျက်ရှိသည်။

ခုံတန်းကလေးပေါ်တွင် ထိုင်ပြီး သီချင်းတအေးအေးနှင့် ခရေကုံးသီနေသော ခင်ခင်ငယ်သည် ခြံထဲသို့ ပါဂျေးရိုး ကားကြီးတစ်စီး ဝင်လာသဖြင့် မျက်လုံးပြူးပြီး ခရေကုံးများကိုင်ကာ အိမ်နောက်ဖေးဘက်သို့ ပတ်၍ တအားပြေးလာခဲ့ရာ ခရေနံ့သင်းနေသော နောက်ဖေးခြံဘက်သို့ ဘောင်းဘီအိတ်ထဲ လက်နှိုက်၍ ပါဂျေးရိုးကားပေါ်မှ ဆင်းလာသော လူရွယ်တစ်ဦးနှင့် အရှိန်ပြင်းစွာ ဝင်တိုက်မိလေသည်။

"ဆောရီးနော်... ဆောရီး"

လူရွယ်က အားတုံ့အားနာနှင့်ပြောနေရာ ခင်ခင်ငယ်သည် မျက်နှာနီရဲပြီး ခေါင်းငုံ့ချကာ လွတ်ကျသွားသော လင်ပန်းကလေးနှင့် တစ်ပွင့်စီ ပြန့်ကျဲနေသော ခရေပွင့်တွေကိုကြည့်ပြီး ရှက်ကိုးရှက်ကန်း လိုက်ကောက်နေလေသည်။

ခင်ငယ့်မေမေနှင့် မမကြီး၊ မမလတ်တို့ အိမ်ပေါ်မှ ပြေးဆင်းလာသောအခါ ကားနောက်တံခါးဖွင့်၍ ကားပေါ်မှ ဆင်းလာကြသော အသက် ၆၀ နီးပါး ဝဝခုံ့ခုံ့ ဦးကြီးနှင့် အဒေါ်ကြီးတို့ အားရဝမ်းသာနှုတ်ဆက်စကားပြော၍ ကြိုဆိုနေကြသည်။ ထို့နောက် ခင်ငယ့်မိခင်က ကားနှင့်မနီးမဝေးတွင် လင်ပန်းကလေးထဲသို့ ပြန့်ကျဲနေသော ခရေပန်းတွေ လိုက်ကောက်ထည့်နေသော ခင်ငယ်နှင့် ဧည့်သည်လူရွယ်ကို လှမ်းမြင်လိုက်ရသဖြင့် သမီးငယ်အတွက် ကသိကအောက် ဖြစ်သွားရလေသည်။

"ဟဲ့ ဟဲ့... ဘယ်လိုဖြစ်နေတာလဲ၊ ခင်ငယ် လုပ်ပုံကလည်း အားနာစရာကွယ်"

"မဟုတ်ပါဘူး ဒေါ်ဒေါ်၊ ပန်းတွေကောက်ပြီး အားရဝမ်းသာ သူ့ဘာသာသူ ပြေးလာတာ၊ ကျွန်တော်က မရှောင်လိုက်မိလို့ပါ"

ပူထူရှိန်းဖိန်းနေသော ခင်ငယ်သည် အမေနှင့်အစ်မတို့၏ မကျေနပ်နေသော မျက်လုံးများဒဏ်ကို မခံနိုင်၍ ထိုနေရာမှ အမြန်ထွက်ခဲ့လေသည်။

ဧည့်သည် ယောကျ်ားပျိုသည် ဆံကေသာ ဖြာလွင့်နှင့် အနား မှ ပြေးထွက်သွားသော ခင်ခင်ငယ်ကို ရင်တဒိတ်ဒိတ်ခုန်၍ ကြည့်နေမိစဉ်–

"လာ လာ... မောင်မင်းအောင်၊ အပေါ်တက်ပါ၊ ခင်ခင်ငယ်က ဒေါ်ဒေါ့်သမီး အငယ်ဆုံးလေ၊ အခုထိ ကလေးစိတ်မပျောက်ဘူး၊ ဒါက သမီးကြီး ခင်ခင်ကြီး၊ ဒါက သမီးလတ် ခင်ခင်လတ်လေ၊ နံနက်စာ စားပြီးမှ နဝဒေးတံတားဖြတ်ပြီး ဘုရားဖူးသွားကြတာပေါ့၊ မဟုတ်ဘူး လား တင်တင်နဲ့ ဦးမြအောင်"

ကိုမင်းအောင်၏မိဘနှစ်ပါးသည် ပြုံးပြုံးရွှင်ရွှင် ခေါင်းညိတ်ပြီး အိမ်ပေါ်သို့တက်ခဲ့ကြသည်။ ကိုမင်းအောင်သည် ချွေးပြန်သောမျက်နှာကို လက်ကိုင်ပဝါနှင့်သုတ်ကာ စိတ်အိုက်အိုက်နှင့် တိုက်ခံအိမ်ပေါ်သို့ တက်လိုက်လာခဲ့သည်။

အိမ်အပေါ် ဝရန်တာဘက်သို့ ထွက်လာပြီး ခြံထဲတစ်ဝိုက်ကို ငုံ့ကြည့်လိုက်ပြီး ခင်ခင်ငယ်ကို ရှာမိသော သူ့ကိုယ်သူ အံ့ဩနေသည်။ ခင်ခင်ကြီးနှင့် ခင်ခင်လတ်တို့သည် အသားဖြူဖြူ။ မျက်နှာသွယ်သွယ်၊ နှာတံချွန်ချွန်၊ ထောင်ထောင်မောင်းမောင်း၊ လုံးကြီးပေါက်လှနှင့်ကြည့်၍ လှပါသည်။ သူသည် တစ်ချိန်လုံး အနောက်တိုင်းနိုင်ငံ လှည့်လည်၍ ပညာသင်ကြားခဲ့ပေမဲ့ အနောက်တိုင်း မိန်းမပျိုတို့အလှကို စိတ်မဝင်စားမိ။ နှာခေါင်းချွန်ချွန်၊ ဖြူဖွေးသော ခြေသလုံးတွေ၊ ဒူးတွေ ပေါ်နေသော ဓလေ့ကို ဘဝင်မကျ။ မမြင့်တမြင် တွေ့မြင်နေရသော ပုန်းလျှိုးကွယ် လျှိုးအလှကို ပြောင်ပြောင်တင်းတင်းကြီး ဖော်ပြနေသော ဒူးပေါ်၊ ပေါင်

ပေါ်၊ ရင်သားပေါ်အဝတ်တို့ကို စိတ်မဝင်စားခဲ့၍ ယခုအထိ လူပျိုကြီးဖြစ်ခဲ့ရသည်။

မြန်မာပြည်ပြန်ရောက်၍ မိဘနှစ်ပါးက ပြည်မြို့မှ သူတို့မိတ်ဆွေ သမီးနှစ်ဦးကို ပြရန် ခေါ်လာ၍ လိုက်သာလိုက်ခဲ့ရသည်။ စိတ်ကမပါ။

"ဟဲ့ သား... လာလေ၊ ဒီမှာ ခဏထိုင်ပြီးမှ ခြံထဲလိုက်ကြည့်ပေါ့"

မိခင်က ခေါ်၍ ဧည့်ခန်းတွင် ဝင်ပြီးထိုင်လိုက်ရသည်။

"ခင်ခင်ကြီးတို့အမေ ဒေါ်ခင်မကြီးနဲ့ ကွယ်လွန်သွားတဲ့ ခင်ခင်ကြီးတို့အဖေ ဦးမောင်မောင်ခင်တို့က မေမေတို့နဲ့ ငယ်သူငယ်ချင်းတွေ သားရဲ့၊ ဖျော်ရည်အအေးလေး သောက်လိုက်ဦးလေ"

ကိုမင်းအောင်က "ဟုတ်ကဲ့ မေမေ၊ ဟုတ်ကဲ့" ဟုပြောကာ ခင်ခင်ကြီး လှမ်းပေးသော ဖျော်ရည်ခွက်ကို လှမ်းယူလိုက်သည်။

ကိုမင်းအောင်သည် ခင်ခင်ကြီးနှင့် ခင်ခင်လတ်တို့ကို တစ်ချက်လှမ်းကြည့်လိုက်မိသည်။ သူတို့ညီအစ်မနှစ်ယောက်က အပြုံးကလေးကိုယ်စီနှင့် ဖော်ရွေလှသည်။ သို့ရာတွင် နှာခေါင်းက ချွန်ချွန်၊ ဖြူဖွေးနေသော ခြေသလုံးသားတွေပေါ်အောင် ဝတ်ထားသော ထဘီတိုတိုတို့ကို မြင်လိုက်ရ၍ မသက်မသာဖြစ်မိသည်။

အသားဖြူဖြူ၊ မျက်လုံးပြူးပြူး၊ မျက်ခုံးစိမ်းစိမ်း၊ ပါးဖောင်းဖောင်း၊ နှာအရင်းပြားပြား၊ နှာတံမပေါ့တပေါ်နှင့် ထဘီအရှည် ခြေမျက်စိဖုံးအောင် ဝတ်၍ ဆံပင်ရှည် ဖားလျားကြီးချထားသော ခင်ခင်ငယ်က အခန်းထဲသို့ ဝင်မလာသေး။ ခင်ခင်ကြီးနှင့် ခင်ခင်လတ်တို့က ပြုံးလျက်ရယ်လျက် ပြောနေသောစကားတို့ကို အလိုက်သင့်သာ ဖြေနေရသည်။ သူတွေ့ချင်၊ မြင်ချင်နေသော ခင်ခင်ငယ်ကို မျက်လုံးနှင့် လိုက်ရှာနေမိသည်။

"ကဲ ကဲ... နေပူသွားဦးမယ်၊ ထမင်းစားကြရအောင်"

ဒေါ်ခင်မကြီးက ဦးဆောင်၍ ထမင်းစားခန်းထဲသို့ ဧည့်သည်များကို ခေါ်လာသည်။ စားပွဲမှာတော့ ဟင်းခွက်တွေအပြည့်။ မရန်းသီးသုပ်၊ ယုန်သားနှင့် ဆူးပုပ်ရွက်ဟင်းချို၊ ပဲကြီးနှပ်၊ ပုစွန်ထုပ်ဆီပြန်၊ ကြက်သားကာလသားချက်၊ ငါးရံ့အူချက်တို့ဖြင့် စားလို့မြိန်လှသည်။

ဒေါ်ခင်မကြီး၊ ခင်ခင်ကြီး၊ ခင်ခင်လတ်တို့က လိုလေသေးမရှိ ဟင်းထမင်းများ ထည့်ပေးနေကြပေမဲ့ ခင်ခင်ငယ်ကတော့ ပေါ်မလာ။ ခင်ခင်ငယ်သည် အမြဲစိတ်အားငယ်နေရသည်ကတော့ သူ့နှာခေါင်းပြားကလေးအတွက်ကြောင့်ပင်။ သူ့အစ်မနှစ်ယောက်က ကိုယ်လုံးကိုယ်ပေါက် လုံးကြီးပေါက်လှ၊ နှာတံပေါ်ပေါ်၊ အသားဖြူဖြူနှင့် အီဂျစ်ပျိုဖြူတို့၏ အလှမျိုး။ တုမယှဉ်သာ၍ လမ်းထွက်လျှင်လည်း အစ်မနှစ်ယောက်နှင့်အတူ မလိုက်လို။ သူ့အတွေးနှင့်သူ ဧရာဝတီမြစ်ကမ်းခြေတွင် ထိုင်၍ ငေးနေတတ်သည်။

"ခင်ခင်ငယ်လေးရော... မတွေ့ပါလား"

ကိုမင်းအောင်က ခင်ခင်ငယ်ကို မတွေ့၍ မေးတော့မှ–

"သူက အဲဒီလိုပဲ မောင်မင်းအောင်... လူများများနဲ့ မနေတတ်ဘူး၊ တစ်ယောက်တည်း နေလေ့ရှိတယ်၊ အစ်မတွေနဲ့လည်း အတူတူ လမ်းမထွက်ဘူး"

ဒေါ်ခင်ကြီးက ပြောပေမဲ့ ကိုမင်းအောင်က–

"ကျွန်တော်တို့လာတုန်းတော့ အတူတူ ဘုရားလိုက်ကြရမှာပေါ့ ဒေါ်ဒေါ်၊ အားလုံးပျော်ပျော်ပါးပါးပေါ့၊ ခင်ခင်ငယ်ကိုလည်း ခေါ်ခဲ့ပေါ့"

ခင်မကြီးသည် ခင်ခင်ကြီးနှင့် ခင်ခင်လတ်ကို လှမ်းကြည့်လိုက်တော့မှ အစ်မနှစ်ယောက် အိပ်ခန်းထဲမှ ခရေသီကုံးနေသော ခင်ခင်ငယ်ကို ဆွဲခေါ်လာကြသည်။

ခင်ခင်ငယ်ကတော့ ခေါင်းငုံ့လျက် အခန်းထဲမှ ထွက်လာသည်။

ကိုမင်းအောင်သည် ခင်ခင်ငယ်၏ကိုယ်လုံးသွယ်လျလျ၊ အသားဖြူဖြူနှင့် ချစ်စရာကောင်းသော ပါးဖောင်းဖောင်းနှင့် နှုတ်ခမ်းထူထူလေး၊ နှာတံမပေါ့်တပေါ်လေးတို့ကို စူးစူးစိုက်စိုက်ကြည့်နေမိသည်။

အားလုံးနံနက်စာစားပြီး ကားနှစ်စီးဖြင့် နဝဒေးတံတားကြီးကို ဖြတ်ကျော်ခဲ့ကြသည်။ ဧရာဝတီမြစ်ရေကတော့ အမြဲစိမ်းလျက်။ နဝဒေးတံတားပေါ်တွင် ကားမောင်းရင်း ရှုခင်းများကို ကြည့်ရသည်မှာ ရင်ထဲတွင် အေးမြလှသည်။

တစ်ဖက်ကမ်းတွင်ရှိနေသော ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးသည် နေရောင်တွင် ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်လှသည်။

"မုနိရုပ်ပွားတော်က ရွှေဘုံသာစေတီထဲမှာ ဌာပနာထည့်ထားတာလို့ သမိုင်းတွေမှာ တွေ့ရတယ် ကိုမင်းအောင်"

"ပြီးတော့ ဓညဝတီ ရခိုင်ပြည်ကြီးမှာ စန္ဒာသူရိယမင်းကြီးက ဘုရားရှင်ကို ရခိုင်ပြည်ကြွဖို့ အမိဋ္ဌာန်ပြု ပင့်ဆောင်တဲ့အခါ ရုပ်ပွားတော်သွန်းလုပ်ခဲ့တယ်တဲ့၊ မဟာမုနိသွန်းလုပ်ရာမှာ ပိုလျှံတဲ့ရတနာတွေနဲ့ ညီတော်ကိုယ်ပွားတွေ သွန်းလုပ်လို့ ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိ၊ မာရ်အောင်မြင်မုနိလို့ မုနိသုံးဆူ ထပ်မံရရှိခဲ့တာလေ"

ခင်ခင်ကြီးနှင့် ခင်ခင်လတ်က ကိုမင်းအောင်ကို အလယ်ကောင်ထား၍ ဘုရားစေတီတော်ပတ်ပြီး ဖူးကြသည်။ ပြီးတော့ အောင်မြေနင်းကြသည်။ ခင်ခင်ငယ်ကတော့ သူတို့နှင့်မလိုက်။ သူ နံနက်က သီကုံးထားသော ခရေပန်းကုံးတွေကို ဘုရားလေးဆူတွင် ဘုရားဝတ်ပြုပြီး ကပ်နေသည်။ ပိုနေသော ပန်းကုံးကလေး တစ်ကုံးကိုင်၍ ထိုင်ရာမှအထ ပန်းကုံးကလေး အောက်ကျသွားသည်။

"အောက်ကျသွားပြီ ခင်ခင်ငယ်... ဘုရားမကပ်နဲ့တော့၊ ကျွန်တော့်ကို ပေးလိုက်နော်"

ကိုမင်းအောင်သည် ခရေပန်းကုံးကလေးကို ပြေးကောက်၍ တယုတယနှင့် သူ့ရှပ်အင်္ကျီအိတ်ထဲသို့ ကောက်ထည့်လိုက်လေသည်။ ခင်ခင်ကြီးနှင့် ခင်ခင်လေးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။ ခင်ခင်ငယ်သည် မျက်လုံးကလေး ဝင်းဝင်းလဲ့လဲ့နှင့် တအံ့တသြဖြစ်ပြီး ကိုမင်းအောင်ကို ကြည့်ပြီးမှ နှုတ်ခမ်းထူထူကလေးနှင့် ပြုံးပြလိုက်မိလေသည်။ ဒီနှင်းဆီဖူးနှုတ်ခမ်းနှင့် ပါးဖောင်းဖောင်းမလေး ခင်ခင်ငယ်၏ တောက်ပသော မျက်လုံးအလှကို ကိုမင်းအောင် ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ပါ။

ကိုမင်းအောင်တို့ ဘုရားဖူးပြီး ပြည်မှပြန်သွားပြီး နောက်တစ်နေ့ မြည်လာသော တယ်လီဖုန်းသံမှာ ကိုမင်းအောင်၏ တယ်လီဖုန်းသံပင် ဖြစ်သည်။

"ခင်ခင်ငယ်လေးလား"

ခင်ခင်ငယ်သည် ခရေပန်းကုံးလေးတွေကို ဘုရားကပ်ရန် ဘုရားခန်းသို့အသွား ဖုန်းကောက်ကိုင်လိုက်မိတော့ ကိုမင်းအောင်၏အသံဖြစ်နေ၍ အသက်ရှုရပ်သွားသလို ဖြစ်သွားမိသည်။

"ဟုတ်... ဟုတ်ပါတယ်"

"ငယ်ငယ်"

တစ်ဖက်က အသက်ရှုပြင်းသံကိုလည်း ခင်ခင်ငယ် ရင်တဖိုဖိုနှင့် ကြားနေရသည်။

"အစ်ကို မင်းကိုချစ်တယ်"

"ရှင်"

ခင်ခင်ငယ်၏ ပန်းခရေကုံးတွေ လက်က လွတ်ကျသွားပြန်လေပြီ။

"ငယ်ငယ့်ကို လက်ထပ်ယူမယ်၊ အစ်ကို့မိဘတွေကို ပြောပြီးပြီ"

ခင်ခင်ငယ်သည် လန့်ဖျပ်ပြီး ပါးစပ်ကို လက်ဝါးဖြင့်ပိတ်ကာ ဖုန်းကို တန်းလန်းကြီးချ၍ ခြံထဲသို့ ပြေးဆင်းခဲ့မိလေသည်။

"ဟဲ့ ဟဲ့... ဘာဖြစ်တာလဲ ခင်ငယ်"

ဒေါ်ခင်မကြီးအခန်းထဲက အလန့်တကြား ထွက်လာပြီး ကြိုးတန်းလန်းနှင့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်လေသည်။

တစ်ဖက်စကားပြောသံကို ဒေါ်ခင်မကြီးသည် တအံ့တသြနှင့် နားထောင်ပြီး ရင်ဖိထားရသည်။ သူထင်တာက ခင်ခင်ကြီးနှင့် ခင်ခင်လတ် တစ်ယောက်ယောက်။ ယခုတော့ သမက်လောင်းက ငယ်ငယ်လေးကိုမှ ရွေးပြီး သဘောကျသွားပေပြီ။

ဤသို့နှင့် ကိုမင်းအောင်နှင့် ခင်ခင်ငယ်တို့ လက်ထပ်ခဲ့ကြရသည်။ ကိုမင်းအောင်က သူ့ကို ဘယ်လောက်ချစ်မြတ်နိုးပေမဲ့ ခင်ခင်ငယ်က သူ့ရဲ့ပါးဖောင်းဖောင်းနှင့် နှာတံမပေါ့တပေါ်နှင့် နှာရင်းပြားပြားကလေး အတွက် အမြဲတမ်း စိတ်ဆင်းရဲနေခဲ့ရသည်။

"အစ်ကိုက ငယ်ငယ့်ကို သနားလို့ယူတာ၊ သူက အလှကြိုက် တော့ မမခင်ခင်ကြီးနဲ့ မမ ခင်ခင်လတ်တို့အလှမျိုးသာ ကြိုက်မှာ"

ခင်ငယ် တွေးမိလျှင် စိတ်မကောင်းအမြဲဖြစ်ရသည်။ အိပ်ရာထဲတွင် တစ်ယောက်မျက်နှာ တစ်ယောက် မျက်နှာချင်းဆိုင် အိပ်ကြရာဝယ် ကိုမင်းအောင်က ခင်ငယ်၏မျက်နှာကလေးကို တယုတယ ကိုင်ကြည့်နေတတ်သည်။ ထို့နောက် နှာတံမပေါ့တပေါ်တွင် နှာရင်းကလေးပြားနေသည့်နေရာကို လက်ကလေးဖြင့် အသာဖိပြီး ပါးချင်းအပ်ထားတတ်၍ ပိုပြီးစိတ်ထဲမှာ ထိခိုက်မိသည်။

အစ်ကိုက နှာတံပေါ်ပေါ်၊ မျှစ်စို့ပေါက်ကြီးကဲ့သို့ ဖြူဖြူဖွေးဖွေးနှင့် ဖွံ့ဖွံ့ထွားထွားလှပနေသော အစ်မများကို မယူဘဲ သူ့လို ပိန်ပိန်ပါးပါး၊ နှာတံမပေါ့တပေါ်၊ ပါးဖောင်းဖောင်း၊ မျက်လုံးဝိုင်းဝိုင်းကိုမှ

လက်ထပ်ယူသည်မှာ ပဟေဠိဆန်လှသည်။ အစ်ကိုမင်းအောင်က သူ့လို ရုပ်မျိုးကို သနားလို့သာ လက်ထပ်မှာပါဟု ခင်ခင်ငယ်က တိတ်တိတ် ပုန်း ရင်ထဲမှာနာကျင်နေရသည်။

"ငယ်ငယ်... အစ်ကို ဖိလစ်ပိုင်ကို အစည်းအဝေး သွားတက်ရ မယ်၊ ငယ်ငယ့်ကို စိတ်မချဘူး၊ ပြည်ကိုပြန်ပြီး မေမေတို့နဲ့ ပြန်နေ နော်"

"ဘာဖြစ်လို့လဲ အစ်ကို... ငယ်က ကလေးမှမဟုတ်တာ၊ အိမ်မှာ သီချင်းဆို၊ ပီယာနို တီး၊ စာဖတ်နေမှာပေါ့၊ ဘယ်မှမသွားပါဘူး"

အစ်ကိုမင်းအောင်သည် ခင်ခင်ငယ်နှင့် မျက်နှာချင်းဆိုင်ပြီး နဖူး ချင်းတိုက်လိုက်သည်။ ထို့နောက် နှာတံမပေါ့တပေါ်လေးကို ဆွဲလိမ်ပြီး ရုံးသို့ထွက်သွားလေသည်။

*

"မမယဉ်ကို အားကိုးပြီး လာခဲ့တာပါ၊ ခင်ငယ့်မျက်နှာကို ကြည့်ပါ ဦး၊ နှာတံကြီးက ပြားမနေဘူးလား၊ အဲဒီနှာရင်းလေး ပြန်ဖော်လိုက်ရင် ပိုလှသွားမှာပဲလို့ ခင်ငယ် ထင်တယ်၊ အဲဒီနှာရင်းကလေး ပေါ်သွားအောင် မမ ခွဲစိတ်ပေးလို့ ရမယ်မဟုတ်လားဟင်"

ပလတ်စတစ်ဆာဂျရီ ဒေါက်တာဒေါ်ယဉ်ဝင်းသည် သူ့ရှေ့တည့် တည့်တွင် ထိုင်နေသော အသက် ၂၀ ကျော်ခန့် ဖြူဖြူဖွေးဖွေး၊ တောက်ပ သော မျက်လုံးပိုင်ရှင်ကလေး ခင်ခင်ငယ်ကို ကရုဏာသက်ကာ ကြည့်နေ မိသည်။

"နှာခေါင်းက ဒီလောက်လည်း မပြားပါဘူး၊ အခုလည်း ကြည့် ကောင်းသားပဲ ညီမရယ်"

"မဟုတ်ဘူး မမရဲ့၊ နှာတံပေါ်ပေါ်၊ ချွန်ချွန်လေးလုပ်ပေးလိုက်ရင်

ဒီထက်ပိုလှမယ် မဟုတ်လား၊ အစ်ကိုက အလှအပ သိပ်ကြိုက်တာ၊ သူက ခင်ငယ့်ကို ကြည့်ကြည့်ပြီး နှာတံကလေးကို ခဏခဏ ကိုင်ကြည့်တတ်တယ်"

"ခင်ငယ့်ခင်ပွန်း ခင်ငယ် နှာခေါင်းမပေါ်ဘူး... အရုပ်ဆိုးတယ်လို့ ပြောဖူးလို့လား"

ခင်ငယ်သည် ကလေးလို တခစ်ခစ်ရယ်ပြီး–

"အဲဒီလိုတော့ မပြောပါဘူး၊ ဒါပေမဲ့ ဒီနှာရင်းက ပြားနေတာလေးကို အားမရပုံပဲ၊ ခင်ငယ်က ဒီထက်ပိုလှချင်တယ်၊ အခု အစ်ကိုက နိုင်ငံခြားခရီးထွက်နေတုန်း နှာခေါင်းပိုလှအောင် ပြင်ချင်တယ်၊ ခင်ငယ့် အစ်မတွေက သိပ်ချောတာ၊ နှာတံပေါ်ပေါ်နဲ့ ကိုယ်လုံးကိုယ်ပေါက် အလှပိုင်ရှင်တွေပေါ့"

ဒေါက်တာဒေါ်ယဉ်ဝင်းသည် ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြုံးပြလိုက်သည်။ ထို့နောက် စမ်းသပ်ခန်းထဲသို့ ခင်ငယ့်ကို ခေါ်သွားပြီး နှာခေါင်းကို သေသေချာချာ စမ်းသပ်ကြည့်လိုက်ပြီးမှ–

"ညီမခင်ပွန်းက နှာခေါင်းပြင်လိုက်တာ သဘောတူပါ့မလား" ဟု သေချာအောင် ပြန်မေးနေသည်။

"စိတ်ချ မမယဉ်၊ ခင်ငယ် နှာတံပေါ်လာရင် အစ်ကိုက ပိုချစ်မှာ"

နှစ်ယောက်သား ပြုံးရယ်မိကြသည်။ ထို့နောက်တော့ ခင်ခင်ငယ်၏ နှာတံမပေါ့တပေါ်လေးမှာ ချွန်ပြီး ပေါ်ထွက်နေ၍ လှပပေါ်လွင်နေပါသည်။ ခင်ခင်ငယ်သည် အစ်ကို့ထံမှ တယ်လီဖုန်းလာလျှင် သူပြုပြင်ထားသည့် နှာခေါင်းအကြောင်း ထည့်မပြော၊ လာတော့မှ အံ့သြသွားပါစေဟု ဆွေ့ဆွေ့ခုန်ပြီး မြူးနေမိသည်။

အစ်ကို ပြန်လာတော့မည်။ လေယာဉ်ကွင်းကို သွားကြိုရန် ခင်ခင်

ငယ်သည် မှန်တင်ခုံရှေ့တွင် သူ့မျက်နှာ သူကြည့်ပြီး ကြည်နူးနေသည်။

အမ်အေအိုင် လေယာဉ်ကြီး မင်္ဂလာဒုံကွင်းပေါ် ခြေချလာသည်ကို လေဆိပ်မှ ကြိုနေသော ခင်ခင်ငယ်သည် မျက်တောင်မခတ် ကိုမင်းအောင်ကို ရှာလေသည်။ အရပ်မြင့်မြင့်၊ ဘောင်းဘီနက်ပြာ၊ ရှပ်အင်္ကျီအဖြူ၊ ကုတ်အင်္ကျီလက်တစ်ဖက်ကိုင်၍ လက်တစ်ဖက်က သားရေအိတ်ဆွဲလာသော အစ်ကို့ကို လေဆိပ်ထဲ ဝင်လာသည်နှင့် မှန်ပေါက်က မြင်နေရသည်။

အစ်ကိုကလည်း ကျိုးကန်းတောင်းမျှော် သူ့ကိုလာကြိုနေမည့် ခင်ခင်ငယ်ကို ရှာနေသည်ကို တွေ့ရသည်။ ခင်ငယ်က လက်ပြတော့မှ အားရပါးရ လက်ဝှေ့ယမ်းပြရင်း ပစ္စည်းထုတ်ယူကာ သက်ဆိုင်ရာ ကောင်တာများတွင်ပြပြီး အပြင်သို့ ကမန်းကတန်း ပြေးထွက်လာခဲ့သည်။

"ငယ်ငယ်လေး"

နှစ်ဦးသား မျက်နှာချင်းဆိုင်ရပ်မိသောအခါ ခင်ခင်ငယ်က ခေါင်းငုံ့ချထားသည်။ ကိုမင်းအောင်သည် ခင်ငယ့်ပခုံးလေးကို ဖက်ကာ ကားပေါ်သို့ ရောက်ခဲ့ကြ၏။

"ငယ်ငယ်... ဘာလို့ခေါင်းငုံ့နေတာလဲ၊ မျက်နှာလေး မော့ပါဦး"

ကိုမင်းအောင်က သူ့ချစ်ဇနီးမျက်နှာကို လက်ကလေးနှင့် အသာဆွဲမော့လိုက်ပြီး–

"ဟာ... ဘယ်လိုလဲ၊ ဘယ်လိုဖြစ်သွားတာလဲ ငယ်ငယ်"

ငယ်ငယ့်မျက်နှာကလေးကို တယုတယ ဆွဲကိုင်ထားသောလက်သည် ပြုတ်ကျသွားသည်။ ကိုမင်းအောင်သည် အံ့အားတသင့်နှင့် ခင်ခင်ငယ်၏နှာတံကလေးကို စူးစိုက်ကြည့်နေသည်။

"ငယ်ငယ် ဘာလို့နှာခေါင်းချွန်ချွန်ကြီး လုပ်လိုက်ရတာလဲ၊

ငယ်ငယ့်အလှတွေ ပျက်ကုန်ပြီ… ပျက်ကုန်ပြီ”

“ဘာ… အစ်ကို၊ ငယ်ငယ် မလှတော့ဘူး ဟုတ်လား၊ ငယ်ငယ့်နှာခေါင်းပြားကလေးပေါ်လာတာ မကြိုက်ဘူးလား၊ အစ်ကို မကြိုက်ဘူးလား”

ကိုမင်းအောင်သည် လက်ဝါးနှစ်ဖက်နှင့် မျက်နှာကို အုပ်ချလိုက်ပြီး–

“ဟင့်အင်း… မကြိုက်ဘူး၊ အစ်ကိုက နှာတံချွန်ချွန်ကြီးတွေ မကြိုက်လို့ မြန်မာဆန်ဆန် နှာတံမပေါ့တပေါ်လေးကို သဘောကျလို့ ယူခဲ့တာ ခင်ငယ် မသိဘူးလား”

ခက်ချေပြီ၊ ခင်ခင်ငယ်တစ်ယောက် ကမ္ဘာမီးလောင်လေပြီ။ ခင်ငယ်သည်လည်း မျက်နှာကို လက်ဝါးနှင့်အုပ်၍ ကလေးငယ်တစ်ယောက်လို ငိုချလိုက်မိလေသည်။

အိမ်သို့ပြန်ရောက်တော့လည်း တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြ။ အစ်ကိုသည် ခင်ငယ်နှင့် မျက်နှာချင်းမဆိုင်၊ လက်ဝါးတစ်ဖက်ဖြန့်၍ လက်သီးဆုပ်ကာ ထုနေသည်။ ခင်ငယ်သည် အိပ်ရာထဲ ပြေးဝင်ပြီး ငိုကြီးချက်မနှင့် ငိုချနေသည်။ ထို့နောက် အစ်ကိုက အိပ်ရာဘေးသို့ လာရပ်သည်။ ခင်ငယ့်ပခုံးနှစ်ဖက်ကို ဆွဲမပြီး မျက်နှာချင်း တည့်တည့်ဆိုင်၍ မျက်လုံးစိမ်းစိမ်းနှင့် ကြည့်သည်။

“ငယ်ငယ်… အစ်ကို့ကိုလည်း မတိုင်ပင်ဘူး၊ ငယ်ငယ်ထင်ရာ လျှောက်လုပ်တယ်၊ ငယ်ငယ်မျက်နှာအသစ်နဲ့ နှာခေါင်းချွန်ကို အစ်ကို ဘယ်လိုကြည့်နေရမှာလဲ”

ကိုမင်းအောင်သည် ခင်ခင်ငယ်၏ပခုံးကို လက်နှစ်ဖက်နှင့် တအားဆုပ်ကာ ခါယမ်းလိုက်ပြီး အိမ်မှ ထွက်သွားတော့သည်။ ခရီးရောက်မဆိုက် နှစ်ယောက်သား အသည်းကွဲရသည့်ဇာတ်လမ်းတွက်

ခင်ခင်ငယ်သည် ရှုံးမတတ်ခံစားမိပြီး ပြည်ကို လှမ်းဖုန်းဆက်ကာ ရင်ကွဲပက်လက်နှင့် အိမ်မှ ပြေးထွက်ခဲ့လေသည်။

*

"မမယဉ်... ဖြစ်ရတာကတော့ အဲဒီလို၊ အစ်ကိုက ငယ်ငယ့်နှာခေါင်းကြီးပုံစံမကြိုက်ဘဲ ထွက်သွားလို့ ခင်ငယ် ရှက်လည်း ရှက်၊ စိတ်လည်းမကောင်းဖြစ်ခဲ့ရပါတယ်၊ ခင်ငယ် နှာခေါင်းပြင်ထားတာ ဘယ်လောက်ပဲလှလှ ခင်ငယ် အခု မလှချင်တော့ပါဘူး၊ အစ်ကိုကြိုက်သလို ခါတိုင်းပုံစံ နှာခေါင်းပြန်ခွဲပေးပါ မမယဉ်ရယ်"

ခင်ခင်ငယ်က ဆေးခန်းထဲတွင် မျက်ရည်လည်လည်နှင့် ရှိုက်၍ရှိုက်၍ ငိုနေသဖြင့် ဒေါက်တာဒေါ်ယဉ်ဝင်းသည်လည်း စိတ်မချမ်းမသာဖြစ်သွားရလေသည်။

"မမယဉ်... ပြန်ခွဲပေးပါနော်၊ ပြန်ခွဲလို့ရသေးတယ် မဟုတ်လားဟင်၊ ငယ်ငယ့်ကို ကယ်ပါဦး"

ဒေါက်တာ ဒေါ်ယဉ်ဝင်းသည် ငိုအားထက်ရယ်အားသန်ပြီး–

"ငယ်ငယ်ရယ်... ကိုယ့်ယောကျ်ားအကြိုက်လည်း ကိုယ်မသိဘဲကိုး၊ ငယ်ငယ့်ယောကျ်ားက ချာတာအကောင့်တက် (နိုင်ငံတကာ မှတ်ပုံတင် စာရင်းကိုင်အရာရှိ) ပညာကို မိဘပိုက်ဆံနဲ့ အနောက်နိုင်ငံမှာ လေးငါးနှစ်သွားပြီး ပညာလေ့လာထားတာဆို၊ နှာခေါင်းချွန်ချွန်၊ အရပ်မြင့်၊ ဖြူဖြူထွားထွားကြီးတွေ ကြည့်နေရပြီး စိတ်ပျက်လို့ သူက မြန်မာဆန်ဆန် ယဉ်ယဉ်ကျေးကျေးနဲ့ နှာတံမပေါ့တပေါ်လေးနဲ့ ခင်ခင်ငယ်ကိုမှ ကြိုက်လို့နေမှာပေါ့"

စိတ်မောလူမောနှင့် ဒေါက်တာက ပြောပြသည်ကို ခင်ငယ်က ကလေးငယ်လို ရီးသားတောက်ပသော မျက်လုံး၊ ကော့နေသော မျက်

တောင်ကလေး တခတ်ခတ်နှင့် နားထောင်နေသည်။ ထို့နောက် ငိုမဲ့မဲ့ ဖြစ်ပြီး–

"မမယဉ်ရယ်... ကယ်ပါဦး၊ တကယ်လို့သာ နှာခေါင်းချွန်ကြီးနဲ့ ဆက်နေရရင် ငယ်ငယ် စိတ်ဆင်းရဲပြီး သေရပါလိမ့်မယ်" ဟု တရှိုက်ရှိုက် ဖြစ်လာပြန်သည်။

"ညီမရေ... မမယဉ် ပြန်လုပ်ပေးပါ့မယ်၊ နှာခေါင်းထဲမှာ ထည့်ထားတဲ့ ပစ္စည်းလေးထုတ်ယူပြီး နဂိုအတိုင်း ပြန်လုပ်ပေးပါ့မယ်"

ဟု ပြောတော့ ခင်ခင်ငယ်သည် ပြုံးရွှင်ပြီး မျက်ရည်များသုတ်၍ ဒေါက်တာဒေါ်ယဉ်ဝင်းကို လက်အုပ်ချီ ကန်တော့လေသည်။

ခင်ခင်ငယ်သည် ခွဲစိတ်ပြန်ပြုပြင်ပြီးသော နှာတံကို မှန်တစ်ချပ်နှင့် သေသေချာချာ ကြည့်လိုက်ပြီး သက်ပြင်းချလိုက်သည်။ အစ်ကိုသည် ပြည်သို့လိုက်မလာ၊ တယ်လီဖုန်းလည်း မဆက်။ ခင်ခင်ငယ်သည် ဆံပင်ဖရိုဖရဲနှင့် အိပ်ရာမှထကာ အပျိုတုန်းကလို လင်ပန်းလေးတစ်ချပ်နှင့် ခြံထဲဆင်းပြီး ခရေပန်းကလေးတွေ တစ်ပွင့်ချင်းကောက်ကာ အစ်ကို့ကို သတိတရဖြစ်နေသည်။ ငှက်ကလေးတွေ တေးဆိုသံကို နားထောင်ရင်း ခုံတန်းပေါ်ထိုင်ကာ ခရေပွင့်များကို နီးတံကလေးတွေနှင့် သီကုံးနေစဉ် ပါကျေးရိုးကားသံကို ကြားလိုက်ရာ ခင်ခင်ငယ်သည် ကြောက်လန့်၍ ခရေကုံးတွေကိုင်ပြီး အိမ်နောက်ဖေးဘက်သို့ လှည့်ပြေးမိလေသည်။

ကားပေါ်မှ ကိုမင်းအောင်သည် အမြန်ခုန်ဆင်းပြီး ခင်ငယ်ရှိရာ နောက်မှ အပြေးလိုက်လေသည်။

"ငယ်ငယ်... ငယ်ငယ်လေး ဘယ်လိုမျက်နှာပြင်ထားထား အစ်ကိုက ချစ်ပါတယ်၊ အစ်ကိုက ငယ်ငယ်ရဲ့နဂိုမူရင်းမျက်နှာအလှကလေးကို မြတ်နိုးလွန်းလို့ စိတ်ထိခိုက်မိသွားတာပါ"

အနောက်မှ လှမ်းအော်ပြောရင်း ခင်ခင်ငယ်၏ ကိုယ်လုံးကလေး

ကို လက်နှစ်ဖက်နှင့် သိမ်းကျုံးပွေ့ဖက်ထားလိုက်သည်။ ခင်ငယ်၏ငုံ့ချထားသော မျက်နှာကို ဆွဲယူလိုက်ကာ ကိုမင်းအောင်သည် မယုံနိုင်အောင် သူမက်မောလှသော နဂိုမျက်နှာကလေးကို ပြန်မြင်လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်ကာ ငယ်ငယ်၏တစ်ကိုယ်လုံးကို ပွေ့ချီလိုက်မိလေသည်။ ထို့နောက် ခရေပင်အောက် ခုံတန်းပေါ်သို့တင်ပြီး တစ်ယောက်မျက်နှာတစ်ယောက် အသည်းနှလုံးထဲမှ စီးဝင်လာသော ချစ်မျက်ရည်စက်တို့နှင့် ဝင်းလက်သော မျက်လုံးများဖြင့် ကြည်နူးစွာ ကြည့်နေမိကြတော့သည်။

ကိုမင်းအောင်သည် ခင်ခင်ငယ်မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး–

"ငယ်ငယ်လေး... အိမ်ကို ပြန်လိုက်ခဲ့နော်၊ နောက်ကို တစ်သက်လုံး ဘယ်တော့မှခွဲမသွားရဘူး"

ဟု တယုတယ ကြင်ကြင်နာနာနှင့် တိုးတိုးလေး ပြောလိုက်သောလေသံသည် ခင်ခင်ငယ်၏အသည်းနှလုံးတွင် တစ်သက်လုံး ဘယ်တော့မှ မမေ့နိုင်သော ကရုဏာ မေတ္တာသံများပင် ဖြစ်ပါသည်။

နိုင်ငံ့ဂုဏ်ရည်၊ မေ၊ ၂၀၀၀။

❒

## ဖွေးနဲ့ ကိုကို

ရန်ကုန်မှ သထုံခရီးကို ပါဂျေးရိုးကားသည် အပြင်းနှင်နေ၏။ စိမ်းလန်းသော ယာခင်းများ၊ တောရိပ်တောင်ရိပ်များကို တရိပ်ရိပ် ကျော်ဖြတ်လာသည်။

"ကိုထက်ဦး၊ ခင်ဗျားအကြံ တော်တော်ကောင်းတယ်ဗျာ၊ ခုလို လယ်ယာကဏ္ဍ စိုက်ပျိုးရေးလုပ်ငန်း တိုးတက်မှုအတွက် စီမံကိန်းတွေနဲ့လုပ်တဲ့အချိန်အခါနဲ့ ခင်ဗျားဆန်စက်တည်တာ အဓိပ္ပာယ်ရှိတယ်ဗျို့"

အသက် ၃၀ ခန့် အသားလတ်လတ်၊ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူနှင့် ပါဂျေးရိုးကို ကိုယ်တိုင်မောင်းနေသော ကိုထက်ဦးသည် နှစ်သက်အားရသော လေသံနှင့် ပြောနေသော သူငယ်ချင်း ကိုစန်းမောင်ကို တစ်ချက်လှည့်ကြည့်ပြုံးလိုက်သည်။

"ကိုစန်းမောင်ရယ်... ပြည်တွင်းအတွက်ရော၊ ပြည်ပအတွက်ရော စပါးကို ဆန်ဖြစ်အောင် လုပ်ပေးဖို့အတွက် ဆန်စက်တွေလည်း လိုတယ်မဟုတ်လား၊ စက်မှုကဏ္ဍတိုးတက်ရမယ်လေ၊ ကျွန်တော်နဲ့ဆွေမျိုးသား

ချင်းတော်တဲ့သူတွေလည်း သထုံမှာရှိတော့ စီမံကိန်းတစ်ခုချပြီး တည်ဖြစ်သွားတာပဲ"

"မနက်ဖြန် ဆန်စက်ဖွင့်ပွဲမှာ ဘာကျွေးဖို့ စီစဉ်ထားသလဲ"

"ကျွန်တော့်ဆွေမျိုးသားချင်းတွေက မုန့်ဟင်းခါးချက်မယ်လို့ ပြောတာပဲ"

စကားတပြောပြောနှင့် သထုံမြို့သို့ ဝင်လာခဲ့ပေပြီ။ တည်းခိုခန်းအရင်ဝင်၊ ရေမိုးချိုး၊ နံနက်စာ စားပြီးမှ ဆန်စက်တည်နေရာ မြို့ပြင်အနီးသို့ ခရီးဆက်ထွက်ခဲ့ကြသည်။

ဆန်စက်မန်နေဂျာ၊ အလုပ်သမားများနှင့် ဆွေမျိုးသားချင်းများက ဝမ်းသာအားရ ဆီးကြိုကြသည်။ ကိုထက်ဦးသည် ဆန်စက်ထဲသို့ လှည့်ပတ်ကြည့်ပြီး မနက်ဖြန်အတွက် မုန့်ဟင်းခါးချက်ရန် ကြက်သွန်လှီး၊ ငှက်ပျောအူဖြတ်၊ ဆီချက်ကြော်နေသော တဲတန်းရှည်နေရာသို့ ရောက်လာသည်။

ကာလသားလူရွယ်လေးတွေ၊ မိန်းမပျိုလေးတွေ အများကြီးကြော်လှော်ချက်ပြုတ်နေကြသည့်နေရာသို့ ရောက်လာခဲ့သည်။ အားလုံးပြုံးပြုံးရွှင်ရွှင် ဆူဆူညံညံ ရယ်ရယ်မောမောနှင့် စကားသံများ ဆူညံနေ၏။

တစ်နေရာ၌ တစ်ဖက်လှည့်၍ ကြက်သွန်ထိုင်လှီးနေသော ဆံတောက်သိမ်းစ၊ ဆံပင်များ စုထုံးပြီး သနပ်ခါးထူထူ၊ ပါးကွက်တင်ထားသည့် အသားဆွတ်ဆွတ်ဖြူသည့် မိန်းမပျိုကလေးတစ်ဦးကို တွေ့လိုက်ရာ ခြေတန့်သွားတော့သည်။

"ဒီကလေးမက မဖွေးဥလေ၊ သူ့အဖေက လယ်သမားကြီး ဦးဘကျော်တဲ့၊ ဦးလေးတို့ သိပ်အားကိုးရတာပေါ့၊ ဒါပေမဲ့ အခုတလော မမာရှာဘူး"

မိန်းကလေးက လှည့်မကြည့်၊ သူ့ကြက်သွန် သူ့ဆက်လှီးနေသည်။

"ဟဲ့... ဖွေးဥ၊ ဒီမှာ စက်သူဌေး လာနေတယ်၊ နှုတ်ဆက်လိုက်ဦးလေ"

ဒီတော့မှ မဖွေးဥက ငုံ့၍ ကြက်သွန်လှီးနေရာက ကိုထက်ဦးကို မော့်ကြည့်သည်။ ကိုထက်ဦးမျက်လုံးများ အခိုးအလျှံများ ထွက်မတတ် ဝင်းဝင်းတောက်သွားသည်။

"လှလိုက်တဲ့ မိန်းကလေးရယ်... အသားတွေက နုပြီး ဖွေးဖြူနေပါလား"

ကိုထက်ဦးသည် မဖွေးဥမျက်နှာလေးကို တအံ့တဩနှင့် ငေးမောကာ ကြည့်နေမိလိုက်သည်။

"မဖွေးဥအဖေက ဘာဖြစ်လို့လဲ ဦးလေး၊ နေမကောင်းရင် ကျွန်တော့် သူငယ်ချင်း ကိုစန်းမောင်က ဆရာဝန်လေ၊ ကျွန်တော်တို့ ညနေခင်းလောက် သွားကြည့်ပေးမယ်"

ထိုအခါမှ မဖွေးဥက အသံထွက်လာသည်။

"ကိစ္စမရှိပါဘူး သူဌေး၊ ကျေးဇူးတင်ပါတယ်ရှင့်၊ ဖွေးရဲ့ဖေဖေက တုပ်ကွေးဖြစ်ပြီး အားနည်းသွားလို့ပါ၊ အခု ထမင်းစားနိုင်လာပါပြီ"

ကိုထက်ဦးသည် လှပချောမောသော မျက်နှာ၊ ကြည်လင်အေးမြ၍ နားဝင်ချိုသော ဖွေး၏အသံတို့ကို ကြားရ၍ ရင်ထဲမှာ နွေးထွေးပြီး ဝမ်းသာမိပေမဲ့ သူဌေးဟုခေါ်လိုက်သည်ကိုတော့ ဘဝင်မကျ။

"မဖွေးဥ... ကျွန်တော့်ကို သူဌေးလို့ မခေါ်ပါနဲ့၊ ကျွန်တော့်နာမည်က ထက်ဦးပါ"

ဦးလေး ဦးမောင်မြနှင့် ကိုစန်းမောင်တို့သည် ကိုထက်ဦးမျက်နှာကို လှမ်းကြည့်ပြီး အသံထွက်အောင် ရယ်မောမိကြသည်။

ဖွေးသည် ခေါင်းငုံ့ချပြီးမှ–

“ဟုတ်ကဲ့ ဦးလေး” ဟု ပြောလိုက်တော့ ကိုထက်ဦးမှာ ပို၍ စိတ်မသက်မသာဖြစ်ကာ လှည့်ထွက်လာခဲ့သည်။ စက်ဝင်းထဲတွင် ဒယ်အိုးကြီးများနှင့် တရှုံရှုံ မုန့်ဆီကြော်များ ကြော်နေကြသော အလုပ်သမားတစ်သိုက်လည်း ဝမ်းပန်းတသာ ဆီးကြိုနေကြသည်။ မိန်းကလေးအုပ်စု၊ အဒေါ်ကြီးများအုပ်စုက ရုပ်ရည်သန့်သန့်၊ အရပ်မြင့်မြင့်နှင့် သူတို့စက်သူဌေး၏ဖော်ရွေပုံတို့ကို သဘောကျကာ တီးတိုးသံတွေ တတွတ်တွတ်နှင့် ပြောကြ ရယ်မောကြနှင့် ပျော်နေကြသည်။

သူတို့သူဌေးက လူပျို ဟုတ် မဟုတ် သိချင်နေကြသည်။ မနေနိုင်သူတစ်ဦးက–

“သူဌေးကတော်ကော မပါဘူးလားရှင်” ဟု အသက်ကြီးကြီးအဒေါ်ကြီးတစ်ဦးက စပ်စုလို၍ မျက်နှာချိုသွေးပြီး မေးလိုက်သေးသည်။

ကိုထက်ဦးက ဘာမျှမပြောဘဲ ပြုံးနေရာ ဦးလေးတော်သူက–

“ညည်းတို့လည်း... တစ်ယောက်တည်း ဆန်စက်ဖွင့်ပွဲလာတာ မမြင်ဘူးလား”

ဟု လှမ်းငေါက်လိုက်ပေမဲ့–

“ဒါဖြင့် လူပျိုပေါ့နော်” ဟု ဆန္ဒင်းမကင်း လီးနေသော အဒေါ်ကြီးတစ်ယောက်က ထပ်ကွန့်လိုက်ပြန်ရာ အားလုံးပွဲကျသွားလေသည်။

တည်းခိုခန်းသို့ သူငယ်ချင်းနှစ်ယောက် ပြန်လာပြီး ကိုထက်ဦး၏ ငြိမ်ချက်ကောင်းနေသော အမူအရာကို ကိုစန်းမောင်သည် အကဲခတ်နေသည်။ အတန်ကြာ အိပ်ရာထဲ လှဲနေပြီးမှ–

“ကိုစန်းမောင်... ဘာဆေးလေးများရှိသလဲ”

ဟု ဆိုင်းမဆင့် ဗုံမဆင့်မေးပါလေသည်။

ကိုစန်းမောင်သည် ပထမတော့ အံ့သြသွားပြီး နောက်မှ ရယ်ပြုံးကာ–

"ပါပါတယ်ဗျာ၊ ဆေးတွေအကုန်ပါတယ်၊ မဖွေးဥအဖေအတွက် ပေးချင်လို့ ဟုတ်လား"

ဟု မေးလိုက်တော့ ကိုထက်ဦးမျက်နှာသည် အတန်နီရဲသွားလေသည်။

"ရှက်စရာ မဟုတ်ပါဘူးဗျာ၊ ကလေးမလေးက တော်တော် လှတာပဲ၊ သထုံဘက်မှာ ဗမာ၊ ကရင်၊ ပအိုဝ်တွေ ရှိတယ် မဟုတ်လား၊ ပြည်ထောင်စုသွေးတွေ ရောနှောပြီး အလှတွေ စုနေသလား မသိပါဘူး"

ကိုစန်းမောင် ပြောပြနေရာ ကိုထက်ဦးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပြီး ဆေးတစ်ဖုံ လွယ်အိတ်ထဲထည့်ပြီး ဦးလေးဦးမောင်မြကို ခေါ်၍ ဒေးဗရိန်းကျေးရွာဘက်ကို ပါဂျေးရိုးကို မောင်းလာခဲ့သည်။

"ကိုစန်းမောင်… နားကြပ်ကော ပါရဲ့လား"

ကိုစန်းမောင်သည် အားရပါးရ ရယ်မောလိုက်ပြီး–

"ဦးလေးဦးမောင်မြရေ… ခင်ဗျားတူ လူပျိုကြီးကတော့ မဖွေးဥကို သဘောကျသွားပြီထင်တယ်"ဟု ကားအနောက်ဘက်တွင်ထိုင်၍ပါလာသော ဦးမောင်မြကို လှည့်၍ပြောလိုက်လေသည်။

"ကောင်းတာပေါ့မောင်ရာ… ကောင်မလေးက ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်ကလေးလေ၊ ရည်းစားလည်း မထားဘူး၊ ဆယ်တန်းလည်း အောင်ထားပြီးပြီ၊ သူ့အဖေအလုပ်ကိုပဲ ကူညီလုပ်ပေးနေတယ်၊ အသက်ကတော့ နှစ်ဆယ်ကျော်လောက်ရှိပြီပေါ့"

တောနှင့်တောင်နှင့် စိမ်းလန်းနေသော ဒေးဗရိန်းကျေးရွာသည် တောင်ခြေရင်းတွင် လယ်ယာခင်း၊ စိုက်ခင်းများအပြည့်နှင့် သာယာလှ

သည်။ တောင်ထိပ်ပေါ်တွင် စေတီအဆူဆူနှင့် တောင်ခြေရင်းတွင်ရှိသော ဒေးဗရိန်းကျေးရွာထိပ်ရှိ နွားတစ်ရှဉ်းနှင့် ကောက်ရိုးစုပုံထားသော ခြံဝင်းထဲတွင် ခနိမိုး သစ်သားထရံကာထားသော အိမ်ကလေးရှေ့ဝယ် ကားသည် အရှိန်လျှော့ကာ ရပ်လိုက်၏။

အိမ်ရှေ့တွင် နီးသပ်၍ တောင်းရက်နေသော အဒေါ်ကြီးတစ်ယောက်က ပျာပျာသလဲထ၍ ကြမ်းပြင်တွင် သင်ဖြူးဖျာခင်း၍ ကြိုဆိုသည်။

"ဦးဘကျော် နေကောင်းလာပြီလား၊ စက်သူဌေးလေး မောင်ထက်ဦးလည်း ပါလာတယ်၊ သူငယ်ချင်း ဆရာဝန်လည်း ပါလာလို့ လာကြည့်ပေးတာ"

ဦးမောင်မြ၏စကားအဆုံးတွင် အိပ်ခန်းထဲမှ ခပ်ပိန်ပိန် ဆံပင်ဖြူဖြူ ခေါင်းတုံးနှင့်ထွက်လာသော ဦးဘကျော်အား ကိုထက်ဦးက ပြုံး၍ နှုတ်ဆက်လိုက်သည်။

သို့ရာတွင် မျက်လုံးကတော့ အိပ်ခန်းထဲ မျှော်ကြည့်လိုက်နှင့် တစ်စုံတစ်ယောက်ကို ရှာဖွေနေသည်။

မဖွေးဥ၏မိခင်က လက်ဖက်ရည်ကြမ်းနှင့် ပဲကြီးလှော်၊ ထန်းလျက်တို့ကို ဗန်းနှင့် ချလာပေးသည်။ သို့ရာတွင် ကိုထက်ဦးသည် ဂနာမငြိမ်မျက်လုံးက မသိမသာ ရှာဖွေနေဆဲ။ ကိုစန်းမောင်က ဦးဘကျော်ကို စမ်းသပ်ပြီး အားဆေးများ ပေးနေသည်။

"မဖွေးဥလည်း မတွေ့ပါလား"

ကိုထက်ဦး၏မမျိုသိပ်နိုင်၍ မေးသံက ခပ်တိမ်တိမ်လေးဖြစ်သည်။

"လယ်ထဲမှာ စပါးသွားတိုက်တယ်၊ ခုပဲ ပြန်လာတော့မှာပါ၊ မနက်ဖြန် ဆန်စက်ဖွင့်တာနဲ့ သူ့စပါးအရင်ကြိတ်မလို့တဲ့လေ၊ လှည်းနှစ်စီးတိုက်ကြိတ်မယ် ပြောတာပဲ"

ကိုထက်ဦး၏ရင်ထဲတွင် မချိမဆံ့ဖြစ်သွားသည်။ ဝမ်းနည်းရမလို ဝမ်းသာရမလို တစ်မျိုးကြီးပါလား။

"ဟော ဟော... ပြန်လာပြီ၊ ဟိုမှာ လှည်းမောင်းလာတာ မဖွေးဥ ပေါ့"

ဦးမောင်မြက ခြံဝင်းထဲသို့ လှည်းဝင်ရိုးသံ ဆူညံစွာဖြင့် လှည်းမောင်းလာသော မဖွေးဥကို လှမ်းမြင်၍ အော်ပြောလိုက်သည်။

လှည်းပေါ်မှ ဆင်းလာသော မဖွေးဥသည် နှင်တံကလေးချ၊ နွားတံပိုးတွေဖြုတ်၊ နွားတွေကို ခြံထောင့်မှာ သွားချည်ပြီး ကောက်ရိုးပုံ တွေချကျွေး၊ ရေတိုက်နေသည်နှင့် အိမ်ပေါ်သို့ တော်တော်နှင့် ရောက် မလာ။

တဘက်ကလေးပေါင်း၍ ပါးမို့မို့ဖြူဖြူပေါ်တွင် ဝါဝင်းနေသော သနပ်ခါးတင်၍ နဖူးပေါ်မှ ချွေးစီးများသုတ်ကာ အနားရောက်လာသော မဖွေးဥအား ကိုထက်ဦးသည် ကရုဏာမိုး ရင်ထဲမှ သွန်ချလိုက်ပြီး စူးစူး စိုက်စိုက်ကြည့်နေမိလေသည်။

"ဦးလေး ဘယ်တုန်းက ရောက်သလဲ၊ ကြာပြီလားဟင်"

"ဟဲ့ ဟဲ့... ဘယ်က ဦးလေးလဲ၊ သူဌေးလို့ခေါ်လေ"

မဖွေးဥ၏မိခင်က အားတုံ့အားနာနှင့် လှမ်းပြောသည်။

"သူဌေးလေးက သူဌေးလို့ သူ့ကို မခေါ်ပါနဲ့ မနက်က ဆန်စက် မှာ တွေ့ကတည်းက ပြောထားလို့ ဦးလေးလို့ခေါ်ရတာ"

ကိုထက်ဦးသည် ဖွေးကို ပြုံး၍ကြည့်နေမိသည်။ မိသားစုအားလုံး က ရိုးရိုးသားသား၊ အမေက ကရင်ကပြား၊ အဖေက ဗမာ၊ ဖွေးဥက တော့ အသားအရေဖွေးဖြူနူးညံ့ပြီး မျက်လုံးလှလှ၊ မျက်တောင်ကော့ ကော့၊ မျက်ခုံးကောင်းကောင်း၊ ကိုယ်လုံးကလေး သေးသေးသွယ်သွယ် နှင့် ချစ်စဖွယ် အပြုံးပိုင်ရှင်ကလေး ဖြစ်သည်။

ဖွေးအား မြင်လျှင်မြင်ချင်း ရင်တွေခုန်ပြီး တလှပ်လှပ်နှင့် ချစ်မိသူကတော့ ကိုထက်ဦးပင်။

*'မြင်ရင်မြင်ချင်းပဲကွယ် ချစ်မိကြိုက်မိတယ်၊ သူဇာနတ်နွယ် ယုံပါကွယ်'*

ပါဂျေးရိုးထဲမှ ဖွင့်ထားသော ရေဒီယိုထဲမှအသံက လွင့်လာသေးသည်။ ကိုထက်ဦးသည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်လေသည်။

"မနက်ဖြန် ဆန်စက်ဖွင့်ပွဲနဲ့အတူတူ ကျွန်တော် မင်္ဂလာပွဲတစ်ခုလုပ်ပါရစေ"

အားလုံးက အံ့အားသင့်ပြီး ကိုထက်ဦးကိုကြည့်ကာ ရှေ့ဆက်ပြောမည့်စကားကို နားစွင့်နေသည်။ ကိုစန်းမောင်ကတော့ ကိုထက်ဦးလက်ကို အသာဆုပ်ကိုင်လိုက်ရာ လက်ဖျားတွေက အေးစက်နေသည်ကို စမ်းမိသည်။

"ကျွန်တော် မဖွေးဥကို မြင်ရင်မြင်ချင်း နှစ်သက်မိတယ်၊ မေတ္တာရှိမိပါတယ်၊ မနက်ဖြန် စက်ရုံဖွင့်ပွဲနဲ့အတူ မင်္ဂလာလက်ထပ်ပွဲပါ ကျင်းပချင်ပါတယ်"

အားလုံး ပါးစပ်ဟသွားကြသည်။ ဖွေးကတော့ မျက်နှာငုံ့၍ အိမ်ထဲသို့ပြေးဝင်သွားတော့သည်။ ဘယ်သူမှ မမျှော်လင့်။ ယုံရမလား၊ အိပ်မက်ဆန်လှသည်။ မိဘများက ဘာပြောရမှန်းမသိ၊ ဦးမောင်မြက အရင်စေ့စပ်ကြောင်းလမ်းထားသင့်ကြောင်း၊ မြန်လွန်း၍ အစီအစဉ်ပြုလုပ်ရန် အချိန်မရှိကြောင်းတို့ ပြောပြသည်ကိုလည်း ကိုထက်ဦးသည် လက်မခံပေ။

"အရေးကြီးဆုံးက ကျွန်မသမီး မဖွေးဥအပေါ်မှာ မူတည်ပါတယ်၊ သူလက်ခံမယ်ဆိုရင် ဖြစ်ပါတယ်" ဟု မိခင်ကပြော၍ အားလုံးသဘောတူကြသည်။ သို့ရာတွင် ကိုထက်ဦးကတော့ ဖွေးက သူ့ကိုလက်မခံ

လည်း သူကတော့ ဖွတ်ယူမှာပဲ။

မိခင်လုပ်သူက အိပ်ခန်းထဲသို့ မြန်မြန်ဝင်သွားသည်။

"ဟဲ့... မဖွေးဥ၊ ဘယ်လိုလုပ်ကြမလဲ၊ သမီး သူနဲ့လက်ထပ်ဖို့ လက်ခံမှာလား"

မဖွေးဥသည် မတုန်မလှုပ်နှင့် ထိုင်နေရာ မိခင်က ငုံ့ချထားသော သမီးမျက်နှာကို စိတ်မရှည်၍ ဆတ်ခနဲ ဆွဲမော့လိုက်သည်။

ဖွေး၏မျက်လုံးသည် တလက်လက် တောက်လျက် ရှိသည်။ နှုတ်ခမ်းကလေးက မပွင့်တပွင့်နှင့် ပြုံးလိုက်သည်။ ရင်အုံကလေးကို လက်နှစ်ဖက်ဖြင့် ဖိထားသည်။

မျက်နှာကလေးမော့၊ မျက်တောင်ကလေးကော့၍

"အမေ" ဟု ဖြည်းဖြည်းခေါ်လိုက်သည်။ ထို့နောက်

"အမေရေ... ဖွေး လက်ခံတယ်၊ ဖွေးကလည်း သူ့ကို မြင်ရင်မြင်ချင်း ရင်ခုန်မိတယ်၊ အခု ဒီညနေ သူအိမ်လာမှာကိုလည်း ဖွေး အလိုလို သိနေတယ်၊ ဖွေး သူ့ကိုချစ်တယ်"

မဖွေးဥမိခင်သည် ရင်ကိုဖိ၍

"ကြုံဖူးပေါင်တော်" ဟု ယောင်၍အော်မိလေသည်။ ဤသို့နှင့် မနက်ဖြန် ဆန်စက်ဖွင့်ပွဲနှင့်အတူ ကိုထက်ဦးနှင့် ဖွေးတို့ မင်္ဂလာပွဲလုပ်ဖြစ်ရန် အားလုံးသဘောတူသွားကြလေသည်။

"တစ်ခုတော့ရှိတယ်၊ ဖွေး ဆန်စက်ဖွင့်ပွဲမှာ လှည်းနှစ်စီးတိုက် စပါးကြိတ်ဖို့ ရှိတယ်၊ အဲဒါ ကြိတ်ရဦးမယ်၊ စပါးတစ်စီးကို ဆန်တင်း ၂၀ ရတယ်၊ ဦးလေးအတွက် တစ်စီး၊ ဖွေးအတွက် တစ်စီး စပါးကြိတ်မယ်လေ"

မိခင်လုပ်သူက ဖွေးကို မျက်စောင်းထိုးရင်း

"ဖွေး... မင်္ဂလာဆောင်တာ ကလေးကစားတာ မဟုတ်ဘူး၊

တစ်ယောက်ယောက်က ဖွေးအစား စပါးကြိတ်ပေးမှာပေါ့၊ သတို့သမီး ဆိုတာ ကျက်သရေရှိရှိ ဣန္ဒြေရှိရှိလေးနဲ့ နေရတာ"

ကိုထက်ဦးသည် ဖွေး မျက်နှာညှိုးကျသွားသည်ကို မမြင်ရက်တော့ချေ။

"ရပါတယ် ဒေါ်ဒေါ်၊ ဆန်စက်မှာ စပါးကြိတ်ပြီး လက်ထပ်တာ ပိုတောင်မင်္ဂလာရှိပါသေးတယ်၊ ကျွန်တော်နဲ့ဖွေးနဲ့ နှစ်ယောက်အတူတူ လှည်းမောင်းပြီး ဆန်စက်မှာ စပါးကြိတ်ကြမှာပေါ့"

ဖွေးသည် ပြုံးရွှင်သွားပြီး ကိုထက်ဦးနှင့် မျက်လုံးချင်းဆိုင်ကာ ချစ်စဖွယ် ကြည့်လိုက်မိလေသည်။ ဤသို့နှင့် တယ်လီဖုန်းဆက်၍ ရန်ကုန်သို့ အကျိုးအကြောင်းပြောပြီး သတို့သမီး၊ သတို့သား အဝတ်အစားချက်ချင်းမှာ၊ မိတ်ဆွေများ ညတွင်းချင်းဖိတ်၊ တစ်ရွာလုံး အနှံ့ မင်္ဂလာဆောင်ကြွရန် ဦးမောင်မြက စီစဉ်ခြင်းဖြင့် မိုးလင်းသွားသည်။

'ဖွေးထက်ဦး' ဆန်စက်ဖွင့်ပွဲတွင် ကိုထက်ဦး၊ မဖွေးဥတို့ မင်္ဂလာဆောင်သည် လှည်းယဉ်နှင့် စပါးတင်၍ သတို့သမီး သတို့သားကိုယ်တိုင် ဆန်စက်တွင် စပါးကြိတ်ရာ လှည်းနံဘေးမှ မိတ်ဆွေသားချင်းများက ပန်းများ၊ ပေါက်ပေါက်များကြဲပြီး အိုးစည်ဗုံမောင်းတီးမှုတ်ကြသည်။ မုန့်ဟင်းခါး၊ ဆနွင်းမကင်း၊ မုန့်ဆီကြော်၊ အအေးပုလင်းများဖြင့် တစ်ရွာလုံး အဝကျွေးပြီး ပျော်ရွှင်စည်ကားစွာ ပြီးစီးသွားလေသည်။

ဦးလေးတော်သူ ဦးမောင်မြက ကမကထပြုလုပ်၍ မိဘနှစ်ပါး မရှိသော ကိုထက်ဦးကိုယ်စား ၎င်းနေအိမ်၌ပင် သတို့သမီး သတို့သား အိပ်ခန်း ပြင်ဆင်ပေးလေသည်။

တောင်ခြေမှ သစ်သားအိမ်ကလေးသည် ပန်းမျိုးစုံ၊ သစ်ခွမျိုးစုံ ပွင့်နေသော ခြံဝင်းကလေးနှင့် ညနေခင်း ပန်းရနံ့သင်းလျက်။

"ဖွေး... နက်ဖြန် ကိုကို ရန်ကုန်ပြန်တော့မယ်၊ ဖွေးလိုက်ခဲ့ရမယ် နော်"

ခုတင်ပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်ကြပြီး ကိုထက်ဦးက ဖွေး မျက်နှာလေးကို လက်နှစ်ဖက်ဖြင့် အသာမယူကာ မြတ်မြတ်နိုးနိုး လေသံ တိုးတိုးနှင့် ပြောနေလေသည်။

ဖွေးသည် မျက်တောင်ကလေးစင်းပြီး ကိုထက်ဦးအား ငေးကြည့် နေမိသည်။ အိပ်မက်မက်နေသလားဟု သူ့ကိုယ်သူ ထင်မိသည်။ ဘာကြောင့် ကိုထက်ဦးကို ချက်ချင်းလက်ထပ်မိသလဲ သူ့ကိုယ်သူမသိ။ ရင်ထဲမှာ နွေးထွေးစွာ ပေါက်ကွဲလာသော ချစ်မေတ္တာနှင့်အတူ ကိုထက်ဦး ပြောသမျှ ခေါင်းကလေး အသာညိတ်၍ သဘောတူလိုက်သည်။

ကိုထက်ဦး ပြုံးရွှင်ချမ်းမြေ့သွားပြီး

"ဖွေး... ခေါင်းချည်းပဲ ညိတ်မနေနဲ့၊ ပါးစပ်ကလည်း ပြောဦးလေ"

ညင်ညင်သာသာ ပြောလိုက်ရာ ဖွေးက ကိုထက်ဦး ရင်တွင် မျက်နှာအပ်၍

"ဖွေး လိုက်မယ် ကိုကို"

ဟု တိုးတိုးကလေးပြောလိုက်သည့်အခါ ဖွေး၏သေးသွယ်သော ကိုယ်လုံးကလေး မြောက်ပါသွားအောင် ကိုထက်ဦးက အားရပါးရ ပွေ့ ချီ၍ မ,လိုက်ပါသည်။

"ဖွေး... ကိုကိုချစ်ရတဲ့ ဖွေးလေး"

ဒေးဗရိန်းတွင် လက်ထပ်ပွဲသည် တောသဘာဝ၊ ယခုတစ်ဖန် ဆီဒိုးနားဟိုတယ်တွင် မင်္ဂလာဧည့်ခံပွဲ ထပ်လုပ်ပြန်သည်။ ညစဉ်ညတိုင်း လည်း ဧည့်ခံပွဲ၊ ထမင်းစားပွဲတွေ ဆက်လက်ရှိသည်။ လှပြီးသား မဖွေးဥ သည် အပြင်အဆင် အဝတ်အစား၊ စိန်ရွှေရတနာများပိုလျက် လှပြီးရင်း လှနေပြန်သည်။

ကိုကို့အလုပ်တိုက် ရုံးသို့ခေါ်၍ လိုက်သွားရာ မန်နေဂျာ၊ စာရင်းကိုင်၊ ကွန်ပျူတာ၊ အော်ပရေတာ၊ စာရေးစာချီ အားလုံးက အထူးအဆန်းဝိုင်းကြည့်ကြ၊ နှုတ်ဆက်ကြ၊ ချီးကျူးကြဖြင့် ဖွေးသည် ခေါင်းကိုက်လာသည်။

ညဘက်တွင်လည်း အိပ်ရေးမဝ။ ညကပွဲများ၊ ကာရာအိုကေ သီချင်းဆိုပွဲများကို ဖွေးသည် မကြိုက်ဘဲ လိုက်သွားနေရသည်။ ဤသို့ဖြင့် နှစ်လ သုံးလကြာခဲ့ပြီ။ တစ်ညတွင်

"ကိုကို... ဖွေး ကောင်းကောင်း နေမကောင်းဘူး၊ ခေါင်းမူးတယ်၊ ပြီးတော့ အန်ချင်တယ်"

ကိုထက်ဦးသည် ဝမ်းသာလုံးဆို့ကာ သူငယ်ချင်း ဒေါက်တာစန်းမောင်အား ကမန်းကတန်း တယ်လီဖုန်းကောက်ဆက်ရသည်။ ကိုစန်းမောင်က သူနှင့်စေ့စပ်ထားသော မီးယပ်သားဖွား ဆရာဝန်မလေး ကျော့ကျော့ဝင်းကို ခေါ်လာခဲ့သည်။

"ပြောပါဦး ဒေါက်တာ... ကလေးရှိလား မရှိဘူးလား"

အလောသုံးဆယ်မေး၍ ကျော့ကျော့ဝင်းက ခေါင်းညိတ်ပြလိုက်တော့မှ ကိုထက်ဦးသည် လက်ခမောင်းခတ်၍ ဖွေးရှိရာ အခန်းထဲသို့ ပြေးဝင်သွားမိလေသည်။ ကိုစန်းမောင်က ခေါင်းညိတ်၍ ပြုံးနေသည်။

ဤသို့နှင့် ဖွေးအတွက် အနားယူရန် ပေလီသို့ ဇနီးမောင်နှံ ထွက်ခဲ့ကြသည်။

"ကိုကိုရေ... ဒီတစ်ခါ ဖွေး ရန်ကုန်ပြန်ရင်လေ ကိုကိုနဲ့ ပါတီတွေ မလိုက်တော့ဘူးနော်"

"ဘယ်ဟုတ်မလဲ ဖွေးကလည်း... ကိုယ်ဝန်ကလနုသေးတာပဲ၊ ဗိုက်ကလေး မပူသေးပါဘူး မိန်းမရယ်"

ဖွေးက သဲသောင်စပ်တွင် ခြေသလုံးကလေးနှစ်ဖက်ပေါ်အောင် ဆန့်၍ ထိုင်ရင်း တခစ်ခစ် ရယ်လိုက်သည်။

"ကိုကို… အဲဒါ ဖွေးကပြောတာ မဟုတ်ဘူး၊ ဖွေးက အဲဒီကာရာအိုကေတို့၊ ပါတီတို့သွားရတာ မပျော်ဘူး"

"ဖွေးကလည်း… အချစ်ရယ် စီးပွားရေးလုပ်တဲ့နေရာမှာ အမြင်ကျယ်ရတယ်၊ ကိုယ့်ဝါသနာနဲ့မတူပေမဲ့၊ အကြိုက်ချင်း မတူပေမဲ့ အပေါင်းအသင်း မိတ်ဆွေဆိုတာ ရှိတာပေါ့၊ ညှိခံပွဲတို့ ပါတီတို့သွားတာ ကိုကိုက လူပျိုမှ မဟုတ်တော့တာ၊ ကိုယ့်မိန်းမ ချောချောလှလှလေးကိုလည်း ခေါ်ရမှာပေါ့"

ဖွေးသည် ရေစပ်တွင် တက်ချည်ဆင်းချည် ပြေးနေသော ကဏန်းကောင်ကလေးများကို ခဏငေးကြည့်နေလိုက်သည်။

"ကိုကိုကသာ ပြောနေတာ၊ တချို့ဂုဏ်သရေရှိဆိုတဲ့ မိန်းမကြီးတွေက ရှေ့မှာသာ ချစ်စရာလေးဟယ်၊ ဦးထက်ဦး ကံကောင်းတာပဲနဲ့ ဟန်လုပ်ပြောနေတာ၊ ကိုကို့ကွယ်ရာမှာလေ ဖွေးကို မကြားတကြားနဲ့ ကိုထက်ဦး တောမှာ ဆန်စက်တည်ရင်း လယ်သမားကြီးတစ်ဦးရဲ့သမီးနဲ့ တွေ့လာတာတဲ့၊ ပညာကလည်း ၁၀ တန်းလောက် တတ်တာပါ၊ ရုပ်ကလေးချောတာနဲ့ ကောက်ယူလာတာလို့ ပြောသံကြားရတယ် ကိုကို၊ ဖွေးကလည်း အရေးမလုပ်ပါဘူး၊ တောသူတောင်သား ကောင်းစားလာတာ၊ ချမ်းသာကြီးပွားလာတာ ဝမ်းသာရမယ့်အစား မစ္ဆရိယ မနာလိုစိတ်ရှိတဲ့သူတွေကိုလည်း အထင်မကြီးပါဘူး၊ ဖွေးတို့က ရိုးသားဖြူစင်တဲ့စိတ်ရှိတယ်၊ ဟန်လုပ်ပြုံးပြီး ရင်ထဲက မနာလိုနေတဲ့ အဲဒီမိန်းမကြီးတွေထက် ဖွေးက မျိုးချစ်စိတ်ဓာတ်သာပါတယ်"

ဖွေး၏ဖြူစင်ရိုးသားသော ကလေးငယ်တစ်ဦးလို နှင်းဆီဖူးနှုတ်ခမ်းငုံကလေး မပွင့်တပွင့် ပြောပြနေသံကို နားထောင်နေရသော

ကိုထက်ဦးသည် သဘောကျကာ တဟားဟားရယ်နေမိသည်။

ထို့နောက် ဖွေးက ဆက်လက်ပြီး ပြောပြန်သည်။

"ကိုကို… မရယ်နဲ့၊ တကယ်ဟန်ဆောင်ကောင်းတဲ့သူတွေလည်း ဖွေး တွေ့နေရတယ်၊ ကိုကိုက မိတ်ဆွေတွေနဲ့ ဝိုင်းဖွဲ့စကားပြော အရက်သောက်နေပြီးတော့ ဖွေးက ပျင်းလွန်းလို့ ကုလားထိုင်လေးတစ်လုံးနဲ့ ချောင်ထဲမှာ ထိုင်နေတဲ့အခါ တစ်ယောက်အကြောင်းတစ်ယောက် အတင်းအဖျင်းပြောသံတွေ ကြားနေရတာ နားကိုငြီးရော"

"ဟယ်… ဒီကောင်မလေး စကားတွေသိပ်ပြောတယ်၊ ပြောဦး ပြောဦး"

ကိုထက်ဦးသည် ထဘီတိုတိုကလေးဝတ်ပြီး ဖြူဖွေးနေသော သဲနုနုပေါ်တွင် ခြေသလုံးလေးဆင်း၍ ထိုင်နေသော ဖွေးကို ကလေးတစ်ယောက်လို ကောက်ပွေ့လိုက်ပြီး လှိုင်းပုတ်နေသော ကမ်းစပ်တွင် လျှောက်ပြေးလေတော့သည်။

ဖွေးသည် ခြေထောက်ကလေးလှုပ်၍ တခစ်ခစ် ရယ်မောကာ ကိုထက်ဦး ပွေ့ချီရာပါသွားတော့သည်။ ဘန်ဂလိုသို့ပြန်ရောက်လျှင် ဟင်းသီးဟင်းရွက်နှင့် အသားများများ ကြော်ထားသော ခေါက်ဆွဲပန်းကန်တစ်ချပ်ကို နှစ်ယောက်အတူစားကြသည်။ ဖွေးသည် ငပလီမှာ ကြာကြာနေလိုပေမဲ့ ကိုထက်ဦး၏အလုပ်ကိစ္စများကြောင့် ရန်ကုန်သို့ ပြန်ရောက်ခဲ့ရပြန်ပြီ။

ရန်ကုန်ရောက်ပြီး နောက်တစ်နေ့ ဒင်နာပါတီရှိပြန်ပြီ။ ဖွေးက မလိုက်လို။ ကိုယ်တွေလက်တွေ ကိုက်သလို၊ ဗိုက်ထဲက လေပွသလိုလို ဖြစ်၍ ငြင်းပြန်တော့ ကိုကိုက အတင်းခေါ်ပြန်၏။

"ကိုစန်းမောင်တို့ ကျော့ကျော့ဝင်းတို့လည်း နိုင်ငံခြားမှာ အစည်းအဝေးသွားကြရပြီ၊ ကျော့ကျော့က ကိုကို ငပလီ သွားနေကတည်းက

မလေးရှားကို ထွက်သွားပါပြီ၊ ကိုစန်းမောင်က မနက်ဖြန် စင်ကာပူသွားရမယ်၊ နှုတ်ဆက်ရင်း စကားပြောကြတာပေါ့ ဖွေးရယ်"

ဖွေးမျက်နှာကလေး မရွှင်မလန်းဖြစ်နေ၍ ကိုထက်ဦး တတွတ်တွတ်နှင့် ချော့သည်။

"ကိုကို... ဒါဖြင့် ဖွေးတို့ စောစောပြန်ရအောင်နော်၊ ဖွေး ကောင်းကောင်း နေမကောင်းဘူး၊ တစ်နာရီထက်ကျော်ရင် ဖွေးတို့ပြန်ကြရအောင်နော်"

ဤသို့ဖြင့် နှစ်ဦးသဘောတူ မိတ်ဆွေဇနီးမောင်နှံ စုံတွဲဖိတ်ထားသော (၁၀) နှစ်မြောက် မင်္ဂလာညစာစားပွဲသို့ တက်ရောက်လာခဲ့ကြသည်။ ကိုထက်ဦးသည် ထုံးစံအတိုင်း မိတ်ဆွေများနှင့် ဘီယာသောက်ရင်း စီးပွားရေးကိစ္စများ စိတ်ပါဝင်စားစွာ ပြောနေသည်။ ဖွေးသည် ဖျော်ရည်လေးတစ်ခွက် လက်က ကိုင်ကာ မလွဲမရှောင်သာ စကားပြောရမည့် မိတ်ဆွေအချို့နှင့် စကားပြောနေရသည်။

လေအေးစက်ကလည်း အေးသထက် အေးလာသည် ထင်ရသည်။ ဖွေးသည် လက်ပတ်နာရီလေး ငုံ့ကြည့်လိုက်၊ သူ့ကိုကို စကားဝိုင်းကြည့်လိုက်နှင့် သက်ပြင်းကလေးချမိသည်။ ဝိတ်တာကလေးက အာလူးကြော်တို့၊ မြေပဲတို့ကို ပန်းကန်နှင့် ယူလာ၍ အာလူးကြော် အနည်းငယ် နုတ်ပြီး ကုလားထိုင်တွင် ဝင်ထိုင်ရန် လှည့်အလာ ပိုက်ဆံအိတ်ကြီးကြီး နှင့် ခပ်ဝဝဖိုင့်ဖိုင့် အမျိုးသမီးကြီးတစ်ဦးက သူ့ခန္ဓာကိုယ်နှင့် ဖွေးဗိုက်တည့်တည့် ဝင်တိုက်မိတော့သည်။

"အမလေး"

ဖွေးသည် ဗိုက်အောင့်သွား၍ လန့်အော်လိုက်ရာ အမျိုးသမီးကြီးက "ဆောရီးနော်" ဟု လာပြောပြီး လှည့်ထွက်သွားသည်။ ဖွေးသည် ဘာမှမဖြစ်သလို ဟန်လုပ်ကာ ကုလားထိုင်တွင် ဝင်ထိုင်ချ

လိုက်သည်။ ဘေးနားက အမျိုးသမီးတစ်ဦးက ဖွေး၏ဖြူဖွေးသော မျက်နှာ၊ အံကြိတ်ထားပြီး ဗိုက်ကလေးကို လက်နှင့် အသာဖိထားသည် တို့ကိုကြည့်ရင်း အနားသို့ လျှောက်လာသည်။

"ဘာဖြစ်သွားလဲဟင်၊ ကျွန်မ ဘာလုပ်ပေးရမလဲ"

ဟု ဂရုတစိုက် မေးလာသည်။ နာကျင်မှုကို ခံစားနေရသော ဖွေးမျက်နှာကလေးကို ကရုဏာသက်စွာကြည့်ရင်း

"ဦးထက်ဦးကို ခေါ်ပေးရမလား၊ ကျွန်မ သွားပြောလိုက်မယ်နော်" ဟု မြန်မြန်ပြောပြီး ကာရာအိုကေခန်းထဲသို့ မြန်မြန်ဝင်သွားသည်။ ခဏ အကြာတွင် ထိုအမျိုးသမီး ပြန်ထွက်လာပြီး

"ဦးထက်ဦး လာပါလိမ့်မယ် ခဏစောင့်နေလိုက်ပါနော်" ဟု အနားတွင် လာအားပေးရင်း–

"ခုနက ကျွန်မ ဒေါက်တာဦးစန်းမောင်ကို တွေ့လိုက်ရတယ်၊ သွားရှာလိုက်ဦးမယ်"

အမျိုးသမီးသည် ခပ်မြန်မြန်ထွက်သွားသည်။ ဖွေးသည် ဗိုက်အောင့်သည့်ဒဏ်ကို မခံနိုင်။ တက္ကစီငှားပြီး အိမ်ပြန်ရန် ကုလားထိုင်ပေါ် မှ အထတွင် ကိုစန်းမောင်နှင့် အမျိုးသမီးကလေး ပြန်ရောက်လာ သည်။

"ကျွန်မ လက်ထပ်ပွဲ ၁၀ နှစ်ပြည့်လို့ အယ်နီဗာစရီလုပ်တဲ့ ဦးလေးနဲ့ ဒေါ်ဒေးရဲ့တူမ ခင်ခင်သင်းပါ၊ ဒေါက်တာဦးစန်းမောင်ကို ခေါ်လာခဲ့ပါပြီ"

ဖွေးသည် ဗိုက်ထဲမှ တအားနာလာ၍ မဟန်နိုင်တော့။

"ဦးစန်းမောင်... ဖွေးကို အိမ်ပြန်ပို့ပေးပါ။ ကိုကိုက သူ့မိတ်ဆွေ တွေနဲ့ စကားပြောလို့ မပြီးသေးဘူး"

ဒေါက်တာစန်းမောင်သည် ဖွေးအခြေအနေကိုကြည့်ကာ တစ်ခါ

တည်း ခင်ခင်သင်းနှင့်တွဲ၍ ဆေးခန်းသို့ ချက်ချင်းပို့ခဲ့လေသည်။ ထို့နောက် ဒင်နာပါတီသို့ ပြန်ပြေးလာခဲ့သည်။

ကိုထက်ဦးသည် ဘီယာဝိုင်းတွင် အမြည်းနှင့် စကားမျှင်မပြတ်သေး၊ ကိုစန်းမောင်သည် ကိုထက်ဦး လည်ကုပ်ကို ဖမ်းဆုပ်ကာ

"ကိုထက်ဦး၊ ခင်ဗျား လွန်တယ်ဗျာ၊ ဖွေးကို ဆေးခန်းပို့ခဲ့ရပြီ၊ ဗိုက်သိပ်နာနေတယ်၊ ကလေးပျက်ချင်သလား မသိဘူး"

ဟု ဒေါပွပြီး အော်တော့မှ ကိုထက်ဦး ထိပ်မြွေပေါက်ခံရသလို

"ဟင်... ဘယ်လိုဖြစ်တာလဲ သူငယ်ချင်း၊ ဘယ်ဆေးခန်းလဲ၊ လိုက်ပို့ပါဦး" ဟု မျက်နှာပျက်၍ ချွေးသီးချွေးပေါက်ကျပြီး ဘယ်သူမှ နှုတ်မဆက်နိုင်ဘဲ ထမင်းစားပွဲမှထပြီး ထွက်ပြေးခဲ့လေသည်။

"ကားကို ဖြည်းဖြည်းမောင်းပါ ကိုယ့်လူ၊ ဘီယာလည်း သောက်ထားသေးတယ်၊ စိတ်ပူပြီး ကားအရမ်း မမောင်းပါနဲ့"

သတိပေးရင်း ဆေးခန်းရောက်သည်နှင့် ကိုစန်းမောင်သည် ကိုထက်ဦးအား လက်ဆွဲ၍ ခေါ်လာခဲ့လေသည်။

ဖွေးအား အိပ်ဆေးထိုးပေးထားသဖြင့် မျက်နှာဖြူလျော်လျော်နှင့် ခုတင်ပေါ်တွင် ပက်လက်ကလေး အိပ်ပျော်နေသည်ကို တွေ့မြင်လိုက်ရရာ ကိုထက်ဦးသည် ရင်ထဲတွင် မချိမဆံ့ဖြစ်ကာ သူ့ခေါင်းကိုသူ လက်သီးနှင့်ထိုးနေ၍ ကိုစန်းမောင် ဆွဲထားရသည်။ ကိုထက်ဦးသည် တောက်တခေါက်ခေါက်နှင့် မျက်ရည်ဝိုင်းပြီး ခေါင်းငိုက်စိုက်နှင့်ဖြစ်နေတော့ရာ

"သွေးမဆင်းရင် ကိစ္စမရှိပါဘူး သူငယ်ချင်း၊ အားရှိအောင် အိပ်ပါစေ၊ ခင်ဗျားလည်း စိတ်ပင်ပန်း လူပင်ပန်းဖြစ်မယ်၊ အိမ်ပြန်အိပ်ပြီး မနက်ထလာလိုက်ပါ၊ ကျွန်တော်က နက်ဖြန် စင်ကာပူကို မနက် အစောကြီး ဖလိုက်နဲ့သွားရမှာမို့ ခွင့်လွှတ်နော်၊ အနားမှာ အခု စပယ်ရှယ်နပ်စ်

လည်း ရှိနေပြီ၊ ဂျူတီကျ ဆရာဝန်တွေကိုလည်း ကျွန်တော် အပ်ထားပြီး ပါပြီ"

ကိုထက်ဦးသည် ညသန်းခေါင်ကျော်အထိ ထိုင်၍ ဖွေးမျက်နှာကို တစိမ့်စိမ့်ကြည့်ကာ ရင်ထုမနာဖြစ်ရင်း အိမ်သို့ပြန်လာခဲ့ရသည်။ ည တစ်ညလုံးလို အိပ်မပျော်။ တယ်လီဖုန်း တစ်နာရီတစ်ခါလောက်ဆက် ပြီး အခြေအနေမေးရင်း မိုးလင်းခါနီးမှာ အိပ်ပျော်သွားလေသည်။

မနက်မိုးလင်း အိပ်ရာမှ နိုးသောအခါ နေရောင်က မျက်နှာထိုးနေ လေပြီ။ ကိုထက်ဦးသည် မျက်နှာ အမြန်သစ်၍ ရေတစ်ခွက်သောက်ပြီး ဆေးခန်းသို့ ကားကို ခပ်ပြင်းပြင်းမောင်းကာ ထွက်လာခဲ့သည်။

အိပ်ရာနေရာ၌ ဖွေးသည် မရှိတော့။

"ဆေးခန်းက ဆင်းသွားပါပြီ၊ စာတစ်စောင် ဦးထက်ဦးလာရင် ပေးလိုက်ပါလို့ ပြောသွားပါတယ်ရှင့်"

ဆရာမသည် စာပေးပြီး ချာခနဲလှည့်ထွက်သွားရာ ကိုထက်ဦး သည် လုံးဝမမျှော်လင့်ဘဲ အသည်းနှလုံးကြေမွသွားသလို ခေါင်းတစ်ခု လုံးလည်း ချာချာလည်သွားတော့သည်။

ကားပေါ်တွင် ထိုင်၍ စာဖတ်ကြည့်လိုက်တော့

ကိုကို...

ကိုကိုက ဖွေးကိုချစ်တာ မဟုတ်ပါဘူး။ ကိုယ့်ဘဝ တိုး တက်ရေးက ကိုကို့အတွက် အရေးကြီးနေတာ မဟုတ်လား။ ဖွေးနဲ့ကိုကို့ဘဝက ခြားနားပါတယ်။ ဖွေးမှာ ကလေးပျက်ကျ သွားပါပြီ။ ဖွေးကို သံယောဇဉ်ဖြတ်လိုက်ပါတော့။

တစ်ခါက ကိုကို့ရဲ့ဖွေး

သူ့ဘဝသည် လုံးဝအဓိပ္ပာယ် မရှိတော့ပါလား။ သူသည် ဖွေးကို ထမင်းစားပွဲတွင် ခဏပဲနေမယ်ဟု ကတိပေးခဲ့ပြီး အပေါင်းအသင်း

မိတ်ဆွေများနှင့် ဘီယာသောက်ရာတွင် ထိုကတိကိုလည်း မေ့ခဲ့သည်။ ဖွေး နေမကောင်းဖြစ်နေပါသည်ဟု အမျိုးသမီးတစ်ဦး လာပြောသော အခါကလည်း ဖွေးက ဂျီတိုက်နေသည်ဟု ခပ်ပေါ့ပေါ့တွေးခဲ့မိသည်။ တကယ်တော့ ဖွေးသည် သူ့ရင်သွေးလေးလွယ်ပြီး သူ့ကိုချစ်၍ သူဝါသနာမပါသော ပါတီဧည့်ခံပွဲများ လိုက်နေခဲ့သည်ကို သူလည်း သိနေသည်။ သိလျက်သားနှင့်များ ကိုထက်ဦးသည် ဆက်မတွေးရဲ တော့ဘဲ အသက်လည်း မေ့ပြီး ရှူမိလေသလား၊ မရှူမိလေသလား မသိတော့ဘဲ ချက်ချင်းပင် သထုံသို့ ပါဂျေးရိုးနှင့် အပြေးနှင်လေတော့ သည်။

ဦးလေးတော်သူ ဦးမောင်မြ အိမ်ရှေ့ကားရပ်ပြီး အကျိုးအကြောင်း ပြောပြကာ ဒေးဗရိန်းကျေးရွာရှိ ဦးဘကျော်၊ ဒေါ်မယ်မိနေအိမ်သို့ အရှိန် ပြင်းစွာနှင့် ကားမောင်းသွားပေမဲ့ နောက်ကျခဲ့လေပြီ။ အိမ်သော့ခတ် တံခါးပိတ်လျက်သား တွေ့ရသည်။ အိမ်နီးချင်းများမေးကြည့်တော့ နွား များ၊ လှည်းများကို အမျိုးများထံ အပ်နှံပြီး ကားတစ်စီးငှား၍ ထွက်သွား ကြကြောင်းသာ ပြောပြကြသဖြင့် ကိုထက်ဦးမှာ မချိတင်ကဲဖြစ်ရတော့ သည်။

ဖွေး... မဖွေးဥကို တောအထပ်ထပ် တောင်အနှံ့နှံ့လိုက်ရှာခဲ့ပြီးပြီ။ စင်ကာပူအစည်းအဝေးသွားတက်ခဲ့သော ဒေါက်တာစန်းမောင်လည်း ပြန်လာပြီး ကူညီရှာပေးသည်။ ကိုထက်ဦးသည် သထုံဆန်စက်သို့ မကြာ ခဏလာရင်း ဆုံတွေ့ခဲ့ရသော မုန့်ဟင်းခါးချက်ရန် ကြက်သွန်လှီးနေ သော ဆံတောက်သိမ်းစ၊ ဆံပင်ကပိုကရိုနှင့် အသားဆွတ်ဆွတ်ဖြူ ဖွေးဥ နေသော အချောအလှမလေး၊ ဒေါသပိုင်ရှင်မလေးအား ရင်ထဲမှာ မချင့် မရဲဖြစ်ပြီး တစ်ချိန်လုံး သတိတရရ တတမ်းတတနှင့် နှစ်နှစ်ကျော်၊ သုံးနှစ်နီးပါး ရှိခဲ့ပြီ။

တစ်ခါတစ်ခါ သတင်းစာအားလုံးထဲမှနေ၍

"ဖွေး.....

ကိုကို့ကို စိတ်ဆိုးတုန်းပဲလား၊ ကိုကို တောင်းပန်ပါတယ် ဖွေးရယ်၊ ကိုကို့ကို ခွင့်လွှတ်ပါ၊ ဖွေး ကိုကို့ဆီ ပြန်လာပါနော်"

ဖွေးကိုကို

ဟု ကြော်ငြာထည့်ခဲ့သည်မှာ နှစ်နှစ်ကျော် သုံးနှစ်နီးပါးရှိခဲ့ပြီ။ စိတ်ပြေလက်ပျောက်ဖြစ်ရန် လက်ထပ်ပြီးစ သူငယ်ချင်း ဒေါက်တာ ကိုစန်းမောင်နှင့် ဒေါက်တာ ကျော့ကျော့ဝင်းတို့နှင့်အတူ ကျိုက်ထီးရိုး ဘုရားလည်း ဖူးရန်၊ သထုံဆန်စက်လည်း ကြည့်ရန် ခရီးထွက်ခဲ့သည်။

ဆန်စက်ဖွင့်ပွဲနေ့ မင်္ဂလာဆောင်ပြီး နွားလှည်းတွင် စပါးတင်၍ ဖွေးနှင့်အတူ ပျော်ပျော်ရွှင်ရွှင် မောင်းခဲ့သည်ကို မျက်စိထဲ မြင်လာခဲ့သည်။ အဝေးက တစ်ချက်ကြည့်ပြီး ကျိုက်ထိုဘက်သို့ ကားဦးလှည့်ခဲ့ရာ ကိုစန်းမောင်နှင့် ကျော့ကျော့ဝင်းတို့သည် ဘာမျှမပြောဘဲ ငြိမ်နေကြသည်။

ကျိုက်ထိုအဝင်တွင် ဘောလုံးသည်တစ်ဦးကို ကားရှောင်လိုက်ရင်း ကိုထက်ဦးသည် ကားကို ချက်ချင်းရပ်လိုက်သည်။

"ဘာဖြစ်လို့လဲ ကိုထက်ဦး"

"ဘာမှမဖြစ်ပါဘူး၊ ဘောလုံးဝယ်မလို့"

"ခင်ဗျာ"

"ဟုတ်တယ် ကိုစန်းမောင်... ကျွန်တော့်ရင်သွေးလေးသာရှိရင် အသက် သုံးနှစ်နီးပါးရှိပြီ ဘောလုံးကလေးနဲ့ ဆော့ကစားနေပြီ"

ကိုစန်းမောင်ကို လှမ်းပြောရင်း ဘောလုံးသည်ထံမှ ရှိသမျှ မိုးပျံဘောလုံးသုံးလုံး ကားပေါ်မှ ဆင်းဝယ်နေလေသည်။ ကားလမ်းဘေးတွင် ကိုထက်ဦးသည် မိုးပျံဘောလုံးသုံးလုံးနှင့်ကိုင်ပြီး ပြန်လာသည်ကို

ကိုစန်းမောင်နှင့် ကျော့ကျော့တို့က ကရုဏာမျက်လုံးများနှင့် ကြည့်နေမိကြသည်။

"ဦးဦး... ဘောလုံးတစ်လုံးပေးပါ၊ သားကို ဘောလုံးပေးပါ"

လမ်းဘေးတွင် ကလေးတစ်ဦးပြေးလာ၍ ဘောလုံးတောင်းနေသဖြင့် ကိုထက်ဦးသည် ကလေးရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။

"သားက ဘောလုံးလိုချင်လို့လား"

"ဟုတ်တယ်ဦးဦး"

ကလေးက ဖြူဖြူဖွေးဖွေး ချစ်စရာလေး။

"ဦးဦးပေးမှာပေါ့၊ သားနာမည် ဘယ်လိုခေါ်သလဲ"

"ဖွေးထက်ဦးပါ ဦးဦး"

ကိုထက်ဦးသည် ရင်တွေတုန်လာလေပြီ။ ဘောလုံးသုံးလုံးစလုံး ကလေးလက်ထဲထည့်ပြီး အနောက်ဘက်သို့ ချက်ချင်းလှည့်ကြည့်မိလိုက်သောအခါ ကလေးနောက်မှ ခပ်ခွာခွာရပ်၍ မျက်နှာတစ်ဖက်လှည့်သွားသော ဖွေးကို တွေ့လိုက်ရသည်။

"ဖွေး... ကြည့်စမ်း မင်း မဖွေးဥ မဟုတ်ဘူးလား"

ဖွေးသည် ဖြေလျှော့ခွေ ဆံထုံးကလေးပတ်၍ ဆံမြိတ်ချထားသည်။ ကိုထက်ဦးသည် ဖွေးမျက်နှာနှင့် လိုက်ဆုံလိုက်သည်။ ထို့နောက် ပခုံးနှစ်ဖက်ကို တအားဆုပ်ကိုင်ထားလိုက်ပြီး–

'ဒါ... ဘယ်သူ့ကလေးလဲ"

အသံတုန်ယင်နေသည်။

ဖွေးက ချက်ချင်းအဖြေမပေး။ ကိုထက်ဦးကို စိမ်းစိမ်းစိုက်ကြည့်ပြီးမှ

"ကလေးက ဖွေးသားလေးပါ"

"ဒါဖြင့်... ဒါဖြင့် သူ့အဖေကရော"

ကားထဲတွင် ကိုစန်းမောင်တို့ဇနီးမောင်နှံမှာ ရုပ်ရှင်ရိုက်နေသည်ကို ကြည့်နေသလို မလှုပ်မယှက် ငြိမ်ပြီးထိုင်နေကြသည်။ ရင်ထဲမှာ ဖိုလှိုက်နေကြသည်။

"သူ့အဖေကလား"

ဖွေးသည် တော်တော်နှင့်မဖြေ။ နှုတ်ခမ်းကလေးဖိကိုက်ကာ

"ဖွေးကို ဂရုမစိုက်တဲ့သူ ဖွေးကိုကိုဆိုတာ"

"ဟင် ဖွေးကိုကို... ဒါဖြင့် ကလေးပျက်ကျပြီဆို"

ကိုထက်ဦးသည် ဖွေးပခုံးနှစ်ဖက်ကိုလှုပ်၍ အတင်းမေးနေသည်။ ဖွေးကို ခေါင်းကို မော့၍

"ဟုတ်တယ် ကိုကို၊ အဲဒီတုန်းက ကိုကို့ကို စိတ်နာလွန်းလို့ တမင်ရေးလိုက်တာ၊ ကလေးပျက်မကျပါဘူး၊ အဲဒီကလေးဟာ ဖွေးထက်ဦးပေါ့"

ကိုထက်ဦးသည် ဘာမပြော ညာမပြော မိန်းမခိုးပြေးသလို ဖွေး၏ ခါးကို တအားဆွဲဖက်ကာ ကလေးကိုတစ်ဖက် ပွေ့ချီ၍ ကားပေါ် အတင်းဆွဲတင်တော့လေသည်။

"ဖွေး... မင်း သိပ်မာနကြီးပါလား၊ ကိုကို့ကို ခွင့်လွှတ်ပါ အချစ်ရယ်"

ဖွေးရင်ခွင်ထဲသို့ ခေါင်းထိုးပေးနေသော ကိုထက်ဦး၊ ဝမ်းနည်းဝမ်းသာမျက်ရည်ပေါက်ပေါက်ကျနေသော ဖွေး၊ ဘောလုံးသုံးလုံးနှင့် ပျော်နေသော ဖွေးထက်ဦးတို့ကို ကားနောက်ခန်းမှာ ထား၍ ဒေါက်တာစန်းမောင်တို့ဇနီးမောင်နှံသည် ကျိုက်ထီးရိုးဆံတော်ရှင်စေတီဘက်သို့ ကားကို ကြည်နူးဝမ်းသာသော အပြုံးကိုယ်စီဖြင့် ခပ်ဖြည်းဖြည်းကလေး မောင်းသွားလေသည်။

နိုင်ငံ့ဂုဏ်ရည်၊ ဩဂုတ် ၊ ၁၉၉၉။

❐



## ဆေးသိပ္ပံ မှတ်တမ်း

ကျွန်မသည် တစ်ခါက ဒေါက်တာ ဦးကိုကိုကြီး (မျက်စိကုအထူး) ၏ ပြောစကားတစ်ခွန်းကို အမှတ်ရလာ၍၊ တစ်ယောက်တည်းပင် ပြုံးရယ် လိုက်မိပါသည်။

"မိန်းကလေးတွေ ဆရာဝန်အတတ်သင်တာ... တို့တော့ တယ်သဘောမကျပါဘူးကွာ၊ အရှက်ဆိုတာလည်းမရှိ၊ အကြောက်ဆို တာလည်း မရှိ၊ လူနာတွေကို ရောဂါပျောက်အောင်ဆိုတဲ့ တစ်ခုတည်း စိတ်နဲ့ပဲ ခွဲစိတ်ချုပ်ပြီး ဆေးထည့်ပေးရ၊ ဆေးထိုးပေးရနဲ့၊ သူတို့ကြည့် လိုက်ရရင်လည်း နွဲ့နွဲ့နှောင်းနှောင်း မိန်းမဟန်ကို မရှိတော့ဘူး။ နားကြပ် ကြီးတွေကိုင်... ဆေးထိုးအပ်ကြီးတွေကိုင်ပြီး၊ လူနာရောဂါအတွက် စဉ်းစဉ်းစားစား မျက်နှာကြီးတွေနဲ့ လမ်းလျှောက်နေကြတာများ ယောကျ်ားကြီးတွေလား မှတ်ရတယ်၊ သူတို့ကြည့်ရတာ စိတ်ပျော့ ပျောင်းမှုတို့၊ ချစ်ခင်စွဲလမ်းမှုတို့၊ နူးညံ့သိမ်မွေ့မှုတို့၊ ရှိမှ ရှိပါတော့ မလားလို့ အောက်မေ့ရတယ်၊ မင်းတို့ ဘယ့်နှယ်သဘောရသလဲ... ပြောကြစမ်းပါဦး"

တစ်ခါက ဆေးကျောင်းသူတစ်ဦး မျက်စိပြချင်သည်ဆို၍ (Ward,9,10) ရှိ ဒေါက်တာ ဦးကိုကိုကြီးအခန်းသို့ ကျွန်မတို့ လိုက်အသွားတွင် ဆရာက ဤသို့စကားစပ်ပြီး ပြောပြသဖြင့် ကျွန်မတို့မှာ ရယ်မောနေမိကြ၏။

"ဘယ်ဟုတ်မလဲ ဆရာ... အမျိုးသမီးတွေမှာ မိခင်စိတ်ရှိတယ်၊ ပညာသင်နေတုန်းတော့ ဒီလိုပဲ ယောကျ်ားတွေနဲ့အတူ မရှက်မကြောက် သင်ရမှာပေါ့၊ နွဲ့နှောင်းပြီး သင်နေရင် ဘယ်တတ်တော့မလဲ လူနာကို ကုတဲ့အချိန်ကျတော့ ဆရာဝန်စိတ်နဲ့ကုပြီး၊ သည့်ပြင် အချိန်မှာတော့ မိန်းမဘာဝကို မေ့ပျောက်ထားလို့ ဘယ်ဖြစ်မလဲဆရာ..." ဟုအားလုံးက ဝိုင်းပြီး ပြောကြသည့်အခါ ဆရာက တဟားဟားရယ်မောပြီး ကျန်ရစ်ခဲ့ပါသည်။

ဆရာပြောသည့်အတိုင်းပင် ကျွန်မတို့၏ အမူအရာဟန်ပန်လမ်းလျှောက်ပုံကအစ အူကြောင်ကြောင် ခွကျကျများဖြစ်နေရော့လားဟု သံသယဖြစ်စရာ ရှိလာမိပါ၏။

ကျွန်မတို့သည် ဒုတိယနှစ်အမ်ဘီဘီအက်(စ) စီနီယာတန်းမှာ အနတော်မီခေါ် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းပညာရပ်ကို ပရော်ဖက်ဆာ ဒေါက်တာလူးဝစ်(စ)က သင်ကြား၍ ဖဆီရော်လော်ဂျီခေါ် လူခန္ဓာကိုယ်ထဲမှ သွေးသားနှလုံးဦးနှောက်အကြောတို့ ဆက်သွယ်အရေးကြီးသော လှုပ်ရှားမှု၏ပညာရပ်ကို ပရော်ဖက်ဆာ ဒေါက်တာဦးအေးက သင်ကြားပေးလေသည်။

ဤသို့ဖြင့် ဒုတိယနှစ် အက်ဘီဘီအက်(စ)ဂျူနီယာတန်းမှာ တစ်နှစ်နေ၍ ဒုတိယနှစ် အမ်ဘီဘီအက်(စ)စီနီယာတန်း၌ တစ်နှစ်နေ ပေါင်း ၂ နှစ်နေပြီးမှ စာမေးပွဲကို ဖြေကြားရလေသည်။

ဤသို့ဖြင့် ဆေးရည်သွင်းပြီးသား လူသေများ ဖားကောင်ကို မေ့

ဆေးမပေးဘဲ အရှင်လိုက်ဦးခေါင်းကို စားပွဲနှင့်ရိုက်ပြီး၊ သံချွန်နှင့်ဦး နှောက်ကို မွှေအောင်ထိုး ရင်ကိုခွဲ၊ နှလုံးဖျားကို အပ်ဖျားနှင့် ဟိုဘက် ဒီဘက်ဖောက်၍ ကြိုးနှင့်ချိတ်ကာ နှလုံးသွေးတိုးအနေအမြန် ဇယား ကွက်ယူရပုံများ စသည်တို့ကို သင်ကြားရ၏။

ညစာ ထမင်းအငတ်ခံ၍ မနက်အစောကြီး ဆေးကျောင်း ပြေးလာ ကိုယ့်သွေးကိုယ်ဖောက်ပြီး စမ်းကြည့်၊ ညကတည်းက ရေမသောက်ဘဲ အိပ်၊ မနက်အစောကြီး ကျောင်းပြေးလာ၊ ထိုနောက် ဆီးသွားပြီး ယူထား၊ သည်နောက် ပေးသောဆေးကို သောက်၍၊ ဖန်ခွက်ပေါင်းများစွာနှင့် ပေးထားသော အချိန်တိုင်းအိမ်သာသို့ ခဏခဏပြေး၍ ဆီးယူ စမ်းသပ် ကြည့် စသည်ဖြင့် အထွေထွေတို့ကို ကြိုးစားသင်မှတ်လာကြရ၏။

ဤသို့ဖြင့် ဒုတိယနှစ် အမ်ဘီဘီအက်(စ) သင်တန်းကို အောင်မြင် ပြီးမှ၊ တတိယနှစ် အမ်ဘီဘီအက်(စ) သင်တန်းကစ၍ ဆေးရုံသို့ လှေ့ လာခွင့်ကို ရခဲ့ကြရလေသည်။

တတိယနှစ် အောင်မြင်ပြီးသောအခါ နောက်ဆုံးနှစ် ပထမပိုင်း (Final year Part 1) ကိုရောက်၍ သားဖွားခြင်းနှင့် သက်ဆိုင်သော ပညာရပ်များကိုလည်း ဒပ်ဖရင်တွင်၊ ညအိပ်ညနေ ဆည်းပူးရပေမည်။ ထိုမှတစ်ဆင့် စိတ္တဇဆေးရုံ စသည်တို့၌လည်း လေ့လာနိုင်သေးသည်၊ ပထမပိုင်းအောင်မြင်ပြီးသောအခါ နောက်ဆုံးနှစ် ဒုတိယပိုင်း (Final year Part 2) ကို သင်ကြားပြီးနောက် အမ်ဘီဘီအမ်(စ)ဘွဲ့ကို ရရှိနိုင် ပေသည်။

ဒုတိယနှစ်မှလွတ်ကျွတ်၍ တတိယနှစ်သို့ အရောက်တွင် နားကြပ် ကို အသုံးပြုရပြီး၊ ဆေးရုံထဲတွင် တာဝန်ကျသည့်အခန်း၌ လူနာများကို စမ်းသပ်ကုသရသည့်အချိန်တွင် စိတ်ဝင်စားဖွယ် အမျိုးမျိုးတို့ကို တွေ့ကြုံမှတ်သားရမည်ဖြစ်၏။ နေ့စဉ်... နေ့စဉ်လိုပင် စိတ်ဝင်စားဖွယ်

ရာ ရောဂါအကြောင်းအရာများ... ပညာရပ်များကို တွေ့နေရသဖြင့်၊ နေ့စဉ်တွေထဲမှာ... တစ်နေ့အကြောင်းကို ရွေးပြီး ဖော်ပြလိုပါသည်။

မနက်ဆိုလျှင် ကျွန်မသည် ဘယ်တော့မှ စောစောနိုးလေ့မရှိ၊ ညတွင် ဝတ္ထုဆောင်းပါးစာအုပ်များကို ဖတ်လို့ ကောင်းသလောက် အချိန်မကန့်သတ်ဘဲ ဖတ်လေ့ရှိသဖြင့်၊ နောက်ကျမှချည်း အိပ်ရာဝင်လေ့ရှိသည့် ကျွန်မသည်... ယနေ့လည်း... အိပ်ရာထနောက်ကျပြီး... ရင်ခွဲရုံသို့ ခုနစ်နာရီကျော်မှ ကမန်းကတန်း ရောက်သွားပါ၏။

လူသေကိုကား ကျောက်ခုံမြင့်ပေါ်၌ တင်ထား၏။ ဘေး၌ဆရာနှင့် တပည့်အားလုံးဝိုင်းရုံကြည့်ရှုနေကြလေသည်။ နောက်ကျမှ ရောက်သွားသဖြင့်... ဆရာမမြင်ရအောင် ခြေအသာဖွကာ... ကျောင်းသူကျောင်းသားကြားထဲတွင်... ဝင်ရောပြီး ရပ်လိုက်ရ၏။

လူသေက ကုလားလူမျိုးဖြစ်သည်။ ဗိုက်ကြီးကလည်း ပူဖောင်းနေ၏။ စောစောရောက်နှင့်သော တပည့်တစ်ယောက်က ရင်ဘတ်နှင့် ဗိုက်ကို ဓားနှင့်ခွဲချကာ... နှလုံးတွေ... အသည်းတွေ... ကျောက်ကပ်သည်းခြေ... အူသေး အူမစသည်တို့ကို အပြင်သို့ လှီးထုတ်ယူလိုက်လေသည်။ ဗိုက်ကို ဖွင့်သောအခါ၌ အူပေါက်၍... ဗိုက်ထဲတွင် ရေတွေ... မစင်တွေ ပေါလောဖြစ်၍နေ၏။ မစင်နံ့ကြောင့်... အားလုံးနှာခေါင်းပွစိပွစိဖြစ်နေကြပေမဲ့ အောင့်နေကြရသည်။

အသည်း... နှလုံး... ကျောက်ကပ်... သည်းခြေ စသည်တို့ကို ဘာရောဂါမျိုးကြောင့် သေရသနည်းဟု ပို၍သေချာအောင် လှီးစိတ်ပြီး ကြည့်ကြသောအခါ၊ ထူးထူးထွေထွေရောဂါမရှိပေ။ ဦးခေါင်းကို တစ်ဖန်တူနှင့်ရိုက်ပြီး ဦးနှောက်ကို ခွဲစိတ်ကြည့်ကြပြန်တော့လည်း... ရောဂါအဆန်းမရှိ။ တစ်ဖန် အူကိုဆွဲထုတ်ပြီး ရေကန်ထဲ ရေထည့်ဆေးကြည့်ကြသည်။ ရှည်လျားသောအူတွင် ကွမ်းသီးအငယ်စားလောက် အပေါက်

တစ်ခုကို တွေ့ရသဖြင့်... ဗိုက်ထဲတွင် လက်သည်ကို လှန်လှောရှာတော့မှ တစ်ပေလောက်ရှည်ပြီး လက်သန်းလောက် တုတ်ခိုင်သည့် သံကောင်ကို တလန်းလန်းနှင့် တွေ့ကြရလေသည်။

သေသူမှာ အသက် ၃၅ နှစ်ရှိ၊ ထွားကျိုင်းသော အိန္ဒိယလူမျိုး... တရားခံကတော့ အူကိုဖောက်ထွက်လာသည့် ဗိုက်ထဲက တစ်ပေခန့်ရှိ သံကောင်ဖြစ်နေပါ၏။ တစ်ခါကလည်း... ဗိုက်အောင့်ပြီးသေဆုံးသွားသည့် လူနာတစ်ဦးကို ရင်ခွဲကြည့်သောအခါတွင်... အပေါ်အူထဲတွင် အောက်အူက ဝင်ပြီး ရှုပ်ထွေးငြိတွယ်ကာ သေသွားရခြင်းဖြစ်လေသည်။ တချို့အဆုတ်နာရောဂါရှင်များမှာ... အဆုတ်တစ်ဖက်မရှိတော့သလောက်ဖြစ်နေသည်ကို တွေ့ရ၏။ ထိုအခါများဆိုလျှင်... အလွန်အနံ့မကောင်းပေ။ ဤသို့သေဆုံးပြီးသော လူနာများ၏ရောဂါအကြောင်းရင်းများကို ရှာပြီး ခွဲစိတ်လေ့လာကြည့်ပြီးသောအခါ... ဆရာက အကျယ်တဝင့် အကြောင်းအရာများကို သင်ကြားပြသလေသည်။

ရှစ်နာရီထိုးသည်နှင့် တစ်ပြိုင်နက် (Side Room) ဆေးရုံဘေးအခန်းထဲတွင် တာဝန်ရှိရာ သက်ဆိုင်သည့် လူမမာများ၏ တံတွေးများ၊ သလိပ်များ... မစင်များ... သွေးများ... ဆီးများယူပြီး... ရောဂါပိုးရှာရန်အတွက် ဝင်ရောက်ခဲ့ရပြန်၏။ ထိုနေ့က လူနာဆီမှ တံတွေးကိုယူရမည့်အစား... ကျောင်းသားတစ်ယောက်က၊ သူ့သလိပ်ကို ထုတ်၍ လှူလေသည်။ ထိုသလိပ်ကိုပင် လုယက်ပြီး... ဖန်ချပ်ပေါ်တင်... မီးကင်... ဆေးရည်လောင်းထည့်၊ ရေဆေးအခြောက်လှန်း၍ မှန်ဘီလူးအောက်သို့ထားကြည့်လိုက်ပါသည်။

"ဟာ... တီဘီပိုးတွေ အများကြီးပါလား"

"ဟုတ်တယ်... ဟုတ်တယ်... ကိုယ့်မှန်ပြောင်းထဲမှာလည်း ခြောက်ကောင်တောင် တွေ့ရတယ်..."

သလိပ်လျှသည့် ဒါယကာမှာ မျက်လုံးမျက်ဆန်ပြူးနေလေသည်။ ဆရာကဝင်ကြည့်ပြီး မဟုတ်ဘူးဆိုတော့မှာပဲ သူ့မျက်နှာမပျက်ရှာတော့ပေ။ သို့ရာတွင်... နောက်ကို ဘယ်တော့မှ သလိပ်ထုတ်မပေးတော့ဘူးဟု အဓိဋ္ဌာန်ပြုနေသည်ကိုတော့ ကြားလိုက်ရလေသည်။ ထိုအခိုက် မစင်ထည့်ထားသည့် ပုလင်းကြီးကိုင်ပြီး ကျောင်းသားတစ်ယောက်ဝင်လာပြန်၏။ အားလုံးပင် မစင်ပုလင်းကို ငမ်းငမ်းတက်ဝိုင်းလုပြီး တုတ်ကလေးတွေနှင့် ဖန်ချပ်ပေါ်သို့ကော်ပြီး အားရပါးရတင်ကြပြန်၏။ သည်နောက်အမျိုးမျိုးစမ်းသပ်ပြီး မှန်ပြောင်းအောက်သို့ ထားကြည့်ကြပြန်လေသည်။

"ဟော... ဝမ်းကိုက်တဲ့ပိုးတွေ့ပြီ..."

"ဟာ... ကိုယ်ထဲမှာ... သံကောင်ဥတွေမနည်းဘူး ဟေ့..."

တစ်ယောက်မှန်ပြောင်းတစ်ယောက် ပြေးလုကြည့်ကြ။ ဆရာပြသူက ပြနှင့် ဆူညံငြင်းခုံကြရင်းက ရောဂါအမှန်ကို ပိုပြီး သိမြင်လာရ၏။

"ဒီနေ့ (ward) ထဲ စောစောသွားရမယ်၊ လူနာရဲ့ရာဇဝင် (History) ယူစရာရှိတယ်..." ဟု အဖော်တစ်ဦးက နာရီကို ငုံ့ကြည့်ပြီး ပြောနေတော့မှ ကိုးနာရီထိုးတော့မည်ကို သိတော့လေသည်။

"စောင့်ဦး... ကျွန်မလည်း လိုက်မယ်..."

ဆရာ့ထံ နာမည်နှင့် (Roll Mo) ကို ပေးပြီး တာဝန်ကျရာ ဆေးရုံခန်းထဲသို့ လွယ်အိတ် တလွယ်လွယ်နှင့် ဝင်လာခဲ့ရလေသည်။

တချို့လူနာတွေမှာ မေးလွန်း စမ်းလွန်းလို့လားမသိ၊ ကျွန်မတို့ဝင်လာလျှင်ပင်... မျက်စိမှိတ်၍ အိပ်ချင်ယောင်ဆောင်လိုက်သည်ကို တွေ့ရ၏။

တချို့ကျောင်းသားတွေမှာ ဝီရိယအလွန်ကောင်းကြ၏။ မနက်

အစောကြီး လူမမာတွေကို သွေးအား (Blood Pressure) တိုးမတိုး သွေးတိုင်းသည့် ကိရိယာနှင့် လာတိုင်းပြီးကြလေပြီ။ ကျွန်မတို့လည်း မှတ်စုစာအုပ်ကလေးကိုယ်စီနှင့် လွယ်အိတ်ထဲမှ နားကြပ်ကိုထုတ်ယူကာ လူနာတွေရှိရာသို့ လျှောက်လာကြပါသည်။

"ကစ်တီ... ကိုယ့်လူနာကို ဟစ်(စ)ထရီ (History) ဝိုင်းယူပေးနော်..."

ကျွန်မတို့... ပါတနာလေးယောက်မှာ သူ့လူနာ ကိုယ့်လူနာမခွဲဘဲ တစ်ယောက်လူနာ တစ်ယောက်စုပြီး ဝိုင်းမေးကြ၊ ဝိုင်းစမ်းသပ်ကြ၏။ တချို့လူမမာမှာ ကိုယ့်ရောဂါကိုယ်ပြောရမှာ ရှက်နေသဖြင့် ဝိုင်းပြီး ချော့မော့မေးကြရသည်။ တချို့ အဘိုးအိုကြီးများမှာမူကား အစ်အောက်မေးနေရန်ပင် မလိုချေ။ ငယ်ငယ်က ကာလသားရောဂါရဖူးကြောင်း... ကျပ်ထွက်ဖူးကြောင်း မကွယ်မဝှက်ဝန်ခံကြသဖြင့် ရောဂါအမှန်ကို အကဲခတ်ရန် အလွန်အထောက်အပံ့ဖြစ်စေလေသည်။

ကျွန်မတို့... အစီအစဉ်မေးကြရသည့် မေးခွန်းများကိုလည်း ကြည့်ပါဦး...။

"လာကြ... လာကြ... ခုတင်အမှတ် ၂၊ (Bed No.2) မှာ လူနာအသစ်ရောက်လာပြန်ပြီ...၊ အဲဒါ အက်နက်(စ)ရဲ့ လူနာပဲ... ကဲ ဝိုင်းမေးကြစမ်းပါ"

ကျွန်မတို့သည် လူနာအနားသို့ မျက်နှာချိုသွေးပြီး ကပ်သွားကြရလေသည်။

"ဘယ့်နှယ်လဲ... နေကောင်းရဲ့လား နာမည်ကလေး တစ်ဆိတ်ပြောပြပါနော်... မှတ်ရအောင်လို့ရှင်..."

မန္တလေးသူ မမလေးက ယဉ်ကျေးစွာ ပြောပြီး အနားသို့ကပ်သွား၏။

"ကျွန်တော့်နာမည်... ကျော်မြအောင် ခေါ်ပါတယ်..."

အသက်အစိတ်ခန့်ရှိမည့် လူမမာသည် ကျွန်မတို့ကို အထူးအဆန်းဖြင့် မော့ကြည့်ပြီးနေပါ၏။ ကျွန်မတို့လည်း တစ်ယောက်မျက်နှာ တစ်ယောက်... ပြန်ကြည့်မိကြပါသည်။ အားလုံး ဂျူတီကုတ်အဖြူနှင့် နားကြပ်ကိုယ်စီနှင့်၊ စာအုပ်ကလေးတွေနှင့် ဘာများ ထူးခြားနေပါသနည်း... ဆရာမလည်း မဟုတ်၊ ဆရာဝန်လည်း မဖြစ်သေးသော ကျွန်မတို့မှာ ဘယ်လိုသဏ္ဍာဝါစားမျိုး ခေါ်ရမည်မသိ...

တစ်ခါက... နောက်ဆုံးနှစ် ကျောင်းသူ (ဆရာဝန်လောင်း) များကို... လူနာအဘွားကြီးတစ်ဦးက ...

"သူငယ်မလေးတွေက ဘာတွေတုံး... ဆရာမ စာမေးပွဲမအောင်သေးလို့ လုံချည်အနီမဝတ်ကြရသေးဘူးလား၊ ခေါင်းစည်းအဖြူမစည်းရသေးဘူးလား" ဟု မေးလိုက်သဖြင့် ရင်မသက်သာဖြစ်သွားကြရလေသည်။

"အသက်... ဘယ်လောက်ရှိပြီလဲရှင်..."

အသားဖြူဖြူ နှုတ်ခမ်းနီတွေးနှင့် (Pauline) က ပြုံးရယ်၍ ထပ်မေးလိုက်ပြန်၏။

လူမမာသည် ကျွန်မတို့ကို မျက်နှာထားတင်းတင်းနှင့် ကြည့်နေပြီးမှ

"နှစ်ဆယ့်ခြောက်" ဟု မဖြေချင့် ဖြေချင် ဖြေလေသည်။

"လူပျိုလား... မိန်းမနဲ့လား..."

ထိုအခါတွင် လူမမာသည် အတော်လန့်သွားဟန်နှင့် မေးသူကို မော့ကြည့်နေပါသည်။

"ဩော်... ကျွန်မတို့ပြောပြရဦးမယ်၊ ကျွန်မတို့က ဆေးကျောင်းသူတွေပါ၊ တာဝန်ခွဲပေးတဲ့လူနာတွေကို အကုန်မေးမြန်းစမ်းသပ်ကြရ

တယ်...၊ ကျွန်မတို့က ရှင့်ကို သက်သက် အနှောင့်အယှက်လာပေးနေတာ မဟုတ်ဘူးနော်၊ ရောဂါအမှန်သိရအောင်လို့ အခုလိုပဲ စစ်ဆေးမေးမြန်းရတာ၊ ဒါမှ ရောဂါပျောက်အောင်လို့ ကုနိုင်မှာရှင့်၊ အကုန်အစုံ မေးသမျှ ပြောပြပါနော် ကိုကျော်မြအောင်..."

ထိုအခါမှ လူမမာလည်း သက်ပြင်းချ၍ မေးသမျှ ဖြေကြားပါတော့သည်။ မိန်းမရှိလျှင် ကလေးရှိသလား၊ ကလေး ဘယ်နှယောက်လဲ၊ သူတို့အားလုံး ကျန်းကျန်းမာမာပဲလား၊ မိဘရော ရှိသေးသလား၊ ကျန်းမာရဲ့လား၊ ဆုံးတာရှိးရှိးဆုံးတာပဲလား၊ ဘာရောဂါနဲ့လဲ ရှင်...၊ မိန်းမရော ကျန်းမာရဲ့လား။ ဘာရောဂါများရှိသေးသလဲ၊ ကလေးတွေ ဆုံးတာက သူငယ်နာရောဂါနဲ့လား၊ ဘယ်လိုရောဂါလဲ...။

လဲပေါင်း... လားပေါင်းစုံစွာ ဆွေမျိုးမိဘများ၏ ရောဂါအနွယ်အပွားပေါ်အောင် မေးမြန်းကြရပါ၏။ သည်နောက်မှတစ်ဖန် လူမမာ၏ အလုပ်က ဘာလုပ်သလဲ၊ ပင်ပန်းသလား၊ အညောင်းထိုင်သလား...၊ ကျန်းမာရေး လေ့ကျင့်ခန်း မယူဘူးလား...၊ ဆေးလိပ် အလွန်အကျွံ သောက်တတ်သလား၊ အရက်သောက်တတ်သလား၊ သောက်ရင် နည်းနည်းလား၊ များများလား၊ ဘိန်းရော ရှူတတ်သလား... အပျော် အပါး လိုက်တတ်သလား...။

ဒီရောဂါမရခင် သည့်ပြင် ဘာရောဂါဖြစ်ဖူးသေးသလဲ၊ ဝမ်းချုပ်သလား၊ ဆီးသွားတာများသလား၊ နည်းသလား၊ ပူသလား၊ အခု ဘယ်လိုရောဂါဖြစ်တာလဲ၊ ဘယ်လိုက စရသလဲ၊ ဘယ်လောက်ကြာပါပြီလဲ။

ကျွန်မတို့က အာခြောက်အောင် မေးနေကြရစဉ် ကျွန်မတို့က မေးနေသည့် လူမမာကို ဆေးထိုးရန်... ဆေးကျောင်းသားတစ်ဦး ပေါက်လာပါ၏။

"ဘယ့်နှယ်လဲ ခင်ဗျားတို့တော့ မေးလို့ ဟန်ကျနေပြီလား၊ ကျွန်တော်တော့ ကျွန်တော့်လူမမာတွေက ဗမာစကားမတတ်တဲ့ ကုလားတွေဖြစ်နေလို့... ဒုက္ခပါပဲဗျာ..."

"ရှင်က... ဘာဟုတ်သေးသလဲ...၊ ပေါ်လင်း (Pauline) မှာ လူမမာနှစ်ယောက်လုံးက နားလေးနေလို့... အော်မေးရတာ... အာပေါက်နေပြီ..." ပေါ်လင်းက ပြုံးရယ်၍ ပြောလေသည်။

"ကျွန်တော်တော့ အအေးဆုံးပဲဗျ...၊ လူမမာနှစ်ယောက်က မေ့ပြီးတက်နေတယ်...၊ တစ်ယောက်ကတော့ စိတ်နောက်တောက်တောက်နဲ့ ဘာတွေလျှောက်ပြောမှန်း မသိဘူး၊ မျောက်ပွဲလိုက်ပို့စမ်းပါချည်း လိုက်ပြောနေတာပဲ..."

ဆေးကျောင်းသားတစ်ယောက်က... အနားက ခုတင်မှ လူနာကို နားကြပ်နှင့် ငုံ့နားထောင်ရင်းက လှမ်းပြီး ပြောပြန်သဖြင့် ရယ်ရပြန်လေသည်။ ဤသို့ဆေးကျောင်းသား တစ်ယောက်နှစ်ယောက် လူမမာမေးစမ်းသည့်အခါ ရောက်လာသည်မှာလည်း... (Surgical Ward) (ခွဲစိတ်ကုသရသော လူနာများအခန်း) မျိုးတွင် များစွာအကူအညီရ၏။ (Surgical ward) တွင် အူကျသောရောဂါ၊ လေမုတ္တ၊ သွေးမုတ္တ စသည်တို့များပြားလေသည်။ သို့ရာတွင် လူနာရှင်တို့သည် ကျွန်မတို့ကို သူတို့၏ရောဂါအနာများကို ပြလိုဟန် သိပ်မပေါ်ပေ။ ကျွန်မတို့ကလည်း တာဝန်ရှိသည့်အလျောက် ပညာရေးအတွက်ရော သူတို့၏အနာရောဂါများကိုရော ပျောက်ကင်းအောင် ကုသနိုင်ရန်အတွက် ကြည့်ရှုထားရမည်ဖြစ်သဖြင့် အတော်ခွကျနေလေသည်။

သည်လိုအခါမျိုးတွင် ဆေးကျောင်းသား သူငယ်ချင်းများ အနားရောက်လာသည့်အခါမှခေါ်ပြီး လူမမာ၏အနာရောဂါကို စမ်းသပ်ကြည့်နိုင်းတော့မှ လူမမာက သူ့ရောဂါကို ပြသလေတော့သည်။ ထိုအခါကျ

တော့မှ ကျွန်မတို့လည်း ရောဂါကို လက်တွေ့စမ်းသပ်ကြည့်ရှုခွင့်ရကြရပါ၏။

ယခု Medical ward (ဆေးကုသသည့်အခန်း) မျိုးတွင် တစ်ခါတစ်ခါ လက်သီးလက်မောင်းတန်းပြီး တက်နေသည့် လူမမာမျိုးကို သွေးတိုးမတိုးကိရိယာနှင့် စမ်းသပ်ရသည်မှာ မလွယ်ကူပါ။ ဆေးကျောင်းသူကျောင်းသားများသည် မောင်နှမရင်းချာကဲ့သို့ပင် ဆွေးနွေးတိုင်ပင်ကူညီကျက်မှတ်ကြရပါသည်။

ဆေးထိုးသည့် လုပ်ငန်းမျိုးတွင်လည်း တစ်ယောက်နှင့်တစ်ယောက် ဘေးနားမှ ကူညီပြီး ထိုးကြရပေသည်။ အကြောထဲ ထိုးသည့်အခါ၊ တစ်ခါက လူနာအဘိုးကြီးတစ်ဦးက ထိုးလာသူ ဆေးကျောင်းသားကို မျက်နှာထားတင်းတင်းနှင့် ဆရာဝန်လား... ကျောင်းသားလား... ဟု မေးပါသည်။ သူ့ပုံပန်းမှာ ဆေးကျောင်းသားဆိုလျှင် အထိုးခံမည့်ပုံ မပေါ်သဖြင့် ကျွန်မက လူမမာ၏လက်မောင်းကို ဆုပ်ကိုင်၍ သွေးကြောရှာရင်း...

"ဆရာဝန်အသစ် ဘကြီးရဲ့... မေးမနေနဲ့... လက်သီးဆုပ်ထားအကြောတွေ သိပ်ကောင်းတာပဲပါလား... ကဲ ကဲ မျက်နှာဟိုဘက်လှည့်ထားနော်"

ရုတ်တရက် ဘာပြောရမှန်းမသိဖြစ်နေသော မိတ်ဆွေဆေးကျောင်းသားမှာ ထိုအခါ ရယ်ပြုံးနိုင်ပြီး ဆေးထိုးခွင့်ရရှာပါတော့၏။ တစ်ခါကလည်း ကုလားလူမမာတစ်ဦးကို ကျွန်မက အကြောဆေးထိုးရန်အတွက် သွားရာ၊ လူမမာက ခေါင်းခါခါ လည်ခါခါဖြစ်နေပြန်လေသည်။

"ဒီဆရာမလေးက သိပ်တော်တဲ့ ဆရာမလေး ကောင်းကောင်းဆေးထိုးတတ်တယ်... အထိုးခံလိုက် ဘာမှမနာဘူးနော်..." ဟု အနားက

စကားပြန်တစ်ယောက်ရှိနေတော့မှ လူမမာက ငြိမ်နေလေသည်။ ကံကောင်းထောက်မ၍ သွေးကြောထဲ အပ်ချက်ချင်းရောက်သွားသဖြင့် ကုလားလူမမာလည်း မအော်တော့ပါ။ သို့မဟုတ်လျှင် အပ်ရှယ်ရုံနှင့် အဘားအဘားဟု ကုန်းအော်လေ့ရှိသည်ဟု နောက်မှသိရသဖြင့် ကျော ချမ်းသွားမိပါ၏။

ယခု ကျွန်မတို့၏ လူမမာ ကိုကျော်မြအောင်မှာလည်း ဆေးကျောင်းသားလက်ထဲမှ အပ်ကိုမြင်ရုံနှင့် ရှုံ့မဲ့လိုက်ပါသေးသည်။ သို့ရာတွင် တစ်ချက်တည်းနှင့် သွေးကြောထဲသို့ အပ်ဝင်သွားသဖြင့် မျက်နှာ ရွှင်ပြုံးသွားသည်ကို တွေ့ရပါသည်။

"ကဲ... အားလုံးတော့ မေးပြီးပြန်ပြီ (General Examination) အထွေထွေ စမ်းသပ်ကြည့်ဖို့ပဲ လိုတော့တယ်ရှင်..."

(Agnes) အက်နက်(စ်)က သူ့လူမမာ၏ မျက်လုံးနှာခေါင်း လျှာ၊ အာခေါင်၊ သွား၊ ပါးစပ်နှုတ်ခမ်းတို့ကို အားလုံးလှန်လှောထုတ်ပြီး ကြည့်နေပါသည်။

သည်နောက် လည်ပင်းက အကြော ပေါ် မပေါ်၊ အကျိတ်တွေ ရောင် မရောင် စမ်းရပြန်၏။ ခြေလက် ရောင် မရောင် ကြည့်ရပြန်၏။

"ကဲ... ကဲ... အင်္ကျီလှန်လိုက် စမ်းရအောင်"

ရင်ဘတ်ကို မျက်စိနှင့် ဝိုင်းကြည့်ကြ၏။ ဘာမှအဖုအထစ်မရှိ။ နှလုံးနေရာ၌ လှုပ်ရှားနေခြင်း အရမ်းခုန်နေခြင်းမျိုးလည်းမရှိ။

"ကဲ... လက်နဲ့ခေါက်ကြည့်ရအောင်..."

တစ်ယောက်တစ်လှည့် အထဲကနှလုံးတွေ အသည်းတွေ ဘယ့်နှယ် နေသတုံးလို့ သိရအောင်... လူမမာ၏ရင်ဘတ်ပေါ်တွင် လက်တင်ပြီး ဗုံတီးကြည့်ရပါသည်။

ဘုတ်... ဘုတ်... ဘုတ်...

ဗုံ... ဗုံ... ဗုံ...

ဗွန်... ဗွန်... ဗွန်...

"ဟာ... ဒီနေရာမှာ... ရေတွေ ရှိတယ် ထင်တယ်..."

"တိုးတိုးပြောပါ... လူနာကြားသွားပါ့မယ်"

အသံမြည်သံကို နားထောင်ပြီး တစ်ယောက်တစ်လှည့် ထင်မြင်ချက်ပေးပြီး နားကြပ်နှင့် နားထောင်ကြည့်ကြပြန်၏။

"ကိုယ်တော့... ဟောဒီနေရာက... ပွက်ရှူးလို့ ကြားတယ်၊ ဒါဆိုရင်... ဒိုင်ယာ စတောလစ်မာမာ (Diastolic murmur) နှလုံးရဲ့ ထိပ်မှာ ချို့ယွင်းနေတဲ့အသံပဲ..."

တစ်ယောက်က အင်္ဂလိပ်လို ခပ်တိုးတိုးပြောသဖြင့် တစ်ယောက်က မကျေမနပ်ဖြစ်ကာ... နားကြပ်နှင့်ငုံ့၍ နားထောင်ပြန်၏။

"မဟုတ်ပေါင်... ကျွန်မတော့ ဗလပ် ဗလပ်ရှူးလို့ ကြားတာပဲ...၊ သေသေချာချာ နားထောင်ကြည့်..."

"ကဲ... ကဲ... ကိုယ်နားထောင်မယ်၊ ဟင်... ဘယ်ဟုတ်မလဲ...၊ လတ်ဒတ်ရှူးဘွတ်... လတ်ဒတ်ရှူးဘွတ်လို့ ကြားတာ..."

ထိုအခိုက် ဆေးကျောင်းသူ ချောချောလှလှ အရပ်မြင့်မြင့်၊ မျက်လုံးမျက်ဖန်ကောင်းကောင်းနှင့် နှုတ်ခမ်းနီထွေးတစ်ဦးဝင်လာပြီး

"ဘယ်လိုဖြစ်နေကြတာလဲရှင့်... ဘယ်သူများ... ဒီလောက် ပဲကြီးလှော်တွေစားပြီး... ရှူးဘွတ်ဖြစ်နေရတာလဲ..." ဟု ရယ်မောပြီး မေးလေသည်။

စင်စစ် ကျွန်မတို့မှာ... နားကြပ်နှင့် ရင်ဘတ်၊ ဝမ်းဗိုက်ကျောပြင်စသည်တို့ကို နားထောင်ရင်း... အထဲမှ အသံမြည်သံပေါင်းစုံတို့ကို လေ့လာမှတ်သားပြီး... လေ့ကျင့်နေကြရ၏။ ရိုးရိုးလူကောင်း၏နှလုံးဆိုလျှင် မည်သည့်နေရာက မည်သို့မြည်သည်။ နှလုံးချို့ယွင်းနေလျှင်

မည်သည့်နေရာက မည်သို့ချို့ယွင်းပြီး၊ အသံတစ်မျိုးနှင့် မြည်ပြန်သည်။ စသော အသံပေါင်းများစွာတို့၏ ပြောင်းလဲချက်ကို မှတ်သားပြီး ရောဂါရင်းကို စေ့ငုကြရလေသည်။

ထိုကြောင့်... တစ်ယောက်ကြားသံနှင့် တစ်ယောက်သဘောကွဲလွဲကာ... ထင်မြင်ချက် အမျိုးမျိုးပေး၍ ငြင်းခုံနေကြခြင်းဖြစ်၏။ စင်စစ်မှာ... ၎င်းရောဂါရှင်၏ ရောဂါကို ရောဂါရှင်အတွက်... ရေးမှတ်ထည့်ထားသော စာရွက်ကတ်ပြားထဲတွင် သက်ဆိုင်ရာဆရာက စမ်းသပ်ပြီး ရေးမှတ်ထားပြီးပြီ ဖြစ်ပါသည်။ သို့ရာတွင် ဆေးကျောင်းသားတို့အဖို့မှာ၊ ရောဂါကတ်ပြားကို အရင်ယူ၍ ကြည့်လေ့မရှိဘဲ... အရင်ဆုံး ရောဂါပြဿနာကို ရှာဖွေပြီးမှ ကတ်ပြားထဲက ရေးမှတ်ထားသောရောဂါအမည်နှင့် တိုက်ဆိုင်ကြည့်လေ့ရှိ၏။

ဆေးရုံခန်းမကြီးတိုင်းတွင်လည်း... သက်ဆိုင်ရာ... ဆရာဝန်ကြီးများနှင့် လက်ထောက်ဆရာဝန်များသည် မအားမလပ်သည့်ရက်များမှအပ... နေ့စဉ်ပင် မနက်တိုင်း လူမမာများကို လှည့်လည်ကြည့်ရှုစမ်းသပ်ရင်း ကျောင်းသားများအား လက်တွေ့သင်ကြားပြသပေးလေသည်။

"ကဲ... ငြင်းလို့ မပြီးကြတော့ဘူးလား...၊ ဒီလိုဆိုရင်လည်း... နောက်တစ်နေ့မှ ဆရာ့ကိုမေးကြ၊ အခု ကာနယ်မင်းစိန် ကလင်းနစ် (Clinic) လက်ချာပေးတော့မယ်၊ ၁၁ နာရီ ထိုးခါနီးပြီ..."

(Surgical ward) ရောက်နေ၍ လူနာတွေကို တော်တော်ကလေး ဆေးထည့်ပေးလာခဲ့ရသဖြင့်... ပင်ပန်းလာဟန်ရှိသော... ကျွန်မ၏... သူငယ်ချင်းကျောင်းသူက ဆက်၍ သတိပေးတော့မှ အငြင်းအခုံကို ရပ်လိုက်ကြပါ၏။

"ဒီလိုဆိုရင် စောင့်နေဦး မလှမြင့်၊ ဒီလူနာကို ဗိုက်စမ်း မကြည့်ရသေးဘူး၊ ကဲ... ကိုကျော်မြအောင် ဒူးနှစ်ဖက်ထောင်နော်ရှင်...၊ အဲ...

ဟုတ်ပြီ... ရှူ... ရှူ... အသက်မှန်မှန်ရှူ..."

လူမမာ၏ ရုပ်အင်္ကျီကိုပင့်... ဘောင်းဘီကို... ချက်အောက်ပိုင်းသို့ အသာလျှောချပြီး... ဗိုက်ကို လက်ချောင်းများနှင့် အသာဖိ၍ စမ်းကြည့်ကြရသည်။ လူမမာကလည်း အသက်ရှူဖို့ တစ်ခါတစ်ခါ မေ့နေ၏။ ကျွန်မတို့ကလည်း ဘေးကပိုင်း၍ ရှူ... ရှူနှင့် တရှူရှူ... အော်ပေးနေကြရလေသည်။

"အင်း... မသိတဲ့ သူသာဆိုရင်... ကလေးတစ်ယောက်ကို ဝိုင်းပြီး 'ရှူ ရှူ' တည်နေကြတယ် ထင်မှာပဲ..." လူနာကို ဆေးထိုးရန် ဘေးမှ... ဖြတ်သွားသော ဆေးကျောင်းသားတစ်ဦးက အင်္ဂလိပ်လို လှည့်ပြောသွားတော့မှ ရယ်ချင်လာမိသည်။

"ကဲ... အသည်းလည်း မကြီးပါဘူး...၊ သရက်ရွက် (Spleen) လည်း နဂိုအတိုင်းပဲ..."

ထို့နောက်... လူမမာကို ဟိုဘက် လက်တစ်ဖက်၊ ဒီဘက် လက်တစ်ဖက်ဆွဲပြီး ... သွေးအနေးအမြန်... (Pulse Rate) နှင့် သွေးအားတိုးမတိုး (Blood pressure) ကို ယူကြည့်ကြသည်။

"ဘာရောဂါဖြစ်မလဲဆိုတာ... နောက်မှ... ဆွေးနွေးကြစို့၊ ကိုယ်တို့ ကလင်းနစ် နောက်ကျရင် နေရာမရဘဲ နေလိမ့်မယ်..."

အားလုံးသဘောတူဆုံးဖြတ်ပြီးမှ ရေပိုက်သို့သွား၍ ရေနွေးပူနှင့် ဆပ်ပြာနှင့် လက်ကို ဆေးကြသည်။ ထို့နောက် လွယ်အိတ် ဖိုသီဖတ်သီ၊ ဂျူတီကုတ်, ကိုးရိုးကားရားနှင့် ကလင်းနစ်ကယ်သီအေတာခေါ် လက်ချာခန်းမကြီးထဲသို့ ကမန်းကတန်း ပြေးဝင်လာခဲ့ကြပေမဲ့လည်း... နောက်ဆုံး ပိတ် ခုံတန်း၌ ဝင်ထိုင်လိုက်ကြရပါ၏။

ထိုခန်းမကြီးထဲတွင် လူမမာများကို လက်တွန်းလှည်းနှင့် ညင်သာစွာ သယ်ယူလာစေပြီး ကျောင်းသားတွေ ရှေ့၌ ခွဲစိတ်ကုသ သက်ဆိုင်

ရာ... ရောဂါများအကြောင်းကို... ဆရာ ဒေါက်တာ ဦးဘသန်းနှင့် ဆရာ... ဒေါက်တာ ဦးကြီးပေါ်တို့က အလှည့်ကျနေ့ရက်များတွင် စိတ်ပါဝင်စားစွာ သင်ကြားပြသပေးလေသည်။ ဆေးကုသခြင်း အတတ်ပညာနှင့်သက်ဆိုင်သော... ရောဂါဝေဒနာများအကြောင်းကို ဆရာ... ကာနယ်ဦးမင်းစိန်နှင့် ဆရာမေဂျာ ဦးရွှေဖဲတို့က တစ်ရက်စီ အလှည့်ကျ စိတ်ပါဝင်စားစွာဖြင့် သင်ကြားပြသပေး၏။

ထိုနေ့က... ဆရာ ကာနယ်ဦးမင်းစိန် ကလင်းနစ်ပေးသောအခါတွင်... ဖြစ်တတ်သော ရောဂါများအကြောင်းကို သင်ကြားပေးရင်းက ရယ်မောစရာများပါ အချက်ကျကျ မှတ်သားစရာတွေနှင့် ပြောသွားသဖြင့် ကျွန်မမှာ လက်ချာလိုက်ရေးရန်ပင် မေ့လျော့ပြီး... လိုက်ရယ်၍သာ နေမိလေသည်။

"ဟောဒီ... တစ်ယောက်လည်း... ငေးနားထောင်နေလိုက်တာ သူ့ဘာမှလည်း မရေးဘူးလား..."

တစ်ယောက်က လက်တို့ပြီး သတိပေးတော့မှ... ဖောင်တိန်ကို ချွတ်၍ ရေးမှတ်မည်ကြံတော့ ဆရာက သင်လို့ပြီးသွားလေပြီ။ သူငယ်ချင်းတွေက ဝိုင်းပြီး ရယ်မောနေကြစဉ်... ကားဆိုက်ထားရာနေရာသို့... ဝမ်းဟာဟာနှင့်... အပြေးအလွှား အရောက်သွားရတော့သည်။ ၁၂ နာရီထိုးမှန်းသိခါမှ ဝမ်းကပို၍ ဆာလာ၏။ ဆရာ လက်ချာပေးနေတုန်းကတော့ဖြင့် ဆာရမှန်းမသိသေးပါ။ မနက် အိပ်ရာထကတည်းက... စားသောက်ခဲ့သော... ကော်ဖီတစ်ခွက်နှင့် ပေါင်မုန့်တစ်ချပ်သည် ကြေညက်ခဲ့လေပြီတကား...။

ကျွန်မသည် ထမင်းဆာရင်း ကျွန်မ (ward) ဝါဒ်ဝမ်းအခန်းသို့ ရှိစဉ်က... လူမမာလူဝကြီးတစ်ဦးကို သွား၍အမှတ်ရမိ၏။ ထိုလူဝကြီးမှာ ရောဂါအထူးအဆန်းရယ်လို့တော့ ဘာမှမရှိ၊ ဆေးရုံခုတင်တစ်လုံး

အပြည့် ကိုယ်ခန္ဓာကြီး ဝဖောင်းနေခြင်းတစ်ခုသာ... ရောဂါဖြစ်၍ နေလေသည်။

သူ့ခုတင်ဘေးမှာလည်း တစ်နေ့ပန်းသီးသုံးလုံးပင် တင်ထားသည်ကို တွေ့ရသည်။ တစ်နေ့မှ ပန်းသီးသုံးလုံးထဲ ဒီခန္ဓာကိုယ်ကြီးနှင့် စားရမည်မှာ ဧရာမဒုက္ခပင် ဖြစ်ပေလိမ့်မည်။ တစ်ခါက... ထိုလူဝကြီးနှင့် အခန်းထဲရှိ လူနာတစ်ဦး၏နလုံးခုန်သံကို စမ်းသပ်နားထောင်ရန်သွားစဉ်တွင်... လူဝကြီးတစ်ယောက်ထဲ ရှုမဝမဂ္ဂဇင်းကို လက်ကကိုင်ပြီး... ရှုး ရှုး ရှား ရှား ဖြစ်နေသည်ကို တွေ့ရလေသည်။

"နေမကောင်းဘူးလား ဦးကြီး... ဘာဖြစ်သလဲ ဟင်..."

လူဝကြီးသည် လှဲနေရာမှ ကုန်းထိုင်လိုက်ပြီး... ရှုမဝစာအုပ်တစ်နေရာကို လှန်ပြပါသည်။ ကျွန်မက အံ့အားတသင့်နှင့် ဝတ္ထုအမည်ကို ဖတ်ကြည့်လိုက်တော့... "ပါးမို့မို့နီ" ဖြစ်နေ၏။

"ဘာမှမစားရလို့... ဆာကလည်း ဆာနေလို့ စိတ်ညစ်ရတာတစ်မျိုးပါ တူမကြီးရယ်..."

ကျွန်မက ရင်တခုန်ခုန်နှင့်သာ ဆက်၍ နားထောင်နေရ၏။

"ဟောဒီဝတ္ထုဖတ်ပြီး... စိတ်တိုလာတာက တစ်မျိုး..."

ကျွန်မက ဣန္ဒြေဆည်၍...

"ဘာဖြစ်လို့တုံး ဦးကြီးရဲ့...၊ ခေါင်းမူးရင်လည်း စာမဖတ်နဲ့ဦးလေ..."

"မဟုတ်ဘူးဗျ...၊ ခေါင်းလည်း မမူးပါဘူး၊ ဒီဝတ္ထုထဲမှာ စာရေးဆရာက ဓာတ်လိုက်မကလေးကို... အတင်းတောင်ပေါ်က ခုန်ချပြီး သေခိုင်းလိုက်လို့ စိတ်တိုနေတာ... သိပ်ရက်စက်တယ်ဗျာ...၊ သူတို့ကရေး... ကျုပ်တို့က ဖတ်ပြီး... စိတ်ညစ်..."

"ဘုရားရေ..."

ပန်းသီးတစ်နေ့သုံးလုံးပဲ စားရလို့ အလကားနေရင်း ဆာပြီး စိတ်တိုနေပုံရသော ဦးကြီးဝအနားက ကျွန်မ လှည့်မပြေးလို့ မဖြစ်တော့ပါ၊ မတော်လို့များ ကျွန်မကို စာရေးသူမှန်းသိသွားလို့ ဦးကြီးဝက ခုတင်ပေါ်က ဆင်းပြီး ဒေါပွပွနှင့် လိုက်လျှင် ပြေးပေါက်မှားရပေတော့မည်။

ဘာပဲဖြစ်ဖြစ်... ဦးကြီးဝသည် ကျွန်မကိုတော့ ကျေးဇူးတင်ဖို့ကောင်းသည်။ သူ့စကားအရ ကျွန်မရေးသော ဝတ္ထုကို ဖတ်ပြီး စိတ်ညစ်ရလွန်းလို့... စိတ်မကောင်းရလွန်းလို့များ... ပိန်ချုံးကျသွားလျှင် အတော်မကောင်းပေဘူးလား၊ ဒါပေမဲ့ ပိန်ချုံးသောသူများအဖို့ ဒီဝတ္ထုဖတ်ပြီး တစ်ခုခုဖြစ်သွားရင်တော့... အထူးစပယ်ရှယ်အားဖြင့် ဓာတ်လိုက်မင်းသမီးကို အသက်ပြန်ရှင်ခိုင်းရမှာပဲ ထင်သည်။

ဤသို့ ဝမ်းသာစရာ ဝမ်းနည်းစရာ... အသေးအဖွဲ့ကိစ္စကလေးကပေမဲ့ ဆိုက်ကော်လော်ဂျီစိတ္တဗေဒ အလိုအရ လူမမာများ၏ရောဂါကို တစ်မျိုးတစ်ဖုံ... ပြောင်းလွှဲပေးစေနိုင်သော သတ္တိရှိပေသည်။

တစ်ခါကလည်း... ယိုးဒယားအက အလွန်ကောင်းသော ဆေးကျောင်းသားတစ်ဦးသည် (အခန်းနံပါတ် ၁၇–၁၈) ထဲတွင် ပန်းချီရေးဆွဲနေသော ဝေဒနာရှင်တစ်ဦးရှေ့တွင် ရေးဆွဲထားသောပုံကို သွားကြည့်သည်ဆို၏။ ပြီးတော့...

"အင်း... အခုခေတ်သစ်ပန်းချီဆရာ တချို့ဆွဲထားတဲ့ တချို့ပုံတွေ ကျွန်တော်တော့ မကြိုက်ပါဘူးဗျာ... ဘာအဓိပ္ပာယ်မှန်းလည်း မသိ... ဘယ်လိုဓောက်ထိုးမိုးမျှော် လှမ်းကြည့်လို့မှ အဖြေမထွက်ဘူး၊ ကြည့်လေ... ဟို... ပန်းချီကိုလှစိုးတို့... မဂ္ဂဇင်းထဲမှာ တစ်ခါတစ်ခါ ဆွဲထားတဲ့ပုံတွေ" ဟု ပြောပြီး လှည့်ထွက်လာခဲ့ကာ... ကျောင်းသူကျောင်းသားများ စာထိုင်ဖတ်သောအခန်းထဲသို့ ဝင်လာပြီး... ပြန်ပြောပြလေသည်။

"ဟောရှင့်... ဒုက္ခပဲ၊ ရှင်ဘယ်သူ့ရှေ့ဒါတွေပြောလာခဲ့သလဲ...

ဟင်၊ ဟို...ကော်ကိုင်းမျက်မှန်နဲ့ "ပေးရှက်" (Patient) ရှေ့မှာ... သွား ပြောခဲ့သလား၊ ဒီဝပ်ဒ်မှာ ပန်းချီဆရာ ဦးလှစိုးရောက်နေတယ်... အစာ အိမ်ရောဂါနဲ့..."

"မသိဘူးလေဗျာ... ပန်းချီရေးနေတဲ့ လူမမာတစ်ယောက်ရှေ့မှာ စကားစပ်မိရင်း ပြောခဲ့တာပဲ"

"အင်း... ကောင်းရော...၊ ဦးလှစိုးခမျာ... နေမကောင်းရက်နဲ့... ကျွန်မတို့... ဝဒ်အတွက်... လွတ်လပ်ရေးမှာ ချိတ်ဖို့ပုံတွေ ဆွဲပေးနေ တာ...၊ ရှင်မကြိုက်ရင်နေပေါ့၊ ကျွန်မတို့ အားလုံးတော့ ဦးလှစိုးရဲ့ပန်းချီ ကို စိတ်ဝင်စားတယ်... ပုံတွေက အိုင်ဒီယာလည်း ကောင်းတယ်၊ ပြီးတော့ အသက်လည်း ဝင်တယ်"

"ဝီလီ... ရှင်ပြောလိုက်လို့... ပန်းချီဆရာရောဂါတိုးသွားရင်တော့... ရှင့်အပြစ်ပဲ..."

"ဒီဆရာဝန်ပေါက်စဟာ ခက်ကိုခက်ပါတယ်၊ စကားကြော သိပ်ရှည်တာပဲ...၊ ဘာတွေလျှောက်ပြောလာခဲ့မှန်း မသိဘူး"

အားလုံးက တစ်ယောက်တစ်ပေါက် ဝိုင်းပြောလိုက်တော့မှ ယိုးဒယားအကဆရာလည်း... ကွေးနေအောင် ထွက်ပြေးသွားလေသည်။

အကယ်၍သာ ရောဂါများ တိုးလာရင်တော့... ယိုးဒယားဆရာ သည် တရားခံပေပဲ၊ ပြေး၍လွတ်တော့မည်မဟုတ်ပါ။ ကျွန်မလည်း ထမင်းစားရန်အတွက် ဝမ်းဟာဟာနှင့် အိမ်သို့အပြန်တွင် ဘော်ဒါသမား တွေအတွက် စိတ်ရောက်သွားမိပြန်လေသည်။ ကျွန်မတို့နေ့ကျောင်းသူ များက အိမ်သို့ချက်ချင်းကားနှင့်ပြန်၍ ထမင်းစားနိုင်ပေမဲ့ ဘင်တန်တို့ အင်းလျားကျောင်းဆောင်တို့မှ ကျောင်းသူများသည် ကျောင်းဆောင်သို့ ပြန်မစားနိုင်ကြတော့ဘဲ၊ ကျောင်းတွင် ဖြစ်သလိုမှာယူစားသောက်ကြ၏။ ဆရာဝန်လောင်းများသည် အားမရှိ၍မဖြစ်...

ရောဂါမျိုးစုံခံစားနေသော လူမမာများကို နေ့စဉ်တွေ့နေကြရသည်။ ကြည့်ရှုကြရသည်။ စာလည်းကျက်မှတ်ကြရသည်။ သင်တန်းကြီးကလည်း နှစ်ရှည်၏။ ကိုယ်ခန္ဓာအင်အားမရှိလျှင် လူနာ၏ရောဂါပိုးတို့ကို ကြောက်ရွံ့ရပေသည်။ မှတ်ဉာဏ်ကောင်းကောင်းရရန်အတွက် အအိပ်အနေအစား သုံးပါးလုံး ညီမျှဖို့လိုပေသည်။ ဘော်ဒါကျောင်းသူများမှာ မနက်အစောကြီးအတွက် ထမင်းစားရန်လည်း ကောင်းစွာအဆင်သင့်နိုင်မည်မဟုတ်ပေ။ ထိုဘော်ဒါကျောင်းသူများအတွက် ကျောင်းနှင့်နီးနီးနားနားတွင် ကျောင်းသူအားလုံး လုံလောက်စွာနေနိုင်သည့် ကျောင်းဆောင်တစ်ဆောင်ရှိရန် သင့်ပေသည်။

ဆေးကျောင်းသားများအတွက်ကိုလည်း... ဆေးကျောင်းရှေ့တွင် ကျောင်းဆောင်ဆောက်နေသည်ကို တွေ့ရ၏။ သို့မဟုတ်လျှင် လတ္တာလမ်း ဆူဆူညံညံနေရာရှိ စိန်မေရီ အဆောက်အဦဟောင်းထဲတွင် နေရသည်မှာ တစ်ဒုက္ခပင်ဖြစ်လေသည်။ ၁၂ နာရီပြန်၍ ထမင်းစားပြီး ၁ နာရီ ချက်ချင်းပြန်၍ ကျောင်းတက်ရပြန်၏။ ဆေးကျောင်းသို့ ရောက်သောအခါ အပေါ်ထပ်ရှိ လက်ချာအခန်းထဲသို့ပြေးဝင်၍ လက်ချာလိုက်ရလေသည်။

ထိုနေ့က ဖာမကော်လော်ဂျီ (**pharmacology**) ခေါ် ဆေးဖျော်စပ်ခြင်း ကုသခြင်းနှင့်ဆိုင်သော ဆေးများအကြောင်းကို ဆရာမလုပ်သူက သင်ကြားသွား၍ လိုက်မှတ်ကြရ၏။ ထိုအချိန်ပြီးသောအခါ၌ လက်တွေ့ဖော်စပ်သောအခန်းထဲသို့ဝင်၍ သင်ပြသော ဆေးများကို တိုင်းထွာချိန်ယူပြီး ဖော်စပ်ရလေသည်။

တစ်ခါက ဝဲဆေးဖော်စပ်ကြရာတွင် ကျောင်းသားတစ်ယောက်က "ဘာပဲပြောပြော...၊ တို့တော့... ဝဲဆေးပဲ ဖော်စားတော့မယ်၊ ဆရာဝန်လုပ်ရတာ ပင်ပန်းတယ်..." ဟုဆိုကာ... ဝဲဆေးကို တစ်ဖုံကြီးဖော်စပ်

နေသည်ကို တွေ့ရသည်။ ပြီးတော့... ဝဲဆေးကို ဘောင်းဘီအိတ်ထဲ လစ်ထည့်သွားလေသလားမသိ... သူ့ဆေးဘူးကိုပါ မတွေ့ရတော့ပါ...။

ထိုနေ့က ဝဲဆေးလည်း မစပ်ကြရ၊ အစာကြေဆေးလည်း မဖော်ရဘဲ... ဆရာမကြီးက... လက်တွေ့ ခွေးကို မေ့ဆေးပေးရင်ခွဲပြီး နှလုံးလှုပ်ရှားခြင်းနှင့် သက်ဆိုင်သော အကြောင်းအရာကို သင်ကြားသဖြင့် ဝိုင်းပြီး ကြည့်ကြရသည်။

ခွေးကို မေ့ဆေးပေးပြီး... ဆရာတစ်ဦးက... ရင်ဘတ်ကို လွှနှင့် တိုက်သောအခါ သွားထဲကပင် ကျိန်းစပ်စပ်ဖြစ်လာမိလေသည်။ တချို့ ခွေးများမှာ ခွန်အားဗလကြီးမား၍ မေ့ဆေးပေးသောအခါ... တော်တော်နှင့် မမေ့ချင်ကြသည်ကို တွေ့ရ၏။ ကျွန်မတို့ဆေးကျောင်းသားများလည်း... အလုည့်ကျသောနေ့ရက်များတွင် မေ့ဆေးပေးနည်းကို သင်ကြရလေသည်။

စခါစက ကြွက်ဖြူကလေးတွေကို ပုလင်းကြီးထဲထည့်ပြီး မေ့ဆေးပေးရ၏။ ကြွက်ဖြူများက မမေ့မြောခင်ပင် ကျွန်မတို့မှာ မေ့ဆေးနံ့ကြောင့် မေ့ချင်ချင်ဖြစ်နေတတ်ကြလေသည်။ ကျွန်မတို့လည်း... မေ့ဆေးပေးပြီး ရင်ခွဲထားသော... ခွေး၏နှလုံးကို ပြွန်နှင့် ဆေးရည်အမျိုးမျိုး သွင်း၍ နှလုံးခုန်ပုံ... လေ့လာမှတ်သားပြီးသောအခါ... လေးနာရီရှိပြီဖြစ်သဖြင့် အတန်းဆင်းသွားလေသည်။

"ဟေး... ဘယ်သွားမလို့လဲ..."

"ကျွန်တော်လား...၊ ကျွန်တော်ကတော့ ဆေးရုံတစ်ခေါက် သွားကြည့်စရာရှိသေးတယ်...၊ ဟိုအဘိုးကြီးတစ်ယောက်ကို ဟောလစ်ဝယ်ပေးဖို့..."

ဆေးကျောင်းသားတစ်ယောက်က လွယ်အိတ်ကို ကမန်းကတန်း

လွယ်ပြီး ဆေးရုံဘက်သို့ ကူးပြေးတော့မည်ပြုစဉ် ကျောင်းသားတစ်ယောက်က ခါးကို ဆွဲထားသည်ကို တွေ့ရသည်။

"ဘာတော်သလဲ... အမျိုးလား..."

"မတော်ပါဘူး၊ ခုမှ ဆေးရုံတက်ရင်း သိရတာ၊ သနားစရာဗျာ...၊ အဘိုးကြီးက အသက်ကြီးမှ ဒုက္ခရောက်တာ... သားသမီးတွေလည်း သေကုန်ပြီတဲ့...၊ အခု အသက်ကြီးတော့ လက်သမားလည်း လုပ်မစားနိုင်တော့... အစားအသောက် ဆင်းရဲပြီး ဖောရောင်လာလို့ ဆေးရုံရောက်လာတာ...၊ အခုတော့ နည်းနည်းသက်သာသွားပါပြီ..."

"ဒီလိုဆို... ကျွန်တော်လည်း... လိုက်ကြည့်မယ်ဗျာ..."

ကျောင်းသားနှစ်ဦး၏ စကားသည် ရုတ်တရက် နားထောင်ကြည့်လျှင်တော့ တန်ဖိုးမရှိသလို ထင်ရပေမည်။ သို့သော် သူတို့၏ စေတနာတရားသည်ကား ဆေးသိပ္ပံပညာ၏ အခြေခံသဘောထားကို ပေါ်လွင်စေလေသည်။ လေးစားထိုက်လှပေသည်။

ဆေးရုံတွင် ချို့ငဲ့သော လူနာတို့၏ အရင်းခံရောဂါမှာ အစားအသောက်အနေအထိုင် မကောင်းခြင်းကစ၍ ရရှိလာကြခြင်း ဖြစ်သည်ကို တွေ့ရ၏။ အစားအသောက် ချို့တဲ့ဆင်းရဲခြင်းမှာလည်း ရောဂါပိုးတို့ဝင်ရောက်နိုင်ရန်အတွက် အခွင့်အရေး တစ်မျိုးသာခြင်းပင် ဖြစ်လေသည်။

ဆရာဝန်များသည် လူနာအမျိုးစုံ အတန်းစားအမျိုးစုံတို့၏ ရောဂါဝေဒနာပပျောက်ရေးအတွက် အရင်းနှီးဆုံးမေးမြန်းစမ်းသပ်ကြည့်ရှုကုသကြရသဖြင့် ဘဝပေါင်းစုံတို့ကို လေ့လာကြရပေသည်။ မည်သို့ပင်ဖြစ်စေ ဝေဒနာရှင်၏ရောဂါ သက်သာရာရမှု ပပျောက်မှုသာလျှင် သူတို့၏ စိတ်ချမ်းမြေ့မှုပင် ဖြစ်နိုင်စရာရှိတော့သည်။

တစ်ခါက အခန်းနံပါတ် ၁၇–၁၈ တွင် ဆရာဒေါက်တာဦးကြီးပေါ်က ရှေ့ကနေ၍ လူနာများကို ကြည့်ရှုသွားရာ ဆေးကျောင်းသူ

ကျောင်းသားတစ်စုက နောက်ကတကောက်ကောက် လိုက်ပြီး ရေးမှတ်ကြရင်း အသက် ဆယ်နှစ်ခန့် ကလေးကလေး၏ခုတင်အနားသို့ ရောက်သွားကြ၏။ ကလေး၏ဒဏ်ရာမှာ ပါးစပ်မှဖြစ်နေ၏။ ပါးတစ်လျှောက် အပေါ်ဘက်တွင် အသားတစ်များ အတုံးလိုက်ထွက်၍ တောက်လျှောက် ပေါက်သွားသည်ကို ပြေပြစ်အောင် ချုပ်ပေးထားရသည်ကို တွေ့ရသည်။

"ကလေး... ဆေးရုံကမဆင်းနဲ့ဦး... ကလေးပါးစပ်နဂိုအတိုင်း မလှချင်ဘူးလား"

ဟု ဆရာက မေးသောအခါ ကလေးက ခေါင်းအတွင်ယမ်းပြီး နှုတ်ခမ်းကလေး တရွဲ့ရွဲ့နှင့် ငိုလေသည်။

"ကျွန်တော်... ပြန်တော့မယ်... ရွာမှာ အဘိုးနဲ့ အဘွားပဲကျန်ရစ်တယ်... ကျွန်တော်က ထင်းခုတ်ပြီး လုပ်ကျွေးရတာ... ကျွန်တော်ပြန်ရမှာပေါ့..." ဟုဆိုကာ ဝမ်းနည်းဝမ်းနည်းရှိုက်ပြီး မျက်ရည်တွေစီးကျလာသည်ကို တွေ့ရရာ အားလုံးပင် စိတ်မကောင်းဖြစ်ကြရလေသည်။ ဆေးကျောင်းသူတစ်ယောက်ကတော့ နောက်ကနေ သူပါရောငိုမိတော့မှာပဲဟု ပြောနေသံကို ကြားလိုက်ရ၏။

ရန်ကုန်ဆေးရုံကြီးတွင် နယ်မှရောဂါ ဝေဒနာရှင် အမျိုးမျိုးတို့ လာရောက်ကုသနေကြရသည်ကို အများအပြားပင် တွေ့ရှိရလေသည်။ နယ်အတွက် ဆရာဝန်များ လုံလောက်စွာရရှိနိုင်ရေးမှာ မိဘနှင့်တူသော အစိုးရ၏အားပေးကူညီစောင့်ရှောက်ခြင်း၊ ဆရာသမားများ လုံလောက်စွာရှိခြင်း၊ ၎င်းဆရာသမားများ သင်ကြားသောပညာရပ်များကို ကျောင်းသားများက ကြိုးစားအားထုတ်လေ့လာခြင်း၊ စသည့်အချက်များ အပေါ်၌ မူတည်၍ ဆေးသိပ္ပံအတတ်ပညာတတ်မြောက်ရမည်ပင် ဖြစ်ပါ၏။

ဆေးကျောင်းသူ ကျောင်းသားတို့၏ တာဝန်ကား၊ ဆေးသိပ္ပံပညာ

တတ်မြောက်ရေးအတွက် မနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက်... ဆေးရုံသို့အရောက်ဆေးကျောင်းသို့ အရောက်ပြေးသွားကြရမည်ဖြစ်၏။ ဘာသာရပ်များ လက်တွေ့သင်တန်းများ၊ လူနာများကို ကောင်းမွန်စွာ လေ့လာမှတ်သားကြည့်ရှုရမည်ဖြစ်ရာ၊ မိမိကိုယ်ပင် မိမိမေ့ပြီး ပညာရပ်များတွင်သာ စိတ်ဝင်စားနေသည်ကဲ့သို့ ထင်မှတ်ရပေသည်။

ထိုအခါမျိုးတွင် မိမိကိုယ်ကိုမိမိ ယောကျ်ား–မိန်းမဆိုသည်ကိုပင် သတိမရနေတော့ဘဲ... ရောဂါဝေဒနာရှင်တို့၏ ရောဂါပပျောက်ရေးအတွက်ကိုသာ သတိရ၍နေပေမည်။ ဤသို့လျှင် သွားလာ လှုပ်ရှားဟန်ကအစ... ဆေးကျောင်းသူများသည် အမျိုးသမီးမဆန်ဟု သံသယရှိနေစရာဖြစ်နိုင်သော်လည်း... ရောဂါဝေဒနာရှင်တို့ကို ကြင်နာယုယစွာ စောင့်ရှောက်အပ်သော နှလုံးသားကတော့ အစဉ်သဖြင့် သဘာဝမိခင်စိတ်မျိုးကိန်းအောင်းတည်ရှိနေလိမ့်မည်ဟု ယုံကြည်မိပါသတည်း...။

ရှုမဝ။

❐



## ယုဝတီခင်ဦး

ရန်ကုန်ဇာတိ။ ၁၉၃၀ ဇူလိုင် ၂ ဖွား။ အဖ အငြိမ်းစား ဆရာဝန်ကြီး ဦးလှမောင်၊ အမိ ဒေါ်ခင်ရီ။ ငယ်မည် အတူး၊ အမည်ရင်း ဒေါ်ရီရီလှ။

ဒုတိယကမ္ဘာစစ်အတွင်းက ကွမ်းခြံကုန်းမြို့တွင် နေထိုင်ခဲ့စဉ် မင်းသုဝဏ်၊ တက်တိုး၊ နုယဉ်တို့နှင့် နီးစပ်ခဲ့ပြီး "ကွမ်းခြံကုန်း ရှုယဉ်" ကလောင်အမည်ဖြင့် စာစရေးသည်။

၁၉၄၈ တွင် ရန်ကုန်တက္ကသိုလ်၌ ပညာ ဆက်လက်သင်ယူခဲ့ရာ ၁၉၅၇ တွင် အမ်ဘီဘီအက်စ်ဘွဲ့ရသည်။ ၁၉၆၂ တွင် အင်္ဂလန်သို့ သွားရောက်၍ ကလေးသူငယ်ကျန်းမာရေးဆိုင်ရာ ကုသမှုပညာကို နှစ်နှစ်ကြာ ဆက်လက်ဆည်းပူးခဲ့သည်။ ၁၉၆၄ တွင် ရန်ကုန်မြို့ ကလေးဆေးရုံ လက်ထောက်ဆေးရုံအုပ်၊ ၁၉၈၃ တွင် ရခိုင်ပြည်နယ်၊ စစ်တွေဆေးရုံကြီး၌ ကလေးအထူးကု ဆရာဝန်ကြီးအဖြစ် အမှုထမ်းခဲ့ပြီး၊ ၁၉၈၅ နောက်ပိုင်းတွင် ကျန်းမာရေးဦးစီးဌာနတွဲဖက်ညွှန်ကြားရေးမှူးအဖြစ် ဆက်လက် အမှုထမ်းသည်။

အသက် ၁၅ နှစ်အရွယ်မှစ၍ **ဒီးဒုတ်**ဂျာနယ်၊ **ဂျာနယ်ကျော်** တို့တွင် စာများ ရေးလာခဲ့သည်။ "မရွှေဦး" ကလောင်အမည်ပွားဖြင့်လည်း စာများရေးခဲ့သည်။ ၁၉၄၆ တွင် ယုဝတီကလောင်ရှင်ဘွဲ့ရခဲ့ပြီး ၁၉၄၈ ယုဝတီဘွဲ့ ရလာသောအခါ ကလောင်အမည်သည် "ယုဝတီခင်ဦး" ဖြစ်လာသည်။